
www.burmeseclassic.com



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# သူများတွေကို မပြောပြနဲ့

သတိုးဇော

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက် ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ပန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၃၁၀၀၃၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၅၁၈၀၅၀၉

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ ၁၀၀၀၊ တန်ဖိုး ၁၀၀ ကျပ်

သူများတွေကိုမပြောပြနဲ့ / သတိုးတေဇ။–ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ ၊ ၂၀၀၉။
၁၆၅–စာ ၊ ၅" x ၇" စင်တီ။ (၁) သူများတွေကိုမပြောပြနဲ့

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

တန်ဆောင်းမုန်းလကွယ်ည····။

ကောင်းကင်တွင် မှိန်ပျပျ ကြယ်တစ်ချို့နှင့် တိမ်ညိုတိမ်မည်းများသာ ရှိသောကြောင့် ဝန်းကျင်တစ်ခုလုံးကပင် ပိန်းပိတ်အောင် မှောင်နေသည်။ လယ်ကွင်းပြင်များကို ဖြတ်၍ တိုက်ခတ်လာသော ဆောင်းလေကလည်း အရိုးကွဲမတတ် အေးစိမ့်လွန်းနေ၏။

ညက အနက်ရောင်ဝတ်ရုံလွှာကို ခြုံလွှမ်း၍ အိပ်မောကျနေသည့်အလား တိတ်ဆိတ်ငြိမ်သက်လျက်···။

တစ်ခါတစ်ရံ လေတိုးသွားသောကြောင့် စပါးပင်တွေ၏ တရှဲရှဲ ပွတ်တိုက်မြည်သံကတော့ အလျှင်လိုနေသည့်ပုံက အထင်းသား ပေါ်လွင်နေ၏။

"ဗွပ်"

www.burmeseclassic.com

www.burmeseclassic.com



မြေသားခပ်ပျော့ပျော့ဘက်မှ လျှောက်လာမိသောကြောင့် သူမ၏ ဖိနပ်တစ်ဖက်က ရွှံ့ထဲသို့ နစ်ဝင်သွား၏။

"ကျွတ်…ဒုက္ခပါပဲ"

စုပ်တစ်ချက်သပ်ရင်း သူမစိတ်ပျက်လက်ပျက် ညည်းတွားသည်။ ထို့နောက် ခန္ဓာကိုယ်ကို အနည်းငယ်ကိုင်းလိုက်ပြီး နစ်ဝင်သွားသည့် ဖိနပ်ကို အားနှင့်ဆောင့်ဆွဲထုတ်လိုက်၏။

"ဖွက်"

ဖိနပ်က ရွှံ့ဖွက်တွေနှင့်အတူ ပြုတ်ပြီးပါလာသည်။ လက်ထဲမှ ဖိနပ်အပြတ်ကိုကြည့်ပြီး ဆိုးရွားလွန်းနေသည့် ကံကြမ္မာကိုသာ သူမ ခပ်တိုးတိုး ကျိန်ဆဲလိုက်သည်။

သူမ စိတ်ပျက်သွားဟန်ဖြင့် ကျန်သည့် ဖိနပ်တစ်ဖက်ကိုပါ ချွတ်ထားခဲ့ပြီး ခြေဗလာဖြင့် ဆက်လျှောက်လာခဲ့တော့သည်။

လေကလည်း အေးစိမ့်နေသည့်အပြင် ဟူးဟူးဟဲဟဲဖြင့် မြည်အောင် ညာသံပေးတိုက်ခတ်လာကြောင့် အအေးသက်သာစေရန် ဟနေသောရင်ဘတ်မှ အင်္ကျီနှစ်စကို တင်းတင်းဆွဲစေ့ထားလိုက်ရသည်။ ညီမအငယ်ဆုံး ဆုံးသွားသည့်အတွက်သာ လာခဲ့ရပြီး သူမအဖို့တော့ သည်ခရီးက အစစအရာရာ အဆင်မပြေခဲ့။

ဒီခရီးကို ခင်ပွန်းဖြစ်သူနှင့် အတူတူလာဖို့ စီစဉ်ထားပြီးခါမှ တစ်ဦးတည်းသောသား ဒီမိုးက အပြင်းဖျားနေသဖြင့် ခင်ပွန်းဖြစ်သူ ကိုမိုးသန့်က သားလေးကို ပြုစုစောင့်ရှောက်ရန် အိမ်မှာနေခဲ့ရသည်။

လာပြန်တော့လည်း အဆင်ကမပြေပြန်…။ သူမတို့ နယ်ဘက်ကို ပြေးဆွဲသော အဝေးပြေးလိုင်းကားတွေက အိုဟောင်းလွန်းလှသဖြင့် လမ်းတွင် ခဏခဏပျက်လာပြီး ရွာထိပ်သို့ ည ရှနာရီလောက်မှ ရောက်လာခဲ့ရသည်။

တကယ်တမ်း ရွာထိပ်ဟုခေါ်သည့် နေရာမှာတော့ ခေါင်းလောင်းအိုင်ရွာသို့ ၂ မိုင်နှင့် ၄ ဖာလုံဆိုသော လမ်းညွှန်အမှတ်အသားမှအပ တခြားထွေထွေထူးထူး ဘာမျှမရှိ။



ပိုဆိုးသည်က ညမှောင်သွားပြီဖြစ်၍ ခါတိုင်းရှိနေကြ လှည်းကြုံတောင် မရှိတော့သည့်အပြင် လူရိပ်သူခြေပင် ကင်းနေသည်။

ထို့ကြောင့် သူမ တစ်ယောက်တည်း ညအမှောင်ထဲတွင် လျှောက်လာခဲ့ရသည်။ ပုံမှန်အတိုင်းဆိုရင်တော့ ရွာကိုသွားလျှင် ဖြတ်သွားရသော ဒီလမ်းခရီးကို သူမ တစ်ယောက်တည်းမဆို ထားနှင့် အဖော်ပါရင်တောင် မသွားရဲ…။

ခုတော့ ညီမအငယ်ဆုံး၏ အသုဘကိုမီရန်အတွက် ဖြတ်သွားရသော ခေါင်းလောင်းအိုင်ကြီးဖြစ်ပြီး ဒီနယ်ဘက်တွင်တော့ သရဲတစ္ဆေ အလွန်ခြောက်သောကြောင့် မသိသူမရှိအောင် နာမည်ကြီးသည်။

တစ်ချို့ လက္ခယ်နေ့မျိုးဆို ထိုအိုင်ကြီးအတွင်းမှ သွေးပျက်စရာကောင်းသော အော်ညည်းသံကြီးများနှင့် မရဏခေါင်းလောင်းသံများကို ကြားရလေ့ရှိသည်။ ကိုလိုနီခေတ်က တော်လှန်ရေးသမားများကို ထိုအိုင်ကြီးအတွင်းတွင် ရက်ရက်စက်စက် ရေနစ်သတ်ခဲ့သောကြောင့် အစိမ်းသေ သေပြီး မကျွတ်မလွတ်သေးသော သရဲတစ္ဆေများ အိုင်ကြီးအတွင်း၌ ခိုအောင်းနေသည်ဟု လူကြီးများက ပြောလေ့ရှိသည်။ အထူးသဖြင့် သည်လို တန်ဆောင်မုန်းလက္ခယ်ညမျိုးဆို အိုင်အတွင်းမှ လူသေတွေ ထ ထလာပြီး ကုန်းပေါ်သို့ တက်လာတတ်သည်ဟု သူမ ကြားဖူး၏။ ထိုအချိန်တွင် ခေါင်းလောင်းသံတွေကိုလည်း တချွင်ချွင်မြည်အောင် ကြားရတတ်၏။ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို ရွာ၏သင်္ချိုင်းကုန်းက ထိုအိုင်ဘေးတွင် ကပ်လျက်ရှိနေခြင်းကလည်း ပို၍ပင် သွေးလန့်ချင်စရာ ကောင်းနေပြန်သည်။ အိုင်ကြီးအကြောင်းကို စဉ်းစားမိသောကြောင့် ကြက်သီးဖျန်းခနဲထသွားပြီး ကပျာကယာ ဘေးဘီဝဲယာကို ကြည့်လိုက်၏။

အိုင်ကြီးကတော့ ညအမှောင်ထဲတွင် လူတစ်ယောက် ဝတ် လက်လှန်အိပ်နေသလိုမျိုး တိတ်ဆိတ်ငြိမ်သက်ဆဲ…။

ချက်ချင်းဆိုသလို ချောက်ချားစရာကောင်းသည့် အတွေးတစ်ခု

www.burmeseclassic.com



များ ကို သူမ၏ စိတ်ထဲမှ ကြိုးစားမောင်းထုတ်ရင်း အိုင်ကြီး၏အောမှ လယ်ကန်သင်းရိုးတစ်ခုကို ဖြတ်ကျော်လျှက်ရှိသည်။

ဒီအချိန်မှာ…ငါ ဒါတွေကို တွေးကြောက်နေလို့ မဖြစ်ဘူး။

စိတ်ကိုမောင်းတင်လိုက်ပြီး သူမက ခြေလှမ်းတွေကို အရှိန်ထပ်မြှင့်လိုက်သည်။

သို့တိုင်အောင်…

သူမစိတ်တွေက မတည်ငြိမ်သေးဘဲ တစ်စုံတစ်ရာကို တွေးကြောက်နေသလိုမျိုး အယိမ်းယိမ်း အယိုင်ယိုင် ဖြစ်နေသည်။ ခြေဖျားလက်ဖျားတွေက အေးစက်လာ၏။ ခြေအစုံကိုလည်း အားစိုက် ရွှေ့နေရသည့်အ…ွက် နှလုံးခုန်နှုန်းမြန်သထက် မြန်လာပြန်သည်။

လျှောက်လာရင်း ဟိုး…ခပ်ဝေးဝေးဆီမှ မီးအလင်းရောင်တွေ့လိုက်ရသောကြောင့် အားတက်သွားသည်။

ရွာတောင် လှမ်းမြင်နေရပြီးပဲ…။

သူမခပ်တိုးတိုး ရေရွတ်ရင်း ခရီးဆောင်အိတ်ကို ရင်ခွင်ထဲသို့ ဆွဲပွေ့ထားလိုက်၏။ ထိုအချိန်တွင် လေက တစ်ချက်ဆောင့်တိုက်လိုက်သည်။

အေးခနဲ ဖြစ်သွားသော အထိအတွေ့နှင့်အတူ သူမကြားရလိုက်သည်က…

"ချွင်…ချွင်…ချွင်…"

ရုတ်တရက်ဆိုသလို အမှောင်ထုထဲမှ လွင့်ပျံလာသည့် ခေါင်းလောင်းသံကြောင့် သူမနှလုံးသားတစ်ခုလုံး သွက်သွက်ခါလာပြီး ခြေလှမ်းတွေပင် တုံ့ရပ်သွား၏။

"ဟင်…ခေါင်း…လောင်း…သံ…တွေ"

သူမကြောက်လန့်တကြား ရေရွတ်လိုက်သံနှင့်အတူ မရဲတရဲအကြည့်က အမှောင်ထဲသို့ ရွေ့လျားသွားသည်။ အမှောင်ထုက ကိုယ်လက်အင်္ဂါကိုပင် သဲသဲကွဲကွဲ မမြင်နိုင်အောင် မှောင်မည်းနေ၏။ ဆောင်းညက ရုတ်တရက် အသက်မဲ့သွားသလို ပြန့်ပြီး အေးစက်



တိတ်ဆိတ်သွားသည်။ လေတိုးသံကိုတောင် မကြားရတော့ပေ…။

ငါများ စိတ်ကယောင်ချောက်ချားဖြစ်နေတာလား?

ထိတ်လန့်ကြောက်ရွံ့စိတ်ကြောင့် သူမ၏ အာခေါင်တွေ ခြောက်လာပြီး နှလုံးအိမ်ပင် တဆတ်ဆတ်တုန်ယင်နေသည်။

ခန္ဓာကိုယ်ကလည်း ကြောက်စိတ်လွှမ်းမိုးသွားသောကြောင့် ချွေးချေးများနှင့် အေးစက်စိုစွတ်လာသည်။

ခြေထောက်တွေကလည်း အားများမတင်းထားလျှင် ညွှတ်ခွေပျော့ကျသွားမလား မသိ…။

မဖြစ်ဘူး…မဖြစ်ဘူး… ငါဒီနားက မြန်မြန်သွားမှ…။

ထိုအတွေးနှင့်အတူ ဒယီးယိုင်ဖြစ်နေသော သူမခြေထောက်တွေကို အမှောင်ထဲသို့ ရွှေ့လိုက်၏။ ဖိနပ်မဲ့နေသော သူမ ခြေဖဝါးမှ အေးခနဲ့ အေးခနဲ ဖြစ်သွားသော အထိအတွေ့ကလည်း သူမကို ပြန်ပြီး ခြောက်လှန့်နေသလိုလို…။

ဖြစ်ညှစ်အားတင်း လျှောက်နေရသည့်အတွက် ခြေလှမ်းတွေက ဦးတည်ရာသို့မရောက် အယောင်ယောင် အမှားမှား…။

သူမ လျှောက်နေသည့်လမ်း၏ လေးဘက်တွင်တော့ အိုင်ကြီးက သူနှင့်မဆိုင်သလို ငြိမ်သက်တိတ်ဆိတ်နေသည်။

လေကလည်း စပါးပင်တွေကြားမှ တိုးဝှေ့တိုက်ခတ်နေ၏။

ဟုတ်ပါတယ် ခုနက ခေါင်းလောင်းသံက ငါနားကြားလွဲတာပါ။ ဘာပဲဖြစ်ဖြစ် ငါရွာကို ရောက်အောင်သွားရမယ်။

ယောက်ယက်ခတ်နေသည့် အတွေးတွေနှင့်အတူ ဒယီးဒယိုင်ဖြစ်နေသော သူမ၏ခြေထောက်တွေကို ပြန်တည့်မတ်လိုက်၏။

ထိုအချိန်မှာပင်…။

"ချွင်…ချွင်…ချွင်"

"ချွင်…ချွင်"

"ဟင်… ဒီတစ်ခါတော့ ငါနားကြားမလွဲတာ သေချာတယ်။ ဒါ… ဒါ အိုင်ထဲကလာတဲ့ မရဏခေါင်းလောင်းသံတွေပဲ–"

www.burmeseclassic.com



သူမ စဉ်းစား၍ မဆုံးခင်မှာပင် ကျောချမ်းစရာ ခေါင်းလောင်းသံကို သဲသဲကွဲကွဲ ထပ်ကြားလိုက်ရပြန်သည်။

''ချွင်...ချွင်...ချွင်...ချွင်...''

သူမ ဒီတစ်ခါတော့ ကြောက်ရွံ့မှုဒဏ်ကို ဘယ်လိုမှ တောင့်မခံနိုင်တော့...။ ပွေ့ထားသော အိတ်ကို မြေကြီးပေါ်သို့ ပစ်ချလိုက်ပြီး ထွက်ပြေးဖို့ ဟန်ပြင်လိုက်စဉ်မှာပင်...

လေနှင့်အတူ ဒိုက်ပုတ်နံ့လိုလို အနံ့ဆိုးကြီးတစ်ခုကိုပါ သူမ ရှူရှိုက်လိုက်ရသည်။

''ဟင်...ဘာ...နံ့...ကြီး...လဲ''

လူသေတွေ ထလာတာလား?

တဆတ်ဆတ်တုန်ယင်နေသော သူမ၏ နှုတ်ခမ်းလွှာကြားမှ ချောက်ချားတုန်လှုပ်နေသည့် အသံတွေက ပိုမို ပွင့်အံကျလာ၏။ စိတ်ထိန်းနေသည့်တိုင် အသံတွေ တုန်နေဆဲ...။

ဒလဟောတိုးဝင်လာသော ကြောက်စိတ်တွေကြောင့် ခြေထောက်တွေက ညွတ်ခွေကျလုမတတ်...။ ကျောရိုးတစ်လျှောက်လည်း စိမ့်တက်သွားပြီး ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။

ထို့ကြောင့် သူမ အားကုန်ဆောင့်ပြေးထွက်လိုက်တော့သည်။

သို့သော် သူမ သိပ်ကြာကြာ မပြေးလိုက်ရ။

ခြေထောက်တွေက ပုံမှန်မဟုတ်သည့် အေးစက်ပျစ်ချွဲနေသည့် အရာတစ်ခုထဲသို့ နစ်ဝင်သွား၏။

အောင်...မ...လေး

ကယ်...ကြ...ပါ...ဦး...ရှင်

သူမ အာခေါင်ခြစ်အော်နေပေမယ့် အထစ်ထစ် ငေါ့ငေါ့ ဖြစ်နေသော အသံတွေက လည်ချောင်းဝမှပင် ထွက်မလာတော့...။

ဖန်းကျင်တစ်ခုလုံးလည်း ကယ်မည့်သူမရှိသည့်အပြင် တဝေါဝေါ မြည်နေသည့် လေတိုက်သံတွေက သူမအပေါ်သို့ ဖုံးအုပ် လွှမ်းခြုံထားသည်။



နစ်ဝင်နေသည့် ခြေထောက်တွေကို သူမ လက်ဖြင့်ဆွဲထုတ်ဖို့ ကြိုးစားလိုက်စဉ်မှာပင်...

''ချွင်...ချွင်...ချွင်''

သူမ နောက်ကျောဘက်မှ ရုတ်တရက် ထွက်ပေါ်လာသော ခေါင်းလောင်းသံကြောင့် လိပ်ပြာလွင့်မတတ် ထိတ်လန့်သွားပြီး နှလုံးပင် ဆောင့်ခုန်တက်သွား၏။

ချက်ချင်း နောက်သို့အလန့်တကြား လှည့်ကြည့်လိုက်သည်။

ဘာမှမရှိ။ တကယ်ကို ဟာလာဟင်းလင်းဖြစ်နေသည်။

သို့သော်... အဲသည့် အခိုက်အတန့်လေးအတွင်းမှာပင်...

လေပြင်းတစ်ချက်က သူမ၏ ခန္ဓာကိုယ်ပေါ်သို့ ဗလုံးဗထွေး ဖြတ်တိုက်သွားသည်။ ထိုလေနှင့်အတူ ဒိုက်ပုတ်နံ့တွေက ထောင်းထောင်းထသွား၏။

ဟင်...ဒါ...ဒါ... လူသေလောင်းတွေဆီက ရွံ့နံ့လား!

ချက်ချင်းဆိုသလို လဲကျနေရာမှ သူမ ကုန်းရုန်းထပြီး သည်းခြေပျက်သွားသော အရူးတစ်ယောက်ကဲ့သို့ တစ်ဟုန်ထိုးပြေးလိုက်တော့သည်။

သို့သော်... သူမ အမောဆို့မတတ် ပြေးနေရသော်လည်း မရဏခေါင်းလောင်းသံက တချွင်ချွင်နှင့် လိုက်ပါကပ်ငြိနေဆဲ...။

ထိုအချိန်မှာပင်

''ဟင်''

သူမရှေ့တွင် မြင်လိုက်ရသည့် သွေးပျက်ရူးသွပ်စေနိုင်သော အရာတစ်ခုကြောင့် ခြေထောက်တွေက ဇက်ကြိုးဆွဲလိုက်သလို တန့်ကနဲ ရပ်သွားတော့၏။

လူတစ်ယောက်...။

ခေါင်းတစ်ခုလုံးက ဆံပင်တစ်မွေးမှ မရှိတော့ဘဲ ပြောင်ရှင်းနေသည်။

မျက်နှာပြောင်ချောကြီးပေါ်တွင်လည်း မျက်ခုံးပေါက်၊ နှာခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါက်တို့က သေးသေးကျူတ်ကျူတ်။

သေးကွေးပိန်လှီနေသော ခြေထောက်တွေကလည်း တစ်ဖက်ထဲရှိသည့်အပြင် လက်နှစ်ဖက်ကို လေထဲတွင် တစ်ခုခုလုပ်တော့မည့်ပုံဖြင့် ဆန့်တန်းထားသည်။ အရိုးစုလို ဖြစ်နေသည့် ခန္ဓာကိုယ်ကြီးက ရှေ့သို့ အနည်းငယ်လှုပ်ရှားလာသောအခါ…

"အောင်…မ…လေး"

ဟုသာ အော်လိုက်နိုင်ပြီး သူမ မြေပြင်ပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားလေတော့၏။

* * *



တကယ်တော့…

သူမအသက်ကို ပါသွားစေသည့်အရာကား…

စာခြောက်ရုပ် တစ်ရုပ်…

လည်ပင်းတွင် ခေါင်းလောင်းလေးတွေကို ဆွဲထားသည်။

သူမတို့ ရွာကို မနှစ်ကရောက်လာသော ရသေ့တစ်ပါးက ထိုအိုင်ကြီးအတွင်းမှ နာနာဘာဝများကို ခြောက်လှန့်ရန်အတွက် စီမံထားသော ယတြာအစီအရင် တစ်ခုပင်ဖြစ်သည်။

* * *

အကယ်၍…

သူမသာ အဖြစ်အပျက်အမှန်ကို သိသွားခဲ့ရင်…

ဒါမှမဟုတ်…

သူမသာ မကျွတ်မလွတ်နိုင်သော နာနာဘာဝတစ်ကောင်အဖြစ် ရှိနေခဲ့ရင်…

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

နားထဲတွင် တဂူဂူမြည်နေသည့် အသံတွေကို ကြားနေရသည်။ မျက်စိအတင်းမှိတ်ထားသည့် ကြားမှပင် ပြာလဲ့လဲ့ အလင်းရောင်က မျက်စိအမြင်လွှာပေါ်တွင် တလူပ်လူပ်နှင့် လာရောက်ထိခတ်နေသည်။ အသက်ရှူမဝသဖြင့် ရင်တစ်ခုလုံးက ပြည့်ကျပ်လာပြီး…

နောက်ဆုံးတွင်တော့ မခံရပ် နိုင်တော့သဖြင့် ဒီမိုးက ရေမျက်နှာပြင်ထက်သို့ ဘွားခနဲ ထိုးတက်လိုက်ရလေတော့၏။

"ဖူး…ဟူး…ဟောဟဲ….ဟောဟဲ"

"ဟေး…ဟေး… ဒီပွဲမှာတော့ ဒီမိုးက ၁ မိနစ်နှင့် ၄၆ စက္ကန့်နဲ့ အနိုင်ရသွားပါတယ်ခင်ဗျာ"

"ဟာ…သွားပါပြီကွာ…၊ ငါတို့တော့ ဒီကောင့်ကို ဒကာခံရတော့မယ်"

ဒီမိုး အသက်ကို မနည်းဝအောင်ရှူနေရင်း ရေကူးဘောင်ပေါ်မှ



ဝင်းဇော်တို့ကို ကြည့်လိုက်သည်။

ဝင်းဇော်က အချိန်သတ်မှတ်ထားသည့် နာရီကို ညီညီနှင့် ကောင်းမြတ်တို့ကို လိုက်ပြ၏။ ကောင်းမြတ်နှင့် ညီညီကတော့ စိတ်ပျက်သွားသည့် အမူအရာဖြင့် ခေါင်းကို တဗျင်းဗျင်းကုတ်လျှက်…။

ဒီမိုးက ရေးကူးကန်ပေါ်သို့ လှေကားမှ တက်လာရင်း…

"ကဲ… မင်းတို့တွေ ငါ့ကို လိုက်ကျွေးကြတော့၊ ငါနိုင်ပြီ"

"ဟာကွာ….ဒီနေ့ပိုက်ဆံသိပ်မပါပါဘူးဆိုမှ"

ကောင်းမြတ် စိတ်ပျက်လက်ပျက် ညည်းညူနေသည့်ပုံကို ကြည့်ပြီး ဒီမိုးသဘောကျစွာ ရယ်မောလိုက်သည်။

ဒီကောင်က အမြဲဒီလိုပင်။ သူတို့ တစ်ပတ်တစ်ခါ ရေလာကူးပြီး ရေငုပ်ပြိုင်တိုင်း သူရှုံးပြီဆို ဘယ်တော့မှ လွယ်လွယ်ကူကူနှင့် မကျွေး။

အခုလည်း ဒီမိုးအများကြီး လျှောက်စားမှာစိုးသောကြောင့် ပိုက်ဆံသိပ်မပါဘူး လုပ်နေပြန်သည်။ ဒီမိုးက ခန္ဓာကိုယ်ပေါ်မှ ရေကို ခါထုတ်ရင်း…

"ကောင်းမြတ်ရာ… သိပ်လဲစိတ်မပူမနေပါနဲ့။ နောက်အပတ်ကျမှပဲ ပေါင်းစားတော့မယ်။ မင်းလိုက်ကျွေးမယ်ဆိုရင်တောင် ငါဒီနေ့ မအားပါဘူးကွာ"

ဒီမိုး စကားကြောင့် အားလုံးအံ့အားသင့်သွားကြပြီး ဝင်းဇော်က

"မင်းကလည်း… ဘယ်လိုဖြစ်တာလဲကွာ။ ဒီနေ့ ကောင်းမြတ်ကို အပီညှဉ်းရမယ့် နေ့လေကွာ…"

"ဟုတ်တယ်လေကွာ…ခါတိုင်းဆို မင်းက မသဒ္ဓါအောင် စားနေကျပဲ။ ပြီးတော့ ငါတို့ဒီနေ့ Snooker ထိုးဖို့ ပြောထားသေးတယ်လေ…"

ဝင်းဇော် စကားကို ညီညီကပါ ဝင်ထောက်ခံလိုက်သည်။

ဒီမိုးကတော့ သက်ပြင်းကို ချရင်း…

"ဒီနေ့ ငါ့အဖေက အရမ်းရှားပါးတဲ့ ရှေးဟောင်းပစ္စည်းတစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ထားလို့ သွားဝယ်မလို့ကွ…။ အဲဒီပစ္စည်းကလည်း မှာထားတဲ့လူရှိတယ်လေ။ အဲဒါကြောင့် ငါဒီနေ့ ဆိုင်သွားစောင့်ပေးရမှာကွ…"

ကောင်းမြတ်က လေတစ်ချက်ချွန်လိုက်ပြီး ပျော်ရွှင်သည့်မျက်နှာဖြင့်…

"ဟဲ…ဟဲ… သူတော်ကောင်းဆိုတာ ဒီလိုပဲကွ အမြဲကံကောင်းတတ်တယ်။ သူငယ်ချင်းကြီး ဒီမိုး သွား…သွား… နောက်ကျနေဦးမယ်"

"ငါတွေ့ဖူးတဲ့ သူတော်ကောင်းဆိုတာ မင်းလိုပုံစံမဟုတ်ဘူးကွ ကောင်းမြတ်ရ။ ကဲ…ကဲ…ငါသွားပြီဟေ့…။ မင်းတို့ပဲ ရေဆက်ကူးကြတော့"

ဒီမိုးက ပြောပြောဆိုဆိုနှင့် ရေပန်းဘက်သို့ လျှောက်လာသည်။ ထို့နောက် ကိုယ်လက်သန့်စင်ပြီး အဝတ်အစားလဲကာ ကျောပိုးအိတ်ကိုလွယ်၍ ထွက်လာခဲ့တော့၏။

* * *

ဆိုင်ကိုရောက်တော့ ဖေဖေက ဝယ်သူတစ်ယောက်နှင့် စကားပြောနေသည်။ ဒီမိုးက ဖေဖေ့ကိုကျော်ပြီး ဆိုင်ထဲသို့ ဝင်လာသည်။

ဆိုင်က အတော်အသင့်ကျယ်ဝန်းသော်လည်း များပြားလွန်းလှသည့် ရှေးဟောင်းပစ္စည်းတွေနှင့်ဆိုတော့ သူ့အဖို့ စိတ်ကျဉ်းကျပ်နေစေသလိုဖြစ်၏။

ဒီမိုး ဆိုင်လာတိုင်းတိုင်းလည်း ရှေးဟောင်းပစ္စည်းတွေက များများလာသည်ဟု ထင်မိသည်။ အမြဲတစေလည်း ထိုပစ္စည်းတွေက ပြောင်းလဲနေသည်။

အခုတစ်ခေါက် ဒီပစ္စည်းကို တွေ့ရပေမယ့် နောက်တစ်ခေါက်ဆို တွေ့ရချင်မှ တွေ့ရတော့သည်။ ဆိုင်က အဲသည်လောက်ကို အရောင်းအဝယ်သွက်၏။ ဒါကြောင့်ပင် ဖေဖေက ရှေးဟောင်းပစ္စည်းတွေနှင့် မအားနိုင်အောင် ဖြစ်နေပြီး အမြဲလိုလို အလုပ်ရှုပ်နေ၏။



ရှေးဟောင်းပစ္စည်း အသစ်အဆန်းရလာပြီဆိုရင် ဖေဖေက သားဒါက ဘာပစ္စည်း၊ ဒါကတော့ ညာပစ္စည်းပေါ့နှင့် အားရဝမ်းသာ ပြောတတ်သည်။

နှစ်တစ်ရာလောက်ရှိသည့် ကြွေပန်းအိုး၊ ၁၉ရာစုနှစ်က ကြေးစားပွဲဝိုင်း၊ နှစ် ၂၀၀လောက်ရှိသည့် လူအသုံးအဆောင်ပစ္စည်းတွေ၊ ကြေးအော်လန်ကြီးတွေနှင့် ဆိုင်တစ်ခုလုံးက ပြည့်နှက်နေသည်။

ထိုအချိန်မှာပင် ဝယ်သူထွက်သွား၍ ဖေဖေက ဒီမိုးအနားသို့ လျှောက်လာ၏။

"သားရေ… ခုနက မင်းအမေရွာက လူတစ်ယောက် ဆိုင်ကို လာသွားတယ်"

"ဟုတ်လား ဘာဖြစ်လို့တုန်း ဖေဖေ"

ဖေဖေက သက်ပြင်းကို လေးကန်စွာ ချလိုက်ပြီး…

"မင်းအဘိုး ဆုံးလို့တဲ့ကွ"

"ဟုတ်လား…ဖေဖေ၊ ဘာရောဂါလဲ"

"ဖေဖေလည်း မသိပါဘူးကွာ၊ အဲဒါ ဖေဖေကို ရွာကိုလာခဲ့ဖို့ လူကြုံနဲ့ မှာလိုက်တာ"

"ဟင် ဖေဖေက ရှားပါး ရှေးဟောင်းပစ္စည်းတစ်ခုကို သွားဝယ်မလို့ဆို…"

ဖေဖေက ဒီမိုးကို တစ်ချက်စိုက်ကြည့်လိုက်ပြီး

"အေး…ဟုတ်တယ် သားရဲ့…။ ဖေဖေစဉ်းစားထားတာတော့ သားကိုပဲ ဖေဖေ့ကိုယ်စားလွှတ်မလို့။ သားမေမေဘက်က အမျိုးတွေကလည်း သားမေမေ ဆုံးပြီးကတည်းက ဖေဖေ့ကို ရွာမလာလို့ အပြစ်တင်နေကြတာ။ ဖေဖေကလည်း သားမြင်တဲ့အတိုင်း အလုပ်မှ မအားတာကို…။ အခုတစ်ခါကျတော့ သားအဘိုးရဲ့ နာရေးကိစ္စလည်း ဖြစ်ပြန်တော့ မသွားလို့ကလည်း မဖြစ်ဘူး…။ အဲဒီတော့ သားပဲ ဖေဖေ့ကိုယ်စား သွားလိုက်ပါ။

ဒီမိုးက ဖေဖေ့စကားကြောင့် တွေဝေသွားမိသည်။ မေမေတော

www.burmeseclassic.com



သူငယ်ငယ်လေးထဲက ဆုံးပါးသွားသောကြောင့် ထိုရွာဘက်က အမျိုးတွေနှင့် သူနဲ့က မတွေ့ဖူး မမြင်ဘူးကြ။

သီတာဆိုလို့ ဖိုးပိန်နှင့် အောင်မောင်းတို့ နှစ်ယောက်သာရှိသည်။ ဒါတောင် အဲဒီနှစ်ယောက်က ရန်ကုန်ကိုလာရင် သူတို့အိမ်မှာ တည်းနေကျဖြစ်သောကြောင့် ရင်းနှီးနေခြင်းဖြစ်၏။

အဲဒီနှစ်ကောင်ကလည်း တကယ့် ဆိုး ပေတွေ။

''ဘာလဲ…သားက မသွားချင်လို့လား…''

ဒီမိုးက ဖေဖေ့စကားသံကြောင့် အတွေးစ ပြတ်သွားပြီး ဖေဖေကို ကြည့်လိုက်သည်။ ဖေဖေ့မျက်နှာပေါ်တွင် စိတ်ထိခိုက်သွားသည့် ဟန်က ရိပ်ခနဲ ဖြတ်သန်းသွား၏။

ဒီမိုးက ပျာပျာသလဲဖြင့်…

''မဟုတ်ပါဘူး…ဖေဖေ။ သားသွားချင်ပါတယ်။ သားသွားတဲ့အခါ ဘာတွေ ယူသွားရမလဲဆိုတာ စဉ်းစားနေတာပါ''

''သားက ခုနှစ်ရက်တစ်ပတ်လောက် နေရမှာဆိုတော့ အဝတ်အစားများများ ယူသွားပေါ့။ ပိုက်ဆံကိုလည်း ဖေဖေ့ ဘီဒိုထဲကနေ အလုံအလောက်ယူသွားဦး။ တော်ကြာလမ်းမှာ ပိုက်ဆံမလောက်လို့ ဒုက္ခရောက်နေဦးမယ်''

ဒီမိုးက ဖေဖေ့ကို ခေါင်းညိတ်ပြလိုက်၏။ ဖေဖေက လက်မှနာရီကို ကြည့်လိုက်ပြီး…

''အခုမှ ၁၂နာရီခွဲပဲရှိသေးတော့ ဒီနေ့သွားလို့ မီသေးတယ်။ ရွာဘက်သွားတဲ့ ကားတွေက သုံးနာရီခွဲမှ ထွက်ကြတာ။ လက်မှတ်ကို ဖေဖေဖုန်းနဲ့ ကြိုမှာထားလိုက်မယ်။ သားသွားလိုက်ပေါ့''

ဖေဖေက ပြောပြီးပြီးချင်း ဖုန်းထားရာနေရာသို့ လျှောက်သွားလိုက်သည်။ ဒီမိုးလည်း အဝတ်အစားထည့်ရန် ဆိုင်မှ အိမ်သို့ပြန်ဖို့ ခြေလှမ်းပြင်လိုက်စဉ်မှာပင်…

''သား ရွာရောက်ရင်လည်း မေမေ့အုတ်ဂူကို ဝင်ကန်တော့လိုက်ဦးနော်''



ဖေဖေလှမ်းပြောလိုက်သော စကားကို ဒီမိုးက ခေါင်းပြန်ညိတ်ပြလိုက်ပြီး အိမ်သို့ပြန်ရန် Taxi တစ်စီးကို လက်လှမ်းတားလိုက်လေသည်။

* * *

''ဒုက္ခပါပဲကွာ''

အဝတ်အစားတွေကို ခရီးဆောင်အိတ်ထဲသို့ ထည့်နေရင်း ဒီမိုးက ညည်းညူလိုက်သည်။ ခရီးဆောင်အိတ်က သေးနေသဖြင့် အဝတ်အစား လေးငါးစုံကိုတောင် အတင်းဖိသိပ်ထည့်နေရ၏။

မဖြစ်ဘူး…မဖြစ်ဘူး…ဖေဖေ့ခရီးဆောင်အိတ် ယူသွားမှ။

တစ်ပတ်လောက်နေရမှာဆိုတော့ အပျင်းပြေအောင် ငါကြိုက်တဲ့ သရဲဝတ္ထု သုံးလေးအုပ်လောက်လဲ ယူသွားမှဖြစ်မယ်။ ဒီမိုးက ထိုအတွေး နှင့်အတူ ဖေဖေအခန်းဘက်သို့ လျှောက်လာ၏။

အခန်းထဲသို့ ရောက်ရောက်ချင်းမှာပင် ဖေဖေ့ ခုတင်ခြေရင်း၌ ခရီးဆောင်အိတ် နှစ်လုံး သုံးလုံးကို တွေ့လိုက်ရသည်။

ဖေဖေက မကြာခဏဆိုသလို ခရီးသွားနေရသဖြင့် ခရီးဆောင်အိတ် ဆိုဒ်စုံကို ဆောင်ထားလေ့ရှိသည်။

ဒီမိုးက ထိုအိတ်တွေထဲမှ Adidas တံဆိပ်နှင့် အိတ်ကို ယူလိုက်၏။ ဒီအိတ်လောက်ဆို အတော်ပဲဟု ရေရွတ်ရင်း ဖေဖေ့ဘီရိုထဲမှ ပိုက်ဆံအချို့ကိုပါ ယူလိုက်သည်။

ပိုက်ဆံတွေကို ရေတွက်နေစဉ်မှာပင်…

''ရှပ်…ရှပ်…ရှပ်''

သူ့နောက်ကျောမှ ခြေသံလိုလိုအသံကို ကြားလိုက်ရသည်။ ဒီမိုး လှည့်ကြည့်လိုက်၏။

ကြောင်လေးရွှေဝါ…

တံခါးအကွယ်ကနေပြီး အခန်းအတွင်းသို့ဝင်ရန် ချောင်းနေသည်။

''ဟဲ့…ရွှေဝါ…ရှူး…ရှူး''

www.burmeseclassic.com



ဒီမိုးက ရွှေဝါကို ဟန့်လိုက်၏။ ဖေဖေက သူ့အခန်းထဲသို့ ကြောင်ဝင်သည်ကို မကြိုက်။ ရွှေဝါကိုလည်း ဒီမိုး မွေးချင်လွန်းလှသောကြောင့် ခွင့်ပြုထားပေမယ့် သိပ်တော့ သဘောကျပုံမရ…။

ဒီမိုးက ပိုက်ဆံကို အိတ်ကပ်ထဲသို့ထည့်ရင်း လှည့်ထွက်ဖို့ ပြင်လိုက်စဉ်မှာပင်…

ဖေဖေ့ကုတင်ခေါင်းရင်းရှိ စားပွဲပေါ်မှ မေမေ့ဓာတ်ပုံကို တွေ့လိုက်ရသည်။ ဒီမိုးက စားပွဲခုံပေါ်မှ မေမေ့ဓာတ်ပုံကိုယူပြီး ခုတင်ခြေရင်းတွင် ထိုင်ကာ ကြည့်လိုက်၏။

မေမေများ ဒီအချိန်ထိ အသက်ရှင်နေရင် ဘယ်လောက်ကောင်းလိုက်မလဲ!

ထိုအတွေးကြောင့်ပင် ဒီမိုးရင်တစ်ခုလုံး ဝမ်းနည်းစိတ်တွေက ပြည့်လျှံသွားသည်။ ကြည့်နေရင်းမှာပင် မေမေ့နှုတ်ခမ်းတွေက ပြုံးလာသည်ဟု ဒီမိုးစိတ်ထဲတွင် ထင်မိ၏။

မေမေ အပြုံးတွေက နွေးထွေးလိုက်တာ!

ဒီမိုး ဓာတ်ပုံထဲမှ မေမေမျက်နှာကို လက်နှင့် တို့ထိဖို့ ရွယ်လိုက်စဉ်မှာပင်

''ဒုန်း''

''ခလွမ်း''

ဒီမိုးခန္ဓာကိုယ်ပေါ်သို့ အမွေးဖားဖားနှင့် အရာတစ်ခုက ရုတ်တရက် ထိတွေ့လိုက်သဖြင့် လန့်ပြီး မေမေ့ဓာတ်ပုံကို ကြမ်းပြင်ပေါ်သို့ လွှတ်ချမိသွားသည်။

ဟင်!

ဒီမိုး ချက်ချင်းဆိုသလို ဒေါသအရှိန်က မြင့်တက်သွားပြီး နီးရာ ပန္နည်းတစ်ခုနှင့် ရွှေဝါကို ကောက်ပေါက်လိုက်၏။

''ဒုန်း''

''ညောင်…ညောင်''

ရွှေဝါက နာကျင်စွာနှင့် တညောင်ညောင်အော်ပြီး အခန်းအပြင်သို့



ပြေးသွားတော့သည်။ ဒီမိုး စိတ်မကောင်းခြင်းကြီးစွာနှင့် မေမေ့ဓာတ်ပုံကို စားပွဲပေါ်သို့ ယူတင်လိုက်သည်။

ဓာတ်ပုံမှန်ဘောင်လေးကတော့ အစိပ်စိပ် အမွှာမွှာ ကွဲသွားခဲ့ပြီး…။

မေမေဓာတ်ပုံ ကျကွဲသွားခြင်းအတွက် ဒီမိုး အရမ်းဝမ်းနည်းသွားပြီး မေမေ့ကို စိတ်ထဲမှပင် တောင်းပန်လိုက်မိသည်။ ထို့နောက် မှန်ကွဲစတွေကို ရှင်းလင်းပြီး ဒီမိုးက ခရီးဆောင်အိတ်ကို ယူကာ သူ့အခန်းသို့ ပြန်လာခဲ့တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ညနေခင်း၏ ဆည်းဆာပေါ်သို့ စီးလှဲဖြာကျနေသောနေခြည်နွေးနှင့်အတူ ကျေးလက်ရနံ့ သင်းနေသည်။ လေပြေနုနုလေးတွေက ထန်းတောအတွင်းသို့ ဖွဖွလေး ဖြတ်တိုက်သွားသည်။

ထိုလေပြေလေညင်းတွေနှင့်အတူ ဖိုးပိန်၊ အောင်မောင်းနှင့် ထူးအောင်တို့၏ အော်ဟစ်ဆူညံနေသံများမှာလည်း ထန်းတောအတွင်းတွင် ကမ္ဘာပျက်သလို စီစီညံနေ၏။

ခရီးပန်းရသည့်ကြားထဲ ထိုအော်ဟစ်သံဆူညံသံများကြောင့် ဒီမိုးခေါင်းတွေ တဆစ်ဆစ် ကိုက်လာသည်။ ပို၍စိတ်ပျက်စရာကောင်းသည်မှာ လေထဲတွင် တသောသောလွင့်နေသော ဖုန်မှုန့်တွေကြားတွင် အသက်ကို မနည်းလုရှူနေရခြင်းပင်ဖြစ်၏။

ဖိုးပိန်၊ အောင်မောင်းနှင့် ထူးအောင်တို့ကတော့ ငြင်းခုန်နေကြဆဲ…



"ဟော့ကောင်…ဖိုးပိန်၊ မင်းချည်းပဲ သောက်မနေနဲ့"

အောင်မောင်းက ပြောပြောဆိုဆို ဖိုးပိန်သောက်နေသော ထန်းရည်မြူအိုးကို ဆွဲလုလိုက်၏။ ဖိုးပိန်က မူးနေပေမယ့် အကင်းပါးသည်။ အောင်မောင်းလက်ရွယ်လိုက်ရုံမှာပင် ထန်းရည်မြူအိုးကို ဆတ်ကနဲ ဆွဲဖယ်လိုက်ပြီး…

"ငါသောက်တာ ဒါနဲ့မှ သုံးမြူပဲရှိသေးတယ်ကွ။ မင်းသောက်ထားတာတွေကိုလည်း ပြန်ကြည့်ဦး…။ ဒီမိုးကို လိုက်တိုက်တယ်ဆိုပြီး မင်းချည်းပဲ သောက်နေတာ"

ဟုတ်ပါရဲ့…။ အောင်မောင်းရှေ့ မြေကြီးပေါ်ကို ကြည့်လိုက်တော့မှ ထန်းရည်အိုးတွေက အစီအရီ။ ဒါတောင် ဒီကောင်က ဖိုးပိန်လက်ထဲက မြူအိုးကို လုသောက်နေသေးတယ်လို့…ဟု ဒီမိုး တွေးလိုက်မိပြီး စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကိုကုတ်ဖွလိုက်သည်။

ထိုအချိန်တွင် ထူးအောင်က ဝင်ပြောလိုက်သည်။

"မင်းတို့နှစ်ယောက်စလုံး အတူတူပဲ ထန်းရည်ကိုသောက်နေကြ အညာနွားတွေ ရေသောက်နေသလိုပဲ"

ထူးအောင်စကားကြောင့် ဖိုးပိန်နှင့် အောင်မောင်းတို့ မျက်နှာတွေ ရှုံ့မဲ့မဲ့ ဖြစ်သွားကြပြီး ဖိုးပိန်က…

"အောင်မယ်… မင်းကများ ငါတို့ကို အညာနွားလေးဘာလေးနဲ့ ငါတို့က ဒီမိုးလာတုန်း ပျော်ပျော်ပါးပါး သောက်တာကွ။ မင်းလို မြို့ကျောင်းသွားတက်ပြီး အခြောက်တိုက် ဘဝင်မြင့်နေတဲ့ကောင် မဟုတ်ဘူး"

ထိုစကားကြောင့် ထူးအောင် မျက်နှာချက်ချင်း နီရဲတက်သွားပြီး

"ဟော့ကောင်…ဖိုးပိန် မင်းမူးမူးရူးရူးနဲ့ ရန်စကားမပြောနဲ့။ ငါဘာမှ ဘဝင်မမြင့်ဘူး မင်းတို့သာ ငါ့ကို ကြည့်မရဖြစ်နေကြတာ"

ထူးအောင် စိတ်ဆိုးသွားသည်ကိုကြည့်ပြီး အောင်မောင်းနှင့် ဖိုးပိန်တို့က တဟားဟားနှင့် အူလှိုက်သည်းလှိုက် ရယ်မောလိုက်ကြသည်။

ထိုအချိန်မှာပင်…

www.burmeseclassic.com

ဆေလာက ငွေ့ငွေ့လေးတိုက်ခတ်နေရာမှ ခပ်ကြမ်းကြမ်း တိုက်လိုက်သဖြင့် ဖုန်မှုန့်တွေက အလုံးလိုက် အဆုပ်လိုက် လွင့်စင်ပျံ့နှံ့လာသည်။

ဒီတစ်ခါတော့ ဒီမိုးဘယ်လိုမှ မခံနိုင်တော့သည့်အလျောက် နှာခေါင်းကို လက်ဖြင့်အုပ်ကာ ဖုန်လွတ်ရာသို့ ထပြေးလိုက်၏။ နောက်ဖက်မှာ ဖိုးပိန့်တို့၏ မေးမြန်းသံတွေကို ကြားနေရသော်လည်း ပြန်မပြောနိုင်အားတော့ဘဲ ထန်းတောအစပ်သို့ ခပ်သွက်သွက် ထွက်လာခဲ့တော့သည်။

* * *

လိမ္မော်ရောင်သန်းနေသည့် မိုးသားကောင်းကင်ပေါ်တွင် အဝါရောင်တိမ်တိုက်တွေက တရွေ့ရွေ့ လွင့်မျောနေကြသည်။

မျက်စိတဆုံး ဖြစ်နေသည့် လယ်ကွင်းပြင်အကျယ်ကြီးတွေဟိုး...ခပ်ဝေးဝေးဆီမှ အလှအယက် တိုးဝှေ့ပြေးလွှားနေသည့် နွားအုပ်တွေနှင့် လတ်ဆတ်သော လေနအေးတွေကြောင့် ခုနက အသက်ရှူမဝသလို မွန်းကျပ်ပိတ်လှောင်မှုတွေက ခဏအတွင်းမှာပင် ပြေလျော့လန်းဆန်းသွားသလို ခံစားရသည်။

အသစ်အဆန်းဖြစ်နေသည့် ကျေးလက်ရှုခင်းတွေကို ကြည့်နေရင်း ဒီမိုး ဖေဖေ့ကို သတိရလိုက်မိ၏။ ဖေဖေတစ်ယောက်ထဲ ရေးဟောင်းပစ္စည်းတွေနှင့် အဆင်မှပြေပါ့မလား...။

ဒီမိုးက သက်ပြင်းကို လေးကန်စွာ ချလိုက်သည်။

သူ့အဖိုးကလည်း မရင်းနှီးသည့် ဆွေမျိုးတွေကြားမှာ နေရသည်ကို မလွတ်မလပ်ဖြစ်နေသလို ခံစားရသည်။ ဒီမိုး ရွာထဲသို့ ဝင်လာသည်နှင့် ရွာထဲကလူတွေက အထူးအဆန်းသဖွယ် လိုက်ကြည့်နေကြခြင်းမှာလည်း သူ့အဖိုးမှာတော့ အနေကျုံ့နေစေပြန်၏။

ဒီမိုးက တွေးရင်း၊ ငေးရင်း၊ ပင့်သက်ရှိုက်ရင်း ထန်းတောအစပ်သို့ တိုက်ခတ်လာသော လေကိုသာ တဝရှူသွင်းလိုက်ပြီး လှည့်ထွက်ဖို့ ပြင်လိုက်သည်။ ထိုအချိန်မှာပင်...



'ဟင်'

နောက်ကျောဘက်တွင် သူ့ကို စူးစူးရဲရဲစိုက်ကြည့်နေသော အဘိုးကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။

ကြမ်းတမ်းရှည်လျားနေသော ဆံပင်တွေကလည်း တစ်ခေါင်းလုံးဆွတ်ဆွတ်ဖြူနေပြီး မျက်နှာပေါ်သို့ ဖုံးအုပ်ကျနေသည်။

ဆံပင်တွေကြားက မြင်နေရသည့် မျက်နှာမှာ သာမန်လူတစ်ယောက်နှင့်မတူဘဲ မျက်စိတွေက အပြင်ဘက်သို့ ပြူးထွက်ကျွံကျတော့မလိုလို...။

နှုတ်ခမ်းလွှာနှစ်ခုမှာလည်း မျက်နှာအရေပြားပေါ်မှ သာမန်ထက်ပိုပြီး ဖူးထွက်ပြီး ကော့လန်နေ၏။

ပို၍ ထူးဆန်းနေသည်မှာ တခြားမျက်လုံး၊ ပါးစပ်တို့နှင့် နှိုင်းယှဉ်လျှင် နှာခေါင်းမှာ သေးသေးလေးဖြစ်နေသည်။

ထူးဆန်းသည့် ပုံသဏ္ဌာန်နှင့် လူစိမ်းအဘိုးကြီးက သူ့ကို နောက်ကျောဘက်မှ စူးစူးစိုက်စိုက် ကြည့်နေသောကြောင့် ဒီမိုးကျောရိုးတစ်လျှောက် စိမ့်တက်သွားမိ၏။

ဒီအဘိုးကြီး ငါ့ကို ဘာလုပ်မလို့ ကြည့်နေတာလဲ?

မျက်နှာကလည်း ကြောက်စရာကောင်းလိုက်တာ!

ဒီမိုးက ယောက်ယက်ခတ်သွားသော အတွေးနှင့်အတူ ထိုအဘိုးကြီးကို အကဲခပ်သလို ကြည့်လိုက်သည်။

အဘိုးကြီးက ထန်းပင်နှစ်ပင်ကြားမှနေပြီး ဒီမိုးကို ကြောက်စရာကောင်းသည့် မျက်လုံးတွေနှင့် စိုက်ကြည့်နေလျက်...။

ဒီမိုး ကပျာကယာခေါင်းကို ငုံ့လိုက်ပြီး အဘိုးအိုရှေ့မှ မဝံ့မရဲလှမ်းထွက်ဖို့ ပြင်လိုက်၏။

သို့သော်...

ခြေထောက်တွေက တစ်လှမ်းနှစ်လှမ်းလောက် အရောက်တွင်တုံ့ရပ်သွားသည်။

အဖိုးကြီး၏ ခြေဖမိုးပေါ်တွင် ဆေးမှင်ကြောင်ထိုးထားသော

www.burmeseclassic.com

www.burmeseclassic.com



အစွယ်အငေါ်သားနှင့် ဘီလူးရုပ်မည်းမည်းကြီးကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ဘာကြောင့်မှန်းမသိ ထိုဘီလူးရုပ်ကို တွေ့လိုက်ရ၍ တစ်ကိုယ်လုံး ကြက်သီးတွေ ဖြန်းကနဲ ထသွားပြီး ချက်ချင်းဆိုသလို အဘိုးကြီးကို မဝံ့မရဲ မော့ကြည့်လိုက်၏။

'ဟင်'

အဘိုးကြီးနှင့် အကြည့်ချင်းဆုံသွားသည့် အခိုက်မှာတော့ ဒီမိုး နှလုံးသားအိမ်တစ်ခုလုံး အေးခနဲ ဖြစ်သွားသည်ကို သတိထားမိလိုက်သည်။

အဘိုးကြီး၏ မျက်လုံးတွေက သူ့မျက်လုံးများထဲမှတစ်ဆင့် ဟိုးအတွင်းပိုင်းထဲအထိ လှမ်းကြည့်နေသလိုမျိုး စူးစူးရဲရဲ စိုက်ကြည့်နေ၏။ အကြည့်တွေက သူဖုံးကွယ်ထားသည့် တစ်စုံတစ်ရာကို ရှာဖွေတွေ့ရှိသွားသလိုမျိုး…။

ကြောက်ရွံ့နေတာလား…။ ချောက်ချား တုန်လှုပ်သွားတာလား…။ သူမဝေခွဲတတ်တော့။ တပြိုင်နက်ထဲလိုလို စိတ်ကို တင်းမထားနိုင်တော့ဘဲ…

အဘိုးကြီးရှေ့မှ မပြေးရုံတမယ် ထွက်လာခဲ့တော့၏။

* * *

ဒီမိုး ထန်းတောအတွင်းသို့ ပြန်ရောက်ချိန်မှာတော့ ငနဲသားသုံးကောင်က အရှိန်တော်တော်ရနေကြပြီ။ ဒီမိုးက ထန်းရည်ပိုင်းဘေးတွင် ဝင်ထိုင်လိုက်သည်။

အောင်မောင်းက ဒီမိုးကို မြင်သွားပြီး…

"ဘယ်ကိုသွားနေတာလဲ ဒီမိုးရာ…။ တို့နဲ့အတူတူ လာသောက်စမ်းပါကွာ"

"ဟုတ်ပါ့…ဒီမိုးရာ။ မင်းပုံကြည့်ရတာ သိပ်မရွှင်သလိုပဲ၊ ဘာလဲ တို့ရွာက ပျင်းစရာကောင်းနေလို့လား…"



ဒီမိုးက ကွက်ကြော်တစ်တုံးကို လှမ်းယူနေရင်းမှ…

"မဟုတ်ပါဘူးကွာ… ငါက တစ်နေ့လုံး တစ်ညလုံး ကားစီးလာရတော့ ခရီးပန်းနေလို့ပါ"

"ဒါဆိုလည်း ဖြည်းဖြည်းသာစားပါကွာ။ တို့ကမင်းကို ပျင်းနေမှာစိုးလို့ပါ"

"တို့ရွာကိုရောက်တုန်း ပျော်ပျော်ပါးပါးနေပါ ဒီမိုးရာ။ မင်းက တို့ရွာကို တစ်ခေါက်မှ လာဖူးတာမဟုတ်ဘူး။ ငါတို့ကသာ ရန်ကုန်ရောက်တိုင်း မင်းဆီ လာလာနေရတာ"

"ဒီတစ်ခါတော့ ငါတို့ အိမ်ရှင်ဖြစ်တုန်း အစွမ်းကုန်ပြုစုပါရစေကွာ"

ဖိုးပိန်စကားကို အောင်မောင်းကပါ ဝင်ထောက်ခံလိုက်၏။ ဒီမိုးက သူတို့စိတ်ကျေနပ်အောင် မြေကြီးပေါ်တွင်ချထားသော ထန်းရည်မြူအိုးကို တစ်ကျိုက်မော့သောက်လိုက်သည်။

အောင်မောင်းက ကွက်ကြော်ပန်းကန်ကို ဒီမိုးရှေ့သို့ ထိုးပေးရင်း…

"အေးလေကွာ…ဒီလိုမှပေါ့။ ကွက်ကြော်လည်းစားဦး"

"မြို့သားချင်းအတူတူ ဒီမိုးနဲ့ ထူးအောင်ကတော့ ကွာပါ့"

ဘေးတွင် စကားမပြောဘဲ ထိုင်နေသည့် ထူးအောင်က အောင်မောင်း စကားကြောင့်…

"ဘာကွာလို့လဲ"

မကျေမနပ်ဖြစ်နေဟန်ဖြင့် တုံးတိတိ ပြန်မေးလိုက်သည်။ အောင်မောင်းက စပ်ဖြဲဖြဲ လုပ်ရင်း…

"ကွာတာပေါ့…ထူးအောင်ရာ၊ မင်းက သရဲဆိုလဲ အလွန်ကြောက်၊ ကကြိုးကကြတ်ကလည်းများနဲ့ဆိုတော့ ဒီမိုးနဲ့ ကွာတာပေါ့ကွာ"

အောင်မောင်း၏ ရိသဲ့သဲ့စကားကြောင့် ထူးအောင် ဒေါသအိုးပေါက်ကွဲသွားပြီး…

"မင်း…မင်း…ပြောပြန်ပြီလား၊ မင်းကို ညီအစ်ကိုချင်းမို့ ကြည့်

www.burmeseclassic.com



နေတာ''

ထူးအောင်၏ ဒေါသတကြီးပြောလိုက်သော စကားကြောင့် အောင်မောင်းနှင့် ဖိုးပိန်က ခွက်ထိုးခွက်လန် ရယ်မောလိုက်ကြသည်။ ဒီမိုးကတော့ ခုနက ထန်းတောအစပ်မှာ တွေ့ခဲ့သည့် အဖိုးကြီး အကြောင်းကို စဉ်းစားနေ၍ သဲသဲကွဲကွဲ မကြားလိုက်ရ…။

ဖိုးပိန်က ရယ်နေရင်းတန်းလန်းမှ…

''အောင်မောင်းက မင်းကို သက်သက်လိုက်စနေတာပါကွာ ထူးအောင်ရာ။ တကယ်တော့ တို့ထန်းရည်လာသောက်တယ်ဆိုတာ ဒီမိုးလာလို့လည်းပါတယ်။ မင်းနဲ့ကလည်း ထန်းရည်မသောက်ရတာ ကြာပြီ မဟုတ်လား။ ပြီးတော့ အခုလို နွားရိုင်းသွင်းချိန်ဆို ဒီထန်းတောထဲမှာ ထိပ်နီဆိုတဲ့ သရဲက ထန်းပင်တွေပေါ်ကနေပြီး တွဲလောင်းဆင်းလာတတ်တယ်ဆိုလို့ တို့တွေ အဖွဲ့တောင့်တုန်း နပမ်းလုံးတမ်းကစားကြမလို့ကွ''

ဖိုးပိန်၏ စကားကြောင့် ဒီမိုးထိတ်ခနဲ ဖြစ်သွားပြီး ကျောမှီထိုင်ထားသော ထန်းပင်ပေါ်ကို အထိတ်တလန့် မော့ကြည့်လိုက်သည်။

ဘာကိုမျှ မတွေ့ရ…။ ဒီမိုး သက်ပြင်းကို ခပ်ဖွဖွ မှုတ်ထုတ်လိုက်ပြီး အောင်မောင်းနှင့် ဖိုးပိန်ကို ကြည့်လိုက်သည်။

ထိုနှစ်ကောင်ကတော့ မျက်နှာပိုးကို အတင်းဖြစ်ညှစ်သတ်ထားရဟန်တူသည်။ မျက်နှာတွေက မချိုမချဉ်ဖြစ်နေကြ၏။

ထူးအောင်ကတော့ သရဲနှင့် နပမ်းလုံးမည်ဆို၍ မျက်စိမျက်နှာပျက်ပြီး ထန်းပင်ပေါ်သို့ ကျိုးကြည့် ကြောင်ကြည့် ဖြစ်နေသည်။ အသံတွေ တုန်လာပြီး…

''ကဲ…ကဲ မြန်မြန်သောက်ကြကွာ။ ပြီးရင် ပြန်ကြမယ်''

ထူးအောင် ကြောက်ကြောက်လန့်လန့် ဖြစ်နေသည့်ပုံကို ကြည့်ပြီး ဒီမိုး ရယ်မိသွား၏။ တကယ်တော့ အောင်မောင်းနှင့် ဖိုးပိန်က ထူးအောင် သရဲကြောက်တတ်မှန်းသိ၍ စနေကြခြင်းဖြစ်သည်။ ဒါကို ထူးအောင်ကမသိဘဲ သရဲဆိုသည့်အသံကြားရုံနဲ့ မျက်စိပျက် မျက်နှာ



ပျက် ဖြစ်နေ၏။ အောင်မောင်းက ထူးအောင်ကို ထပ်စလိုက်သည်။

''နေပါဦး… ထူးအောင်ရာ။ နောက်ထပ် တစ်မြူလောက် သောက်ရင်း ထိပ်နီကို စောင့်ကြတာပေါ့''

ထူးအောင်က ချက်ချင်းဆိုသလို

''ဟော့ကောင်…အောင်မောင်း…သောက်ချင်ရင်လဲ နောက်နေ့မှ သောက်တော့ကွာ၊ အခုညီအစ်ကို မသိတသိ အချိန်တောင် မဟုတ်တော့ဘူး။ ဘာကိုမှ မသိတော့တဲ့အချိန်တောင် ရောက်နေပြီ… ပြန်ကြရအောင်''

ဖိုးပိန်က…

''ဟုတ်ပါတယ်…အောင်မောင်းရာ၊ တို့တွေ ပြန်ကြတာပေါ့။ ပြီးရင်…ရွာသင်္ချိုင်းကုန်းကိုလည်း ဖြတ်သွားရဦးမယ် မဟုတ်လား။ မှောင်နေတော့ သရဲသဘက်တွေကို ကြောက်ရတယ်လေ…''

ဖိုးပိန်က ကူပြောပေးသလိုလိုနဲ့ ထူးအောင်ကို ရိသဲ့သဲ့လုပ်လိုက်သည်။ ဖိုးပိန်စကားကြောင့် ထူးအောင်၏ မျက်နှာက သွေးမရှိတော့သလို ဖြူဖပ်ဖြူရော် ဖြစ်သွား၏။ ထူးအောင်ကိုကြည့်ပြီး ဒီမိုးပါ သွေးလန့်ချင်သလို ဖြစ်လာပြီး…

မဖြစ်ဘူး…မဖြစ်ဘူး။ ဒီကောင်တွေရှေ့မှာ ကြောက်ပြလို့ မဖြစ်ဘူး။ ဒီကောင်တွေက ကြောက်ပြရင် ပိုခြောက်လိမ့်မယ်။

ဒီမိုး ထိုအတွေးနှင့်အတူ ဣန္ဒြေကို အမြန်ပြန်ထိန်းလိုက်သည်။ ထိုအချိန်မှာပင် အောင်မောင်းနှင့် ဖိုးပိန်တို့က ထန်းတောအပြင်သို့ ထွက်သွားကြ၏။

ဒီမိုးက ကပျာကယာ မတ်တပ်ရပ်လိုက်ပြီး နောက်ကလိုက်လာခဲ့တော့သည်။

* * *

www.burmeseclassic.com



## အခန်း (၃)

နေဝင်သွားသည့်အတွက် အလင်းရောင်က မှုန်မှုန်လေးသာ ကျန်တော့သည်။ ဆောင်းကာလဖြစ်သည်နှင့်အညီ ညနေခင်း၏ လေထုက အေးစိမ့်စိုထိုင်းနေ၏။

ထူးအောင်က ရှေ့ဆုံးမှ သွားနေပြီး မကြာခဏဆိုသလို နောက်ကို လှည့်လှည့်ကြည့်၏။ ဖိုးပိန်နှင့် အောင်မောင်းကတော့ ဒီမိုးနောက်မှ စကားပြောရင်း လျှောက်လာကြသည်။

ရိုးပြတ်တောထဲမှာ လျှောက်နေရ၍ ခြေသံတွေက တရှပ်ရှပ်နှင့် မြည်နေ၏။ လျှောက်နေကြလမ်းမျိုး မဟုတ်သည့်အတွက် ဒီမိုး သတိထားလျှောက်နေရပြီး နဖူးမှ ချွေးပင် စို့လာသည်။

ထိုအချိန်မှာပင် အောင်မောင်းက ဒီမိုးအနားသို့ တိုးကပ်လာပြီး

''ဒီမိုး… ငါတို့သင်္ချိုင်းကုန်းနားရောက်ရင် ထူးအောင်ကို စရအောင်''



ဒီမိုးက အောင်မောင်းကိုကြည့်ပြီး ခေါင်းညိတ်ပြလိုက်ကာ…

''ဘယ်လိုစမှာတုန်း…''

''ဒါတော့ မပူစမ်းပါနဲ့ ဒီမိုးရာ။ အဘိုးရဲ့အလောင်းကို သင်္ချိုင်းကုန်းမှာ ထားထားတာကွ။ ငါတို့ အဘိုးကို ဝင်ကန်တော့ရမယ်ဆိုပြီး သင်္ချိုင်းကုန်းထဲ ဝင်သွားရအောင်… ဒီကောင် တစ်ယောက်တည်း ရှေ့ဆက်မသွားရဲဘူးကွ… ဒါဆို တို့နောက်ကို လိုက်လာမှာပဲ''

''ဟုတ်တယ်…ဟုတ်တယ် ဒီမိုး၊ အဘိုးက ထူးအောင်လက်ထဲမှာ သေသွားတာ အဲ့ဒီအချိန်တုန်းက အိမ်ထဲမှာ ထူးအောင်တစ်ယောက်တည်း အလောင်းကြီးကိုပိုက်ပြီး ကြောက်ကြောက်လန့်လန့်နဲ့ ငယ်သံပါအောင် အော်လိုက်တာများကွာ ပြောမနေပါနဲ့''

ဖိုးပိန်နှင့် အောင်မောင်းတို့၏ စကားများကြောင့် ဒီမိုးရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြီး ရင်တွေ တဒိန်းဒိန်းခုန်ကာ လက်ဖဝါးမှာလည်း ချွေးစေးတွေ စိုထိုင်းလာ၏။

တကယ်တော့ ထူးအောင်ကို စဖို့နေနေသာသာ သူတောင် မနည်းအားတင်းပြီး လာနေရသည် မဟုတ်ပါလား…။ ဒီကြားထဲ ဖိုးပိန်နှင့် အောင်မောင်းတို့က ထူးအောင်ကိုစဖို့အတွက် သင်္ချိုင်းကုန်းထဲသွားမည်ဆို၍ သူ့စိတ်တွေက ဆောက်တည်ရာမရတော့။

ဒီကောင်တွေကို မစကြဖို့ ပြောရင်ကောင်းမလား? ဟင့်အင်း မဖြစ်သေးပါဘူး… တော်ကြာ ငါကြောက်နေမှန်းသိရင် ငါ့ကိုပါ စနေမှ။ ဒါဆို ငါဘာလုပ်ရမလဲ….။

ဒီမိုးအတွေးတွေက မီးခိုးလိုလွှင့်နေရာမှ ရုတ်တရက် ရပ်သွား၏။ ခမ်းလှမ်းလှမ်းမှ အုတ်ဂူတွေကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ထူးအောင်က ရှေ့မှသွားနေရာမှ ချက်ချင်းဆိုသလို နောက်ပြန်လှည့်လာပြီး…

''လာ…လာကြစမ်းပါကွာ…ဒီနားက မြန်မြန်သွားကြရအောင်''

ထူးအောင်၏ မျက်နှာပေါ်တွင် မကောင်းဆိုးဝါးတစ်ကောင်နှင့် ထိပ်တိုက်တွေ့ရတော့မလိုမျိုး ထိတ်လန့် ချောက် ချားနေသည့်ပုံမှာ အထင်း

www.burmeseclassic.com

www.burmeseclassic.com



သားပေါ်လွင်နေသည်။ အသံတွေကလည်း ကတုန်ကယင်ဖြစ်နေ၏။

ဖိုးပိန်က ခပ်တည်တည်နှင့် ထူးအောင်ကို ပြောလိုက်သည်။

''ငါတို့ အဘိုးကို သွားကန်တော့မလို့ မင်းလိုက်မှာလား…''

ထူးအောင်မျက်နှာက ချက်ချင်းကွက်ခနဲ ပျက်သွားပြီး…

''ဟာ…မသွား…မသွားပါနဲ့ကွာ။ ရွာကိုပဲ တန်းပြန်ရအောင်''

''ဟင်…မင်းပဲ အဘိုးကို သိပ်ချစ်တာဆို…။ လူရှေ့သူရှေ့ ရောက်ရင် အဘိုးကို ဘယ်လိုချစ်ကြောင်း၊ ဘယ်လောက်ပြုစုကြောင်းနဲ့ ပြောနေတဲ့ ကိုဖိုးသည်းကြီး အခုဘယ်လိုဖြစ်တာတုန်း''

''ထားလိုက်ပါ ဖိုးပိန်ရာ…တို့ဖာသာတို့ပဲ သွားကန်တော့ ကြတာပေါ့''

ဖိုးပိန်နှင့် အောင်မောင်းတို့က အတိုင်အဖောက်ညီညီ ပြောဆိုနေသောကြောင့် ထူးအောင်က ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ဘဲ လယ်ကန်သင်းမှာ တောင့်တောင့်ကြီး ရပ်နေတော့သည်။

ထိုအချိန်တွင် အောင်မောင်းက…

''ကဲ…ဒီမိုး မင်းလိုက်မှာလား''

ထူးအောင်က အားကိုးတကြီး ဒီမိုးကိုကြည့်သည်။

ဒီမိုးက ကြောက်စိတ်ကို ဟန်ဆောင်ချုပ်တည်းထားရင်း ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ကာ…

''လိုက်မှာပေါ့ကွ…ငါလည်း အဖိုးကို မကန်တော့ရသေးတာနဲ့ အတော်ပဲ…''

ထိုစကားကြောင့် ထူးအောင်က ကယ်ကူရာမဲ့လူလို ဖြစ်သွားပြီး လိုက်ခဲ့ရကောင်းနိုးနိုး မလိုက်ရကောင်းနိုးနိုး တွေဝေသွား၏။

ဖိုးပိန်နှင့် အောင်မောင်းက ဒီမိုးကို လက်တို့ကာ သင်္ချိုင်းကုန်းဘက်သို့ ဦးတည်ထွက်သွားလိုက်သည်။ ဒီမိုးလဲ ကပျာကယာပင် နောက်မှ လိုက်သွား၏။

ခမ်းလှမ်းလှမ်းရောက်မှ ဖိုးပိန်က ထူးအောင်ကို အော်ပြောလိုက်သည်။



''ထူးအောင်…အဖိုးက သူ့ကို သိပ်ချစ်တဲ့လူဆို ကပ်နေမှာနော်''

* * *

နေဝင်ဖျိုးဖျအချိန်တွင် သင်္ချိုင်းတစ်ခုလုံးက အိပ်ပျော်နေသည့်အလား ငြိမ်သက်တိတ်ဆိတ်နေသည်။

သင်္ချိုင်းအဝင်ဝတွင် ကြို့ပင်ကြီးတစ်ပင်ရှိသည်။ ထိုအပင်ကြီး၏ ပင်စည်က လူနှစ်ဖက်စာလောက်ရှိသည်။ အကိုင်းအခက်တွေကလည်း သင်္ချိုင်းပေါ်သို့ အုပ်မိုင်းကျနေ၏။

လေတိုက်၍ အကိုင်းအခက်များ လှုပ်ရှားယိမ်းနွဲ့သွားပုံမှာလည်း မကောင်းဆိုးဝါးကောင်တွေ လက်ဗွေ့ယမ်းပြလိုက်သလိုမျိုး…

ချောက်ချားစရာ ကောင်းနေသည်။ အထူးသဖြင့် ထိုကြို့ပင်ကြီးအောက်မှ အလောင်းစင်ကြီးကို ကြည့်ပြီး ဒီမိုး ထိတ်လန့်နေမိ၏။

## ဦးဖိုးမြတ်
## အသက် (၈၀)

အခေါင်းကို အပြာရောင်စက္ကူစတွေနှင့် ပတ်ထားပြီး တိုင်လေးတိုင်ပေါ်တွင် ဝါးကပ်ထိုးကာ တင်ထားသည်။

အခေါင်း၏ အဖုံးကို အနည်းငယ်ဟထားသောကြောင့် အလောင်းပေါ်သို့ ပန်းတွေ ကျဲချထားသည်ကို တွေ့ရသည်။ ကျောက်ဖရုံသီးခပ်ကြီးကြီးတစ်လုံးကို အလောင်းပေါ်သို့ တင်ထားသည်ကို မြင်ရ၏။ ဒီမိုးက ထိုမသတီစရာ မြင်ကွင်းကြောင့် လက်များပင် တဆတ်ဆတ်တုန်ယင်လာသည်။ ဖိုးပိန်နှင့် အောင်မောင်းကတော့ ဘာမှမဖြစ်သလို အေးအေးလူလူပင် အလောင်းစင်နားသို့ ကပ်သွားသည်ကို မြင်လိုက်ရသည်။

ဒီမိုးက ဖိုးပိန်တို့နောက်ကို လိုက်သွားရန် ခြေလှမ်းပြင်လိုက်စဉ်

www.burmeseclassic.com



မှာပင် သူ့ခြေထောက်တွေ လှုပ်ရှားတုန်ယင်နေသည်ကို သတိပြုမိ၏။ ကြောက်စိတ်ကြောင့်ပင် ကြက်သီးတွေကလည်း ဖြန်းဖြန်းထလာသည်။ ဆောက်တည်ရာမရအောင် ကြောက်လန့်နေသည့် အခိုက်မှာပင် ဒီမိုးခေါင်းထဲသို့ အတွေးတစ်ခုက မထင်မှတ်ဘဲ ဖျပ်ခနဲပေါ်လာ၏။

ဓမ္မေ့ အုတ်ဂူက ဒီသင်္ချိုင်းထဲမှာလား…?

ဒီမိုးက ဘေးဘီဝဲယာကို အလျှင်အမြန် အကဲခတ်ကြည့်လိုက်၏။ ပျောက်ဆုံးတော့မည့် အလင်းမှုန်တွေကြားတွင် သင်္ချိုင်းအုတ်ဂူတွေက ငြိမ်သက်တိတ်ဆိတ်နေသည်။ တစ်ဆက်တည်းလိုလို ဖိုးပိန်နှင့် အောင်မောင်းတို့က အဘိုးဦးဖိုးမြတ်၏ အလောင်းကို ကန်တော့နေသည်ကိုပါ ဒီမိုး တွေ့လိုက်ရသည်။

ဒီမိုးက ဖိုးပိန်နှင့် အောင်မောင်းတို့နားသို့သွားရန် ခြေလှမ်းပြင်လိုက်သည်။

"ဘတ်"

"အား"

သူ့ပခုံးပေါ်သို့ လက်အေးကြီးတစ်ဖက်က လာရောက်ထိကိုင်လိုက်သဖြင့် ဆက်မအော်မိအောင် ထိန်းလိုက်ရင်း နောက်သို့ အလန့်တကြား လှည့်ကြည့်လိုက်ရသည်။

ထူးအောင်…။

ချောက်ချား တုန်လှုပ်သည့်မျက်နှာနှင့် ဒီမိုးကို စိမ်းစိမ်းကြီး စိုက်ကြည့်နေ၏။ ဒီမိုးက အလျှင်အမြန်လှန့်ကြွေကို ထိန်းလိုက်ရင်း…

"မင်းကလည်း အသံမပေး ဘာမပေးနဲ့…၊ ဘာလုပ်မလို့လဲ"

ဒီမိုးက ရှက်ရမ်းရမ်းသည့် အသံဖြင့် ဦးအောင် ဖိဟောက်လိုက်သည်။

ထူးအောင်က တုန်ယင်နေသောလက်ဖြင့် ဒီမိုးပုခုံးကို လှမ်းကိုင်လိုက်ပြီး

"ဒီ…ဒီမိုး လာပါကွာ၊ မင်းနဲ့ငါနဲ့ ရွာကို အရင်ပြန်ကြရအောင်… ဖိုးပိန်နှင့် အောင်မောင်းက ငါ့ကိုကြောက်တတ်မှန်းသိလို့



တမင်သက်သက် စနေကြတာကွ… မင်းလဲ သွားရမှာ လန့်နေတယ် မဟုတ်လား"

ဒီမိုးက သူ့ပခုံးပေါ်မှ ထူးအောင်လက်ကို ပုတ်ချလိုက်ပြီး ဘာမှမဖြစ်သည့် အမူအရာဖြင့်…

"ဘာ… လန့်နေတယ် ဟုတ်လား။ ငါက မင်းလို အသားလွတ် လျှောက်ကြောက်တတ်တဲ့ကောင် မဟုတ်ဘူး… မင်းက ရုတ်တရက် လာကိုင်လိုက်လို့ လန့်ပြီးတော့ အော်လိုက်မိတာ။ ပြီးတော့ ငါက အခု ငါ့အမေအုတ်ဂူကို သွားကန်တော့မလို့…. မင်းဘာသာမင်း ရွာကိုပြန်နှင့်"

ဒီမိုးက ထူးအောင်ရှေ့တွင် မာန်တင်းကာ ပြောလိုက်ပြီး အုတ်ဂူတွေကြားသို့ လှမ်းလျှောက်လာခဲ့သည်။ နောက်ဖက်မှ ထူးအောင်၏ မကျေမချမ်း ရေရွတ်နေသံကို ကြားနေရသော်လည်း ဘာမှမဖြစ်သလို ဆက်လျှောက်လာခဲ့သည်။

ဖိုးပိန်နှင့် အောင်မောင်းက ဒီမိုး လာနေသည်ကိုမြင်တော့ အလောင်းစင်ဘေးမှထပြီး ဒီမိုးအနားသို့ တိုးကပ်လာ၏။

အောင်မောင်းက

"ဘာလဲ ဒီမိုး။ ထူးအောင်ကမင်းကို ပြန်ဖို့ အဖော်ညှိနေတာ မဟုတ်လား…"

ဒီမိုးက ရယ်ရယ်မောမောနှင့် ပြန်ပြောလိုက်၏။

"ဟုတ်တယ်ကွ။ ဒီကောင် တော်တော် သူရဲဘောကြောင်တာပဲ…"

"ဟား…ဟား… ဟုတ်တယ်…ဟုတ်တယ်။ ဒီကောင်ကို ကြည့်မရဖြစ်နေတာနဲ့ အတော်ပဲ။ ဒီတစ်ခါတော့ တော်တော်ကြောက်သွားပြီ။ ဟား…ဟား…"

ဖိုးပိန်၏ အားရပါးရ ရယ်မောလိုက်သံက တိတ်ဆိတ်နေသည့် သင်္ချိုင်းအတွင်းတွင် ကျယ်လောင်စွာ မြည်ဟိန်းသွားသည်။

အောင်မောင်းနှင့် ဒီမိုးကပါ လိုက်ရယ်သဖြင့် အသံတွေက ပို၍

www.burmeseclassic.com

www.burmeseclassic.com



စီစီညံသွားတော့၏။ ဒီမိုးတို့ သဘောကျစွာ ရယ်မောနေသည်ကို ခပ်လှမ်းလှမ်းမှာ ရပ်နေသော ထူးအောင်က ဒေါသတကြီး စိုက်ကြည့်နေသည်။ လက်သီးနှစ်ဖက်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး မျက်လုံးတွေကလည်း မီးဝင်းဝင်းတောက်နေလေသည်။

ထိုအခိုက်အတန့်မှာပင်...

"ဘယ်သူတွေလဲကွ"

ရုတ်တရက် အသံသြသြကြီးတစ်သံက သချိုင်းအတွင်းဘက်မှ ထွက်ပေါ်လာသဖြင့် အားလုံးအလန့်တကြား နောက်သို့ လှည့်ကြည့်လိုက်သည်။

"ဟင်"

မြင်လိုက်ရသော မြင်ကွင်းကြောင့် ဒီမိုး အလန့်တကြားရေရွတ်မိလိုက်သည်။ ခုနက ထန်းတောအစပ်မှာ တွေ့ခဲ့သည့် အဘိုးကြီးက လက်ထဲမှာ ဝါးလုံးရှည်ကြီးတစ်လုံးကို ကိုင်ထားပြီး ဒီမိုးတို့ကို ထူးဆန်းစွာ အရောင်တောက်နေသည့် မျက်လုံးတွေနှင့် မျက်မှောင်ကျုတ်ကြည့်နေ၏။

ဖိုးပိန်က တုန်ယင်မလို ဖြစ်နေသည့် အသံကို ထိန်းရင်း

"ဟို...ဟို...ကျွန်တော်တို့ အဘိုးကိုလာကန်တော့တာပါ... ဘာ... ဘာမှမဟုတ်ပါဘူး"

ဖိုးပိန်က ပြောပြောဆိုဆိုနှင့် ဒီမိုးကို သွားဖို့ လက်တို့လိုက်ပြီး ထွက်သွားဖို့ ဟန်ပြင်လိုက်သည်။ ဒီမိုးက ထိုအဖိုးကြီးကို ကြက်သေသေကြည့်နေရာမှ သတိဝင်လာပြီး ဖိုးပိန်နောက်သို့ ခပ်သွက်သွက်လိုက်လာခဲ့သည်။

ဒီမိုးက အယိုင်ယိုင်အနဲ့နဲ့ဖြစ်နေသော ခြေထောက်တွေကို အားတင်းလှမ်းနေရင်းက ကြောက်ရွံ့စရာကောင်းနေသည့် အဘိုးကြီးကို စိတ်ဝင်စားမိသွားသည်။

ဘာကြောင့်မှန်းမသိ ထိုအဘိုးကြီး၏ ပုံရိပ်တွေက သူ့စိတ်တစ်ခုလုံးကို လွှမ်းခြုံထားသလို ခံစားနေရသည်။



တဖွားဖွားပေါ်လာသည့် ကြည့်ချင်စိတ်ကြောင့် ဒီမိုးလှည့်ကြည့်လိုက်သည်။

"ဟင်"

လက်ထဲမှ ဝါးလုံးရှည်ကြီးကို မြေပေါ်သို့ ထောက်လျက် အုတ်ဂူတစ်ခုအပေါ်တွင် အဘိုးကြီးက ဆောင့်ကြောင့်ထိုင်နေ၏။

လေတိုက်သွားသောကြောင့် ဆံပင်အဖြူတွေကလည်း ဘေးဘက်သို့ လွင့်ဝဲပြီး အပြင်သို့ ပြူထွက်ကျတော့မလိုဖြစ်နေသည့် မျက်လုံးပြူးပြူးကြီးကိုပါ တွေ့ရသည်။

ထိုအဘိုးကြီး၏ အကြည့်တွေက ဒီမိုးနှလုံးအိမ်တစ်ခုလုံးကို အရှင်လတ်လတ် ဆွဲနှုတ်ယူလိုက်သလိုမျိုး...

သွေးပျက် တုန်လှုပ်စရာကောင်းနေသည်....

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"အဲဒါအပယ်ခံရွာသား သန်းရှိုင်းစောင့် ဩဘာလေ..."

ဦးလေး ဦးဖိုးမှတ်၏ စကားကြောင့် ဝါးကွပ်ပျစ်ပေါ်တွင် ထိုင်နေသော ဒီမိုးက စိတ်ဝင်တစား မေးလိုက်မိသည်။

"ဦးလေး... အပယ်ခံရွာသားဆိုတာ ဘာကိုပြောတာလဲ"

ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်နေသော ဦးဖိုးမှတ်က ဒီမိုးကို တစ်ချက်ကြည့်လိုက်ပြီး..."

"အပယ်ခံရွာဆိုတာ ဦးလေးတို့ ဒီခေါင်းလောင်းအိုင်ရွာနဲ့ အနောက်ဖက် ၁၀ မိုင်လောက် ဝေးတဲ့နေရာမှာ ရှိတယ်ကွဲ့။ ဦးလေးတို့ ငယ်ငယ်တုန်းက ကြားဖူးတာတော့ အဲဒီရွာသားအားလုံးလိုလိုက စုန်းပညာကိုတတ်လို့ တခြားရွာကလူတွေက ကြောက်လန့်ပြီး မဆက်ဆံကြလို့ အပယ်ခံရွာလို့ ခေါ်ကြတာပဲ..."

ဒီမိုးက ဦးဖိုးမှတ်၏ ထူးဆန်းသော စကားများကြောင့် အလွန်



အမင်းစိတ်ဝင်စားသွားသည်။ အထူးသဖြင့် စုန်းဆိုသောစကားကြောင့် သူကြည့်ဖူးသော စုန်းကားတွေထဲမှ စုန်းတွေကို ပြေးမြင်လိုက်မိ၏။ နှာခေါင်းတွေက ပါးစပ်ပေါက်ထဲသို့ တိုးဝင်တော့မတတ် ချွန်စိုက်ကျနေပြီး မေးစေ့တွေကလည်း ခွက်ကာ ကော့ပြန်လန်နေသည်။

အတူတူထိုင်နေသော ဖိုးပိန်နှင့် အောင်မောင်းကတော့ ကြားဖူးနေကျအကြောင်းအရာတွေဖြစ်နေသည့်အတွက် ဦးဖိုးမှတ်စကားကို စိတ်မဝင်စားဘဲ ဖဝိုင်းများရှိရာ မဏ္ဍပ်ထဲကိုသာကြည့်ပြီး တီးတိုးပြောဆိုနေကြသည်။

ဒီမိုးက ဦးဖိုးမှတ်ကို ဆက်မေးလိုက်သည်။

"ဒါဆိုရင်... ဩဘာဆိုတဲ့လူကြီးကလည်း အပယ်ခံရွာသားဆိုတော့ စုန်းအတတ်တွေ ဘာတွေ တတ်မှာပေါ့နော်...ဦးလေး"

ဦးဖိုးမှတ်က ချက်ချင်းပြန်မဖြေပဲ ကွမ်းအစ်ထဲမှ ကွမ်းတစ်ရွက်ကိုထုတ်ကာ ထုံးသုတ်နေလေ၏။ ဒီမိုးက ဦးဖိုးမှတ်ကို ကြည့်ပြီး စိတ်မရှည်ချင်တော့...။

ဦးဖိုးမှတ်က ဒီမိုးရဲ့ ဦးလေးအရင်းဖြစ်ပြီး အောင်မောင်း၏ အဖေလည်း ဖြစ်သည်။

ဦးဖိုးမှတ်က ကွမ်းယာပြီးသွားမှ ပါးစပ်ထဲသို့ ထည့်ငုံလိုက်ပြီး...

"အဲဒီဩဘာဆိုတဲ့သူက မင်းအဘိုးရဲ့ သူငယ်ချင်း ဦးအောင်ဘညို ဆိုတဲ့လူခေါ်လာလို့ ဒီရွာကို ရောက်လာပြီး သန်းရှိုင်းစောင့်လုပ်နေတာပဲ...။ စုန်းအတတ်တွေ တတ်မတတ်တော့ ငါလဲမသိဘူးကွာ။ ဒီလူက ရွာထဲကိုလည်း လာလေ့လာထမရှိဘူး...တခါတလေမှ ရွာထဲကိုလာပြီး စားစရာလေးဘာလေး ဝယ်လေ့ရှိတာကွ..."

ဘေးနားတွင်ထိုင်နေပြီး ဖဝိုင်းတွေကိုသာ စိတ်ဝင်တစားကြည့်နေသော ဖိုးပိန်က...

"ဒါပေမယ့်ဦးလေးရာ...အဲဒီအဘိုးကြီး ရွာထဲကိုဝင်လာရင် ဟောင်နေတဲ့ခွေးတောင် ငြိမ်ကျသွားတာပဲ။ ပြီးတော့ သူ့လက်ထဲမှာ ကိုင်ထားတဲ့ လူသေတွေ မီးသဂြိုလ်ရင်ထိုးတဲ့ တံစူးဝါးရှူးကြီးက

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြည့်လိုက်တာနဲ့ကို ကြောက်စရာကြီးဗျာ...''

ဆက်တိုက်ဆိုသလို မကြားဖူးသော အကြောင်းအရာတွေကို ကြားလိုက်ရ၍ ဒီမိုးက စကားတောင်မပြောနိုင်ဘဲ ဆွံ့အသွားတော့သည်။

အာရုံထဲတွင်လည်း ဩဘာဆို သည့်အဘိုးကြီး ကိုင်လာသော ဝါးလုံးရှည်ရှည်ချွန်ချွန်ကြီးကိုသာ ပြေးမြင်လိုက်မိ၏။

အဲဒီဝါးလုံးကြီးက တံစူးဝါးဆိုတာလား...?

ဒီမိုးက မပီမသ ခပ်တိုးတိုးရေရွတ်လိုက်ရင်း ဦးလေးဦးဖိုးမှတ်ကို ကြည့်လိုက်သည်။ အဲသည့် အချိန်လေးအတွင်းမှာပင် ဦးလေးဦးဖိုးမှတ်က...

''ဟ...သာအောင်တို့ပါလား...လာကြ...လာကြ''

ဟုဆိုကာ ထိုင်ရာမှ ထသွားပြီး ခြံဝိုင်းထဲသို့ ဝင်လာသော လူအုပ်စုထံသို့ ဧည့်ခံဖို့ ထွက်သွား၏၊ ဦးဖိုးမှတ်၏ နောက်ကျောကို လိုက်ကြည့်ရင်း အတွေးပေါင်းစုံဖြင့် ကျန်ခဲ့တော့သည်။

အတန်ကြာမှ သူ့ပခုံးကို လက်တစ်ဖက်က လာရောက်ထိကိုင်လိုက်၍ သတိဝင်လာပြီး လှည့်ကြည့်လိုက်သည်။

ဖိုးပိန်က...

''ဘာတွေ စဉ်းစားနေတာလဲ...ဒီမိုး''

''ဘာ...ဘာမှ မစဉ်းစားပါဘူး''

ဟု ဒီမိုးက ကြောင်အအဖြင့် ပြန်ဖြေရင်း ဖိုးပိန်ကို ကြည့်လိုက်၏။

ဖိုးပိန်က ကွမ်းယာကို စားနေရာမှ ပျစ်ခနဲ ထွေးထုတ်လိုက်ပြီး...

''ငါတို့ ဒီနေ့ထူးအောင်ကို စလိုက်တာ ဒီကောင်တော့ တော်တော်မှတ်လောက်သားလောက် ရှိသွားပြီကွ...''

''ဟာ... မှတ်လောက်သားလောက်ရှိရုံတင် ဘယ်ဟုတ်မလဲ ကြောက်သေးတောင် ပါသွားလား မသိဘူး...ဟား...ဟား...ဟား...''

''ဟား...ဟား... ဟား...''



ဒီမိုးတို့ ထိုင်နေသည့် အိမ်ရှေ့က ဝါးကွပ်ပျစ်နှင့် အသုဘမဏ္ဍပ်က သိပ်မဝေးသဖြင့် ရယ်သံတွေကို မဏ္ဍပ်ထဲမှ လူတွေက ကြားသွားပြီး လှည့်ကြည့်ကြ၏။

အောင်မောင်းက တော်တော်နှင့် အရှိန်မသေဘဲ...

''ဒါတင် ဘယ်ဟုတ်ဦးမလဲ... ဒီကောင် ရွာရောက်တော့ ဒေါ်လေးမငွေကို ငါတို့က ထန်းရည်မူးပြီး သူ့ကိုရန်လိုက်စတယ်လို့ သွားတိုင်သေးတယ်''

အောင်မောင်းကပြောပြီး သဘောကျစွာ ဆက်ရယ်နေပြန်သည်။ ထိုအချိန်မှာပင် ထူးအောင် ခြံပေါက်ဝမှ ဝင်လာသည်ကို တွေ့လိုက်ရသည်။

ချက်ချင်းဆိုသလိုပင် ဖိုးပိန်က ဒီမိုးကို လက်တို့လိုက်ပြီး...

''ဒီမိုး...ဒီမိုး...ဟိုမှာ ထူးအောင်လာနေပြီ...''

ထူးအောင်က ပုဆိုးကို မြေကြီးနှင့်ထိလုမခန်း အရှည်ကြီးဝတ်ထားပြီး ရှပ်အင်္ကျီလက်ရှည်ကို ကြယ်သီးအပြည့်တပ်ကာ ဝတ်၍ ခြံပေါက်ဝမှ တစ်လှမ်းချင်း လျှောက်လာလေ၏။

မျက်နှာကလည်း သုန်မှုန်နေပြီး ဒီမိုးတို့ကို မကျေနပ်သည့် မျက်လုံးတွေဖြင့် ကြည့်နေ၏။ အနားကိုရောက်တော့ ထူးအောင်က...

''မင်းတို့ ဒီနေ့ငါ့ကိုစတာ တော်တော်ကို တရားလွန်တယ်။ နောက်တစ်ခါဆိုရင် ငါလုံးဝခွင့်မလွှတ်တော့ဘူး...''

ထူးအောင်စကားကြောင့် အားလုံးမျက်နှာက ပြုံးစိစိဖြစ်သွားကြပြီး အောင်မောင်းက ရယ်ကျဲကျဲမျက်နှာဖြင့်

''အေးပါကွာ... ထူးအောင်ရာ... နောက်ဆို မင်းကို မစတော့ဘူးနော်...။ ကဲ...လာ...လာ..ထိုင်''

ထူးအောင်၏မျက်နှာက ဟန်ဆောင်တင်းထားရပေမယ့် အောင်မောင်းစကားကြောင့် စိတ်ပြေသွားဟန်က အထင်းသားပေါ်နေသည်။

ထူးအောင်က ဝါးကွပ်ပျစ်ပေါ်တွင် ဝင်ထိုင်လိုက်ပြီး ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်သည်။

* * *

www.burmeseclassic.com



တဖြည်းဖြည်းနှင့် ရာသီဥတုက အေးလာသည့်အတွက် ဒီမိုးက ဖြုတ်ထားသော အင်္ကျီကြယ်သီးပြန်တပ်ထားလိုက်သည်။ ထူးအောင်ကတော့ ရေနွေးကြမ်းကိုသာ အတင်းဖိသောက်နေ၏။

ဖိုးပိန်နှင့် အောင်မောင်းကတော့ စကားပြောမပြတ်....။

"ဒါနဲ့ ဒေါ်ပြားကြီးကော သေတာမကျွတ်ဘူးဆိုတာ ဟုတ်လား ဖိုးပိန်"

ဖိုးပိန်က မပြောသေးဘဲ အားလုံးကို စေ့စေ့ကြည့်လိုက်သည်။ ထူးအောင်က သောက်လက်စရေနွေးကြမ်းခွက် ချထားလိုက်ပြီး ဖိုးပိန်ကို ပါးစပ်အဟောင်းသားဖြစ်- ငေးကြည့်နေသည်။

ဖိုးပိန်စကားကြောင့် ဒီမိုးပါ ကြက်သီးဖြန်းခနဲ ထသွားသည်။

ဖိုးပိန်က...

"ဟုတ်တယ်ကွ...ဒေါ်ပြားကြီးက မကျွတ်ဘူး...။ ရွာထိပ်က ကုက္ကိုပင်ကြီးမှာ အစောင့်ဖြစ်နေတယ်လို့ ပြောကြတာပဲ..."

ထူးအောင်က ဖိုးပိန်စကားကြောင့် မျက်လုံးပြူးကျယ်သွားပြီး ထိတ်လန့်နေသည့်အသံဖြင့် မေးလိုက်သည်။

"ဘယ်...ဘယ်လို အစောင့်ဖြစ်တာလဲ"

"ဘာလို့ အစောင့်ဖြစ်တာလဲဆိုတော့ ဒေါ်ပြားကြီးက အဲဒီ ကုက္ကိုပင်ကြီးနားမှာ သစ်လုံးတင်လာတဲ့ လှည်းမှောက်လို့ သေသွားတာကွ။ အစိမ်းသေဆိုတော့ ဘယ်ကျွတ်ပါ့မလဲကွာ။ တစ်ခါတုန်းကဆို ရွာထဲ လူတစ်ယောက် အခုလိုအချိန် အဲဒီကုက္ကိုပင်ကြီးအောက်က ဖြတ်သွားတုန်း နာမည်ခေါ်သံကြားလိုက်ရတာနဲ့ မော့ကြည့်လိုက်တော့ ဒေါ်ပြားကြီးက ကုက္ကိုပင်ပေါ်မှာ ငုတ်တုတ်ကြီး ထိုင်နေတာတဲ့။ ပြီးတော့ အဲဒီလူကို ဒေါ်ပြားကြီးက ရယ်ပြလိုက်တာ လျှာကြီးတွေက လက်တစ်တောင်လောက်ထွက်လာတော့တာပဲ။ အဲဒီလူလည်း သွေးရူးသွေးတန်းနဲ့ အော်ပြီးပြေးသွားလိုက်တာ တစ်လလောက်ကို မနည်းကုယူရတယ်ကွ...."

မျက်နှာက သိသိသာသာ ပျက်သွားပြီး အနီးရှိ ဓနိပင်ပေါ်ကို



လျှောက်ကြည့်နေသည်။

ဒီမိုးကတော့ အေးစက်လာသော လက်နှစ်ဖက်ကို အပြန်အလှန် ဆုပ်နယ်ရင်း ဖင်တကြွကြွဖြစ်လာသည်။ စိတ်ထဲတွင်လည်း ဆီးသွားချင်သလိုလို အလေးသွားချင်သလို ဖြစ်လာပြီး ကယောင်ကတမ်းနှင့် ကွမ်းအစ်ကို လှမ်းယူလိုက်သည်။ ပြီးမှ သူကွမ်းမစားတတ်မှန်း သတိရသွားပြီး ကွမ်းအစ်ကို ပြန်၍ချထားလိုက်၏။

ဒီမိုး၏အာရုံက စကားဝိုင်းဆီကို မရောက်တော့ဘဲ ဘေးပတ်ဝန်းကျင်ကိုသာ အားရပါးရ ကြည့်လိုက်ချင်မိတော့သည်။

ဘေးကပဲ ပေါ်လာမလိုလို...

နောက်ကပဲ တစ်စုံတစ်ယောက်က လှမ်းကိုင်လိုက်မလိုလို ဖြစ်နေသည့် ခံစားမှုက သူ့စိတ်တစ်ခုလုံးကို လွှမ်းခြုံထားသည်။

ဒီမိုးက ဟန်မပျက်ဆက်နေလိုက်ပြီး အသံကိုထိန်းလျက်...

"ဟင်... မင်းတို့သရဲကလည်း သိပ်လဲကြောက်စရာ မကောင်းဘူး...။ ငါတွေ့ဖူးတဲ့ သရဲကမှ..."

ထူးအောင်က ဒီမိုးစကားမဆုံးခင်မှာပင် ကြောက်ရွံ့ထိတ်လန့်နေသည့် မျက်နှာနှင့် ပျာပျာသလဲ ဝင်ပြောလိုက်၏။

"တော်ပါတော့ကွာ... မပြောပါနဲ့တော့။ ဒီညငါတစ်ယောက်တည်း အိပ်ရမှာမို့လို့ပါကွာ...။ ပြီးတော့ ငါသေးလဲ အရမ်းပေါက်ချင်နေလို့ ငါ့နောက်ကို တစ်ယောက်ယောက် လိုက်ခဲ့ပါလားကွာ"

မျက်နှာငယ်လေးနှင့် တောင်းပန်သလိုမျိုး ပြောနေသည့် ထူးအောင်ကိုကြည့်ပြီး ဒီမိုးသနားသွားမိ၏။ သူလည်း ဒီညတစ်ယောက်ထဲ အိပ်ရမှာဖြစ်ပြီး ထူးအောင်လိုပဲ အပေါ့သွားချင်နေသည် မဟုတ်လား...

ထူးအောင်နှင့်အတူတူ အပေါ့လိုက်သွားရင် ကောင်းမလားဟု စဉ်းစားနေခိုက်မှာပင် အောင်မောင်းက...

"မင်းယောကျာ်းပဲ ကိုယ့်ဘာသာကိုယ် သွားပါလား...။ ငါတို့က မင်းကို သေးပေါက်ချီးပါ လိုက်ပို့တဲ့လူမှ မဟုတ်ဘဲ..."

ထိုစကားကြောင့် ထူးအောင်နှင့်အတူတူ အပေါ့သွားဖို့ စဉ်း

www.burmeseclassic.com

www.burmeseclassic.com



စားနေသည့် ဒီမိုးက စိတ်ကိုမနည်း ချုပ်တည်းထားလိုက်ပြီး…

"အေးလေ…ဟုတ်တာပဲ…။ ကိုယ်ဘာသာကိုယ် သွားပေါ့"

ဟု မကြောက်တတ်သည့် ဟန်ပန်မျိုးနှင့် ထူးအောင်ကို ပြောလိုက်သည်။

ထူးအောင်က…

"မင်း…မင်းတို့။ ရတယ်…ရတယ်…ငါ့ဖာသာငါ တစ်ယောက်ထဲပဲ သွားတော့မယ်"

ထူးအောင်က ပြောပြောဆိုဆိုနှင့် အိမ်နောက်ဖေးဘက်သို့ လှမ်းထွက်သွားသည်။ ထူးအောင်ထွက်သွားသည်နှင့် ရယ်သံစွက်နေသည့် အသံဖြင့်…

"နောက်ဖေးကောက်ရိုးပုံနားမှာ သေးပေါက်တာကို အဘိုးက မကြိုက်ဘူးနော်"

ချက်ချင်းဆိုသလို ထူးအောင်ခြေထောက်တွေက အိမ်ရှေ့ဘက်သို့ ဦးတည်ပြောင်းသွားသည်။ ဒီမိုး၊ အောင်မောင်းနှင့် ဖိုးပိန်တို့က ထူးအောင် အသည်းငယ်လွန်းတာကိုကြည့်ပြီး ရယ်လိုက်ကြ၏။

"ဟား…ဟား… ထူးအောင်ဆိုတဲ့ကောင်ကတော့ တကယ့်ကောင်ပဲကွာ။ သရဲနဲ့များ ထိပ်တိုက်တွေ့ရင် အသက်တောင်ပါသွားမလား မသိဘူး"

ခဏလောက်ကြာတော့ အသုဘမဏ္ဍပ်အတွင်းမှ ဦးလေးဦးဖိုးမှတ်၏ ကြိမ်းမောင်းသံကို ကြားရသည်။

"ဟေ့ကောင်…ထူးအောင်။ အိမ်အဝင်ခြံတိုင်ကို သေးနဲ့ မပန်းကောင်းဘူးဆိုတာ နားမလည်ဘူးလား"

ဦးလေးဦးဖိုးမှတ်က ထူးအောင်ကို ဆက်ပြီး မာန်မဲနေ၏။

သိပ်မကြာခင်မှာပင် ခြံထဲမှ ထူးအောင် ကုတ်ချောင်းချောင်းနှင့် ထွက်သွားသည်ကို တွေ့ရသည်။ ဒီမိုးက ထွက်သွားသော ထူးအောင်ကိုကြည့်ပြီး….

"အိမ်အဝင် ခြံတိုင်ကို သေးနဲ့ပန်းရင် ဘာဖြစ်လို့တုန်း…"



"ဟာ…ဖြစ်တာပေါ့ကွ။ တို့နယ်ဘက်က အယူအဆကတော့ အိမ်အဝင် ခြံတိုင်ကို သေးနဲ့ပန်းရင်ပဲ ဖြစ်ဖြစ်၊ တံရွှာန်တစ်ကောင်ကောင်က ပြေးခွေ့ရင်ပဲဖြစ်ဖြစ်၊ အသုဘလှည်း ရောက်လာတတ်တယ်ကွ"

"ဘယ်လို…ဘယ်လို…အသုဘလှည်း ဟုတ်လား…"

ဖိုးပိန်၏ ထူးဆန်းသောစကားကြောင့် ဒီမိုးက အံ့သြတကြီး မေးလိုက်သည်။ ဖိုးပိန်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး…

"မင်းမကြားဘူးသေးရင်း ပြောပြရတာပေါ့…ဒီမိုးရာ။ ဒီလိုကွ…"

* * *

www.burmeseclassic.com



## အခန်း (၅)

''ဟော့…ဟော့ နနီကို ဆွဲကြစမ်း… ဟာ… ဒုက္ခပါပဲကွာ…''

ခင်ပွန်းဖြစ်သူ ဦးပန်းစိန်၏ အလန့်တကြား အော်လိုက်သံကြောင့် မီးဖိုထဲတွင် ရေနွေးအိုးတည်နေသော ဒေါ်မယ်ခက အပေါ်သို့တက်လာပြီး အိမ်ရှေ့ကို ကြည့်လိုက်သည်။

အိမ်ရှေ့တွင်တော့ သူမတို့၏နွား နနီက ခြံဝင်းတိုင်ကို ချိုဖြင့်ပြေးခွေ့နေလေသည်။ ထိုမြင်ကွင်းကြောင့် ဒေါ်မယ်ခ မျက်နှာက ကွက်ခနဲ ပျက်သွားပြီး အထိတ်တလန့် ဖြစ်နေသည့် မျက်လုံးတွေဖြင့် ကြက်သေသေပြီး ကြည့်နေမိတော့၏။

အမြင်အာရုံထဲတွင်ကား သားဖြစ်သူအောင်မိုးက နနီကို နဖားကြိုးကနေကိုင်ဆွဲပြီး တင်းကုတ်ထဲသို့ မောင်းသွင်းသွားသည်ကို မြင်ရသည့်တိုင် ဒေါ်မယ်ခ အတွက်တော့ ဘာမှမထူးတော့သလို ထင်မိလိုက်သည်။



ဒေါ်မယ်ခတစ်ယောက် ဘယ်လောက်ကြာကြာ ငေးကြည့်နေမှန်း မသိ….

ဦးပန်းစိန်၏အသံကို ကြားလိုက်ရမှ သတိဝင်သွားပြီး ခင်ပွန်းဖြစ်သူကို ကြည့်လိုက်၏။

ဦးပန်းစိန်က တောက်တစ်ခေါက်ခေါက်နှင့်

''တောက်… ဒီနွားက ဥာဉ်ကိုမကောင်းတာပါကွာ။ အလုပ်နိုင်းရင်လဲ ပေကပ်ကပ်နဲ့။ တင်းကုပ်ထဲ ထည့်ထားရင်လဲ အငြိမ်ကို မနေနိုင်ဘူး…''

ဒေါ်မယ်ခတစ်ယောက် ဦးပန်းစိန်ကို ကြည့်ပြီး သက်ပြင်းချလိုက်မိတော့၏။ ပါးစပ်ကလည်း တစ်ခုခုပြောရန် ဟန်ပြင်ပြီးမှ မပြောဖြစ်တော့ဘဲ မီးဖိုချောင်ထဲသို့သာ ပြန်ဆင်းသွား၏။ မီးဖိုချောင်ကို အိမ်မကြီးဘေးတွင် အဖီထိုးပြီး ဆောက်ထားသောကြောင့် အဆင်းလှေကားကို ဒေါ်မယ်ခက သတိထားပြီး ဆင်းနေရသည်။

မီးဖိုချောင်ထဲအရောက်မှာတော့ ပွက်ပွက်ဆူနေသည့် ရေနွေးအိုးကို ကိုင်လိုက်မိသောကြောင့် သူမ၏လက်ချောင်းတွေက ပူလောင်သွား၏။

ဒေါ်မယ်ခက ပူသွားသောလက်ကို နားရွက်နားသို့ ကပ်ထားလိုက်ပြီး တစ်စုံတစ်ရာကိုသာ တွေးတောနေမိတော့သည်။

ခုတလော ခင်ပွန်းဖြစ်သူ ဦးပန်းစိန်ကို ကြည့်ရသည်မှာ ခွဲခွာရတော့မည့် လူတစ်ယောက်ကို မြင်နေရသလိုမျိုး သူမစိတ်ထဲတွင် ခံစားနေရသည်။

သွားလာလှုပ်ရှားနေပုံကိုက အရင်တုန်းကနဲ့ မတူတော့ဘဲ တစ်မျိုးဖြစ်နေသလို စိတ်ထဲတွင် ထင်နေမိသည်။

ဒီကြားထဲ အိပ်မက်တွေကလည်း မကောင်းသဖြင့် ဦးပန်းစိန်အတွက် ဒေါ်မယ်ခ စိတ်ပူနေမိ၏။

အခုလည်း ခြံဝင်းတိုင်ကို နွားက ပြေးခွေ့နေသည်မှာလည်း အတိတ်နိမိတ်မကောင်း…။ ဒေါ်မယ်ခက ထိုအကြောင်းတွေကို ပြန်

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမိ၍ ရင်မောသွားသည်။

ထိုစဉ်မှာပင်…။

''ဟဲ့…မယ်ခ…။ ရေ့မှာ ရေနွေးအိုးက ခမ်းတောင် ခမ်းတော့မယ်။ မချဘဲ ဘာလုပ်နေတာတုန်း''

''ဩော်…အင်း…အင်း''

မီးဖိုချောင်အဝတွင် ရပ်နေသော ဦးပန်းစိန်၏ အသံကြောင့် ဒေါ်မယ်ခက ယောင်ယောင်အအဖြင့် ပြန်ပြောလိုက်ပြီး ရေနွေးအိုးကို မီးဖိုပေါ်မှ ချလိုက်လေသည်။

* * *

ဒေါ်မယ်ခက ခုတ်ထားသော ဆေးရိုးတစ်ချို့နှင့် ဆေးရွက်တို့ကို ရောကာ ပြောင်းဖက်ထဲသို့ ထည့်ကာ ကျစ်နေအောင် လိပ်လိုက်သည်။

လက်ဖဝါးနှစ်ဖက်ဖြင့် သုံးလေးငါးခေါက် ပွတ်လှည့်ပြီးသည့်နောက်တွင် ပြောင်းနှီးတစ်ပင်ဖြင့် ဆေးလိပ်အောက်ဘက်နားကို ရစ်ပတ်ချည်လိုက်၏။

ထိုပြောင်းဖူးဖက်ဆေးလိပ်ကို မီးညှိဖို့ ပြင်လိုက်စဉ်မှာပင်…

''မယ်ခ…တစ်ခါတစ်လေ မင်းမသေခင် ငါအရင်သေတာကောင်းမှာပဲလို့ စဉ်းစားမိတယ်ကွ''

ဒေါ်မယ်ခက ထိုစကားကြောင့် အထိတ်တလန့်ဖြစ်သွားပြီး အံ့ဩတကြီးနှင့်…

''ဘာဖြစ်လို့တုန်း''

''ဘာဖြစ်ရမှာလဲ မင်းအသုဘကို ငါလိုက်မပို့ချင်လို့ပေါ့ကွ…။ မင်းနဲ့ငါနဲ့က အနှစ်ငါးဆယ်လောက် အတူတူနေလာတော့ မင်းသေသွားရင် ငါတစ်ယောက်ထဲ မနေခဲ့ချင်ဘူး မယ်ခရ''

''ရှင်ကလဲတော်….ဘာစကားတွေ ပြောနေရတာလဲ… ကျွန်မကရော ရှင့်ရဲ့ အသုဘကို လိုက်ပို့ချင်မတဲ့လား…။ ကျွန်မခုတလော



ရှင်နဲ့ပတ်သက်ပြီး အတိတ်နိမိတ်တွေလည်း မကောင်းဘူး…သေစကားမပြောစမ်းပါနဲ့ရှင်…''

ဦးပန်းစိန်က ညှိုးငယ်သွားသော ဒေါ်မယ်ခ၏ မျက်နှာကိုကြည့်ပြီး နားမလည်နိုင်ဟန်ဖြင့် မေးလိုက်၏။

''ဘာအတိတ်နိမိတ်တွေ မကောင်းလို့လဲ…မယ်ခ''

ဒေါ်မယ်ခက ပြောင်းဖူးဖက်ဆေးလိပ်ကို ဘေးနားမှ အုန်းမှုတ်ခွက်ပြာခွက်ထဲသို့ ထည့်လိုက်ပြီး…

''ဒီနေ့ နံနက် ခြံအဝင်တိုင်ကို ချိုးနဲ့ပြေးခွေ့နေတဲ့ပုံက နိမိတ်မကောင်းဘူး ကိုပန်းစိန်''

ဦးပန်းစိန်က ဒေါ်မယ်ခစကားကြောင့် စိတ်ဝင်တစား နားထောင်နေလိုက်သည်။ ဒေါ်မယ်ခက ဆက်ပြော၏။

''ကျွန်မအမေ ပြောဖူးတာကတော့ ခြံအဝင်တိုင်ကို နွား ဒါမှမဟုတ် တခြားတိရစ္ဆာန် တစ်ကောင်ကောင်က ပြေးခွေ့ရင်ပဲဖြစ်ဖြစ် ကိုက်ခဲ့ရင်ပဲဖြစ်ဖြစ် အိမ်ရှေ့ကို အသုဘလှည်းရောက်လာပြီး အခေါင်းတစ်လုံး လာချသွားတတ်တယ်တဲ့…''

''ဘာလဲဟ…အသုဘလှည်းဆိုတာ…။ ငါမရှင်းလို့ သေသေချာချာ ပြောပါဦး''

ဦးပန်းစိန်က ဒေါ်မယ်ခကို ပြန်မေးလိုက်ပြီး ကွမ်းအစ်ကို ဆွဲယူလိုက်၏။ ထို့နောက် ကွမ်းတစ်ယာကို စိမ်ပြေနပြေရာပြီး ဒေါ်မယ်ခစကားကိုသာ စောင့်မျှော်နေတော့သည်။ ဒေါ်မယ်ခက ဦးပန်းစိန်ကို ကြည့်ပြီး…

''အဲဒီ အသုဘလှည်းဆိုတာ သာမန်မြင်နေကြ နွားနှစ်ကောင်နဲ့ ဆွဲလာတဲ့ လှည်းမဟုတ်ဘဲ နွားအနက်အကြီးကြီးတစ်ကောင်နဲ့ပဲ ဆွဲလာတဲ့ လှည်းကြီးပေါ့။ လှည်းကို မောင်းလာတဲ့ လူကလည်း တစ်ကိုယ်လုံးအနက်ရောင်အဝတ်အစားတွေကို ဝတ်ထားပြီး လှည်းပေါ်မှာလည်း အခေါင်းကြီးတစ်လုံးကို တင်ထားတယ်…. အဲဒီလှည်းကြီး အိမ်ရှေ့ရောက်လာပြီး အခေါင်းချသွားရင်တော့ အချခံရတဲ့ အိမ်က လူတစ်

www.burmeseclassic.com



ယောက်ယောက် သေတော့တာပဲ''

''ဒါဆို အဲဒီလှည်းကြီးက မရဏလှည်းကြီးပေါ့ ဟုတ်လား…''

''ဟုတ်တယ်…အဲဒီလှည်းကြီးက မရဏလှည်းကြီးပဲ။ အိမ်ခြံအဝင်တိုင်တို့ ခြံစည်းရိုးတို့ကို တိရစ္ဆာန် တစ်ကောင်ကောင်ရှုန့်မူရင် အဲဒီလှည်းကြီးရောက်လာတတ်တယ်။ ကျုန်မအဘွားတုန်းကဆို နေ့ခင်းကြောင်တောင်ကြီး အဲဒီလှည်းကြီးကို တွေ့လိုက်ရတာ။ အဲဒီနေ့မှာပဲ အဘိုးဆုံးသွားတာပဲလေ…''

ဒေါ်မယ်ခ စကားရှည်ရှည် ပြောလိုက်ရသည့်အတွက် မောသွားပြီး ရေနွေးတစ်ခွက်ကို သောက်လိုက်သည်။

ဦးပန်းစိန်ကတော့ ဘာမှပြန်မတော့ဘဲ ကွမ်းကိုမြုံကာ ငြိမ်ငြိမ်လေး ထိုင်နေ၏။ ဒေါ်မယ်ခလည်း မိုးမိထားသော ထင်းတွေကို နေလှန်းရန် အိမ်အောက်သို့ ဆင်းလာခဲ့လေတော့သည်။

* * *

နေသာသလိုရှိသည်နှင့် ဒေါ်မယ်ခက ထင်းချောင်းတွေကို မြေကြီးပေါ်သို့ ဖြန့်ကျဲချထားပြီး နေလှန်းလိုက်၏။

မိုးတွင်းဖြစ်သောကြောင့် ထင်းတွေ အစိုပျံပြီး မီးမစွဲတော့။ ထိုအတွက်ကြောင့် ထင်းတွေကိုမကြာခဏဆိုသလို နေလှန်းပေးနေရသည်။

ဒီနေ့တော့ နေကတစ်နေကုန် ပူသည့်အတွက် ထင်းချောင်းတွေကို တစ်သုတ်ပြီးတစ်သုတ်ယူကာ မြေကြီးပေါ်တွင် အစီအရီချထားလိုက်၏…

ဒေါ်မယ်ခက နမ့်ူးမှ ချွေးတွေကို သုတ်လိုက်ပြီး ခြောက်သွားသော ထင်းတုံးတွေကို ရွေးနေ၏။ ထိုအချိန်မှာပင် ခြံဝင်းရှေ့မှ ဒုန်းခနဲဆို အသံကို ကြားလိုက်ရ၍ ဒေါ်မယ်ခ မော့ကြည့်လိုက်သည်။

''အလို…ဘုရား…ဘုရား…''

ဒေါ်မယ်ခက အလန့်တကြားရေရွတ်လိုက်၏။ မြင်လိုက်ရသော



မြင်ကွင်းကို မယုံကြည်နိုင်အောင်ဖြစ်သွားပြီး နောက်တစ်ကြိမ် ထပ်ကြည့်လိုက်သည်။

ခြံဝတွင်တော့ လူတစ်ယောက်…။

မြက်ခမောက်တစ်လုံးကို မျက်နှာအုပ်လုမတတ် ဆောင်းထားပြီး အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

အဲဒီလူမောင်းလာသည့် လှည်းက အနက်ရောင်နွားကြီးတစ်ကောင်တည်းကသာ ဆွဲလာခြင်းဖြစ်ပြီး လှည်းပေါ်တွင်လည်း ခေါင်းတလားတစ်လုံးကို တင်ဆောင်ထား၏။

ဒေါ်မယ်ခက မြင်လိုက်ရသော မြင်ကွင်းကြောင့် အံ့သြမှင်သက်သွားပြီး ကြက်သေသေကြည့်နေမိတော့သည်။

ထိုအခိုက်အတန့်တွင်းလေးမှာပင်…

အနက်ရောင်ဝတ်စုံနှင့်လူက လှည်းပေါ်မှ ခေါင်းတလားကို မြေကြီးပေါ်သို့ ဘုန်းခနဲမြည်အောင် ပစ်ချလိုက်ကာ လှည်းမောင်းထွက်သွားလေ၏။ အဖြစ်အပျက်တွေက မြန်ဆန်လွန်းလှသည်။

ရုတ်ချည်း ဒေါ်မယ်ခ သတိဝင်လာပြီး ကမန်းကတမ်းခြံရှေ့သို့ ပြေးထွက်လာလိုက်သည်။ ခြံဝရှေ့ရောက်ရောက်ခြင်း ခုနက ခေါင်းပစ်ချထားခဲ့သော နေရာကို အလန့်တကြား ကြည့်၏။

သို့သော်…။

မြေကွက်လပ်လေးပေါ်တွင် မည်သည့်အသုဘခေါင်းမှ ရှိမနေပါ…။

ထိုအဖြစ်အပျက်များကြောင့် ဒေါ်မယ်ခတစ်ယောက် တွေဝေစဉ်းစားသွားပြီး အိပ်မက်လား တကယ်လားဆိုသည်ကိုပင် မဝေခွဲတတ်တော့ချေ။

တအောင့်လောက်ကြတော့…

ဒေါ်မယ်ခက ခြံဝင်းထဲသို့ ပြန်ဝင်လာပြီး ခြောက်သွားသော ထင်းအချို့ကို မီးဖိုချောင်ထဲသို့ သွားထားရန် အိမ်ပေါ်သို့ တက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်သို့ ရောက်ရောက်ချင်းမှာ ဒေါ်မယ်ခအတွေးထဲသို့ တစ်စုံတစ်ရာ ဖျပ်ခနဲ ဝင်လာ၏။

"ဟင်! ကိုပန်းစိန်.."

ချက်ချင်းဆိုသလို ဒေါ်မယ်ခက လက်ထဲမှာ ပွေ့ဖက်ထားသော ထင်းချောင်းတွေကို အောက်သို့ ပစ်ချလိုက်ပြီး ဦးပန်းစိန်အခန်းထဲသို့ အလောတကြီး လှမ်းဝင်သွားလိုက်သည်။

အခန်းအပေါက်ဝအရောက်တွင်တော့ သူမရှေ့တည့်တည့်မှ လေအေးအေးတစ်ချက်က ဆောင့်တိုက်လိုက်၏။ ဒေါ်မယ်ခ ကတုန်ကယင် ဖြစ်နေသော ခြေထောက်တွေနှင့် ဦးပန်းစိန်အနားသို့ တိုးကပ်သွားပြီး ဦးပန်းစိန်၏ ကိုယ်ခန္ဓာကို ကိုင်လိုက်လေသည်။

" ဟင်! "

လက်ချောင်းထိပ်မှတဆင့် အေးစက်နေသော အထိအတွေ့တစ်ခုက သူမ၏ နှလုံးတစ်ခုလုံးကို ဖြတ်သန်းစိမ့်ဝင်သွား၏။

ဒေါ်မယ်ခ အသံပင်မထွက်နိုင်တော့ဘဲ နေရာမှာတင် ပုံလျက်သား လဲကျသွားလေတော့သည်။

* * *



## အခန်း(၆)

"ဟင်...ဒါဆို ဦးပန်းစိန်နဲ့ ဒေါ်မယ်ခ နှစ်ယောက်စလုံး သေသွားကြတာပေါ့"

"အင်း..နှစ်ယောက်စလုံး သေသွားကြတာ...။ တို့ငယ်ငယ်တုန်းက ခြံအဝင်တိုင်ကို သေးနဲ့သွားပန်းရင် အဖိုးက အဲဒီအကြောင်းကို အမြဲပြောပြတယ်ကွ..."

ဒီမိုးက ဖိုးပိန်ပြောပြနေသည့် အကြောင်းအရာတွေကို နားထောင်နေရသည်မှာ သရဲဝတ္ထုတစ်အုပ်ကို ဖတ်နေရသလိုမျိုး စိတ်လှုပ်ရှားစရာကောင်းလှန်းနေသည်ဟု ထင်မိ၏။

ရန်ကုန်ပြန်ရောက်လို့ ဝင်းဇော်တို့ကို ဒီအကြောင်းအရာတွေ ပြန်ပြောရင် ဒီကောင်တွေ ဘယ်လောက်တောင် ကြောက်ကြလိုက်မလဲ..

"ကဲ...ကဲ ဒီမိုး အိပ်ကြရအောင်...။ အချိန်လည်းတော်တော် လင့်နေပြီ..."

www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်း၏ စကားသံကြောင့် ဒီမိုးအတွေးစက ပြတ်သွားပြီး ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

တစ်ရွာလုံးက အမှောင်ထုထဲတွင် တိတ်ဆိတ်ငြိမ်သက်နေပြီး အသုဘမဏ္ဍပ်အတွင်းမှာသာ လူသုံးလေးငါးယောက် ဖဲကစားနေသည်ကို တွေ့ရသည်။

မနက်ဖြန်ဆို တန်ဆောင်မုန်းလပြည့်ရက်ဖြစ်၍ ကောင်းကင်တွင် ကြယ်နက္ခတ်စုံနေပြီး လရောင်ကလည်း မြေပြင်ပေါ်သို့ ငွေမှုန်တွေ ဖြန့်ကျဲချထားသလိုမျိုး လင်းကျင်းနေ၏။

ဒီမိုးက ဝါးကွပ်ပစ်ပေါ်မှ ဆင်းလိုက်ပြီး တစ်ချက်သမ်းဝေလိုက်ကာ…

"ဝါး…ငါက ဘယ်မှာ အိပ်ရမှာတုန်း…"

ဖိုးပိန်က ရေနံဆီမီးခွက်ကို ဒီမိုးသို့ လှမ်းပေးလိုက်ပြီး…

"ဒေါ်လေးမငွေက မင်းအတွက် အဘိုးတို့အိမ်အပေါ်ထပ်မှာ အိပ်ယာပြင်ပေးထားတယ်…လာလေ… ငါလိုက်ပို့ပေးမယ်"

ဟင်…ဒုက္ခပါပဲ။ ဒါဆိုငါက အဖိုးတို့အိမ်အပေါ်ထပ်မှာ တစ်ယောက်တည်း အိပ်ရတော့မှာပေါ့ဟု တွေးလိုက်ပြီး ဖိုးပိန်နောက်သို့ လိုက်လာခဲ့သည်။

အောင်မောင်းကတော့ သူတို့ကို လက်ပြနှုတ်ဆက်ပြီး ပြန်သွားလေသည်။

ရွာကအိမ်တွေက ခြံဝိုင်းအကျယ်ကြီးတစ်ခုအတွင်းမှာပင် အိမ်တွေဆောက်နေကြပြီး အဘိုးဦးဖိုးမြတ်၏အိမ်က ခြံရဲ့ ထောင့်စွန်းတွင်ရှိကာ အသုဘမဏ္ဍပ်နှင့် အနည်းငယ်လှမ်းသည်ဟု ဆိုနိုင်သည်။

အဘိုးဦးဖိုးမြတ်၏အိမ်က ရှေးခေတ်နှစ်ထပ်အိမ်ကြီးဖြစ်ပြီး အိမ်တစ်ခုလုံးကို ရေနံတွေဝအောင် သုတ်ထားသဖြင့် မှိုင်းညို့နက်မှောင်နေသည်။

အောက်ထပ်တွင်တော့ နာရေးလာသည့် ဆွေမျိုးသားချင်းနှင့် အဘိုးမိသားစုဝင် သုံးလေးယောက် အိပ်နေသည်ကို တွေ့ရ၏။



ရေနံဆီမီးခွက်၏ အလင်းရောင်ဖြင့် အပေါ်ထပ်လှေကားကို တက်နေသည့်အတွက် ဒီမိုးက သတိထားနေရသည်။

လှေကားက ပျဉ်းကတိုးသားတွေဖြင့် အခိုင်အမာ ဆောက်ထားသော်လည်း လက်ကိုင်လက်ရန်းမပါသည့်အတွက် ဒီမိုးအဖို့မှာ သိပ်အဆင်ပြေလှသည်ဟုတော့ မဆိုနိုင်…။

ဖိုးပိန်က လှေကားထိပ်တွင် အပြားလိုက်ဖုံးကာထားသည့် အဖုံးတံခါးတစ်ချပ်ကို တွန်းမတင်လိုက်ပြီး…

"ကဲ…ဒီမိုး… တက်သွားတော့ အပေါ်မှာ မင်းအတွက် အိပ်ယာပြင်ထားတယ်…။ မင်းအထုပ်အပိုးတွေကိုတော့ မနက်ကျမှပဲ ငါလာပို့ပေးမယ်…။ ဩော်…ညရေးညတာရှိရင် ခေါင်းရင်းမှာ ဓာတ်မီးရှိတယ်နော်…"

ဒီမိုးက ဖိုးပိန်ကို တစ်ခုခုပြောမည်ဟန်ပြင်ပြီးမှ မပြောတော့ဘဲ အပေါ်ထပ်သို့ တက်လိုက်၏။ ထို့နောက် ဖိုးပိန် တံခါးကို ကျိန်းခနဲမြည်အောင် ပိတ်လိုက်ပြီး ထွက်သွားသံကို ကြားလိုက်ရသည်။

အပေါ်ထပ်တစ်ခုလုံးက မည်းမှောင်နေသည့်အတွက် ဒီမိုးက လက်ထဲမှာရေနံဆီမီးခွက်ဖြင့် တဖြည်းဖြည်းလျှောက်လာရ၏။ သူ့အတွက် ခြင်ထောင်ထောင်ထားပြီး အိပ်ရာခင်းထားသည်ကို တွေ့လိုက်ရ၍ ထိုအနားသို့ သွားလိုက်ပြီး လက်ထဲမှ ရေနံဆီမီးခွက် ကိုတင်ရန် တစ်ခုခုကို ရှာကြည့်လိုက်သည်။ တင်စရာ ပစ္စည်းက တစ်ခုမှမတွေ့။

ဘုရားစင်ပေါ်မှာ တင်ထားလိုက်ရင်ကောင်းမလား…?

"ဟင်!" ရုတ်တရက် ဘုရားစင်ပေါ်တွင် အဘိုးဦးဖိုးမြတ်၏ ဓာတ်ပုံကို တွေ့လိုက်ရ၍ ဒီမိုး ကြက်သီးဖြန်းခနဲထသွားပြီး ကျောချမ်းချင်သလိုလို ဖြစ်သွားသည်။

ဒီမိုးကပျာကယာပင် မီးခွက်ကို ဘုရားစင်၏ လွတ်နေသည့်နေရာတစ်ခုတွင် တင်ထားလိုက်ပြီး အိပ်ယာထဲသို့ ဝင်ခဲ့သည်။

ညဉ့်နက်သည်အထိ ဒီမိုး အိပ်မပျော်နိုင်သေး။ ခေါင်းထဲတွင် အတွေးပေါင်းစုံက ရှုပ်ထွေးအုပ်ဆိုင်းနေသည်။ ခေါင်းသံလေးများလည်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တကယ်ရှိတာလား။ ဒါမှမဟုတ် ဖိုးပိန်တို့များ ငါ့ကို ခြောက်လှန့်ပြီး ပြောနေကြတာလား…။ ဒီမိုးစိတ်တွေ ယောက်ယက်ခတ်နေသည်။

ခေါင်းအုံးကိုယူပြီး မျက်နှာပေါ်ဖိထားလိုက်မိသည်။ အိမ်အပြင်ဘက်မှာ သာနေသောလရောင်ကိုလည်း မမြင်ချင်ပါ…။ လေတိုက်၍ ရေနံမီးခွက်မှ အလင်းရောင် လှုပ်ရှားယိမ်းနွဲ့သွားပုံမှာလည်း သူ့အတွက်တော့ ချောက်ချားစရာကောင်းနေသည်ဟု ထင်မိ၏။

ထို့အတွက်ကြောင့် ဒီမိုးက တစ်ဖက်သို့စောင်း အိပ်လိုက်သည်။ မျက်နှာနှင့် ခေါင်းအုံးကို ကပ်ထားသောကြောင့် သူ့အသက်ရှူသံကိုပင် တရှူးရှူးနှင့် ပြန်ကြားနေရ၏။

သိပ်မကြာခင်မှာပင် ဒီမိုးမှေးကနဲဖြစ်ပြီး အိပ်ပျော်သွားသည်။ ထို့နောက် အသံတစ်သံကို ကြားလိုက်ရသလိုလို ခံစားရပြီး လန့်နိုးလာခဲ့၏။

ဟိုး…ခပ်ဝေးဝေးဆီမှ ထွက်ပေါ်လာသော အသံ…။ ထိုအသံက ခပ်တိုးတိုးနှင့် ညင်ညင်သာသာလေး…။

အစကတော့ အောက်ထပ်မှ စကားပြောနေသံတွေဟု ထင်မိသေးသည်။ သို့သော်…မဟုတ်ပါ။ သူ့နာမည်ကို အော်ခေါ်နေသော အသံဆိုသည်မှာ သေချာပါသည်။

ဒီမိုးက အိပ်နေရာမှ ထထိုင်လိုက်ပြီး အသေအချာနားစွင့်ကြည့်လိုက်၏။

"ဒီမိုး…သား…ဒီမိုး"

ဟင်!…မိန်းမတစ်ယောက်ရဲ့ အသံပါလား…။ ဘယ်သူများ ငါ့ကို ခေါ်နေတာလဲ…။ ဒီမိုးက တစ်ယောက်တည်း တီးတိုးရေရွတ်ရင်း ခေါင်းရင်းမှ ဓာတ်မီးကိုယူကာ ခြင်ထောင်အပြင်ဘက်ကို ထွက်လိုက်သည်။

လရောင်က ပြတင်းတံခါးကို ဖြတ်သန်း၍ ပြာလဲ့လဲ့လေး လင်းနေ၏။ ဒီမိုးက လက်ထဲမှ ဓာတ်မီးဖြင့် အပေါ်ထပ်တစ်ခုလုံးကို



ထိုးဝှေ့ကြည့်လိုက်သည်။

ပရိဘောဂပစ္စည်းအချို့မှအပ တခြားမည်သူမျှ ရှိမနေပါ…။

အောက်ထပ်ကများ ခေါ်နေတာလား…။

ဒီမိုးက ထိုအတွေးနှင့်အတူ အောက်ထပ်သို့ဆင်းရန် လှေကားနားသို့ လာလိုက်သည်။ ညတုန်းက ဖိုးပိန်ထွက်သွားစဉ် ဒီလှေကားတံခါးကို ဂျိန်းခနဲမြည်အောင် ပြန်ပိတ်သွားသံကို သူ့အသေအချာကြားခဲ့ရသည်။ အခုတော့ တံခါးက ဟောင်းလောင်းပွင့်လျက်သား…။

လှေကားတံခါးကို ဘယ်လိုပြန်ပွင့်နေသည်ကို မစဉ်းစားနိုင်ဘဲ လှေကားအောက်သို့ တဖြည်းဖြည်းချင်း ဆင်းလာခဲ့သည်။

လှေကားများအတိုင်း တဖြည်းဖြည်းဆင်းလာစဉ် တီးတိုးခေါ်ငင်သံများကို ခပ်သဲ့သဲ့ကြားနေရ၏။ ခြံဝင်းထဲကများ ခေါ်နေတာလား…။ ယောက်ယက်ခတ်စွာ သံသယပွားရင်း ဒီမိုးက အောက်သို့ ဆက်ဆင်းနေသည်။

အောက်ထပ်ကိုရောက်သွားသည့်အချိန်မှာတော့ အရာရာတိုင်းသည် တိတ်ဆိတ်နေလေသည်။

မသင်္ကာစရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်လွန်းနေသဖြင့် ဒီမိုးစိတ်က ကြောက်ရွံ့ထိတ်လန့်လာ၏။ ဓာတ်မီးကိုင်ထားသောလက်ပင် တုန်ယင်စပြုလာသည်။

ပို၍ ချောက်ချားစရာကောင်းနေသည်မှာ သူညတုန်းက အပေါ်ထပ်သို့ တက်လာစဉ် မြင်ခဲ့ရသော လူတွေက အောက်ထပ်တွင် တစ်ယောက်မှ ရှိမနေကြ…။

ဟင်!… ဘယ်များ ရောက်သွားကြတာလဲ…။ မဏ္ဍပ်ထဲမှာများ စောင့်ပြီးသွားအိပ်နေကြတာလား။

ထိုအခိုက်အတန့်အတွင်းမှာပင်

"ဒီမိုးရေ…ဒီမိုး"

ခြောက်ကပ်ကပ်ရှနေသော ခေါ်ငင်သံက အမှောင်ထဲမှ တစ်ဆင့် ဒီမိုးနားထဲသို့ လွင့်စင်ပျံ့နှံ့လာသည်။ ထိုအသံကြောင့် ဒီမိုး ကြက်သီး

www.burmeseclassic.com



ဖြီးနားခန် ထသွားၡ၏။

ဟင်!… ထပ်ကြားရပြန်ပြီး… ငါဘာလုပ်ရမလဲ…။ အဲဒီအနားကို သွားလိုက်ရမလား…?

ဒီမိုးက ကြာရှည်စွာ ဆက်မစဉ်းစားနေတော့ဘဲ အမှောင်ထဲသို့ ခြေထောက်တွေကို တွန်းထုတ်လိုက်၏။ တဆက်တည်းလိုလို သူ့ခြေထောက်တွေ တုန်ခါနေမှန်း ဒီမိုးသတိပြုမိလိုက်သည်။

အိမ်အပြင်ဘက်တွင်တော့ လေကအေးစိမ့်နေသည့်အပြင် အမှောင်ထုကပါ ကြီးစိုးနေသည်။ စံပယ်ရုံတွေဆီမှ စပယ်ပန်းရနံ့ ကလည်း သင်းသင်းလေး ဆွတ်ပျံ့နေသည်။

နောက်…လေတိုးသောကြောင့် သစ်ပင်တွေ လှုပ်ရှားမွှတ်တိုက်သွားသံတွေကိုလည်း တရှဲရှဲနှင့် ကြားနေရ၏။ ဒီမိုးက ခေါင်းသံတွေကို အားစိုက်နားထောင်ပြီး အမှောင်ထဲသို့ တရွေ့ရွေ့ လှမ်းသွားနေသည်။

ထိုသို့ တစ်လှမ်းချင်းလှမ်းသွားနေရင်းမှ ခြံထောင့်ရှိ ပေပင်ကြီးနားအရောက်တွင်တော့

ဟင်..! ဘယ်သူလဲ?

အမျိုးသမီးတစ်ယောက်၏ အရိပ်သဏ္ဌာန်ကို ဒီမိုး မြင်လိုက်ရသည်။ သူမက ပေပင်ကြီးအနီးတွင်ရပ်ပြီး ဒီမိုးကို ကျောပေးထား၏။ အမှောင်ထဲတွင် မမျှော်လင့်ဘဲ အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရ၍ ဒီမိုးထိတ်လန့်ကြောက်ရွံ့သွားပြီး လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

လက်နှိပ်ဓာတ်မီးအလင်းရောင်ဖြင့် မြင်လိုက်ရသည်မှာ

အမျိုးသမီးက ဆံပင်အရှည်တွေကို ဖားလျားချထားပြီး တစ်ကိုယ်လုံးမှာလည်း သွေးတွေ အလိမ်းလိမ်း ပေရေနေသည်။

ဟင်!

ဒီမိုးက မြင်လိုက်ရသော မြင်ကွင်းကြောင့် အသည်းနှလုံးတစ်ခုလုံး အေးစက်တောင့်တင်းသွားသလို ခံစားလိုက်ရပြီး နောက်သို့



ခြေတစ်လှမ်းဆုတ်လိုက်မိသည်။

ကျောပြင်တစ်ခုလုံးလည်း ဖြန်းခနဲ အေးစက်သွားသလို ခံစားလိုက်ရသည်။

တုန်ခါလှုပ်ရမ်းနေသော လက်နှိပ်ဓာတ်မီးအလင်းရောင်ဖြင့် ဒီမိုးက ထိုမိန်းမကြီးကို ကြည့်လိုက်သည်။

မျက်နှာပေါ်တွင် နီရဲစူးရှနေသော မျက်လုံးတွေနှင့်အတူ သွေးစက်တွေကိုပါ တွေ့လိုက်ရပြီး…

ဒီမိုး ချက်ချင်းဆိုသလို ထိုမျက်နှာကို မှတ်မိသွားကာ ဝမ်းနည်းထိတ်လန့်စွာ အော်ခေါ်လိုက်မိတော့သည်။

"မေမေ"

* * *

အိပ်ရာပေါ်တွင်တော့ ဒီမိုးတစ်ကိုယ်လုံး တဆက်ဆက်တုန်အောင် ကြောက်နေမိသည်။

ဒါ…ဒါ အိပ်မက်ဆိုးတစ်ခုလား? မေမေများ ငါ့ကို အိပ်မက်လာပေးတာလား… ဒီမိုးက တတွတ်တွတ်ရေရွတ်ရင်း နဖူးပေါ်မှ ချွေးစေးတွေကို လက်ဖြင့် သပ်ချလိုက်သည်။

အခုတစ်လော ငါဘာလို့များ မေမေကို အိပ်မက်တွေ မက်နေရတာလဲ…? တစ်ခုခုများ မှားယွင်းနေလို့လား…ဒါမှမဟုတ် ငါ့ပဲ စိတ်တွေ ကယောင်ချောက်ချား ဖြစ်နေတာလား…။

အတွေးပေါင်းစုံကြောင့် ဒီမိုးခန္ဓာကိုယ်တစ်ခုလုံး နွမ်းလျလာ၏။ ဒီမိုးက ထိုအကြောင်းကို ဆက်ပြီး မစဉ်းစားချင်တော့။

ခဏလောက်ကြာတော့ သူ့အသက်ရှူသံတွေ ပုံမှန်ဖြစ်သွားပြီး အိပ်ဖို့ ကြိုးစားလိုက်သည်။ သို့သော် သူ့စိတ်တွေ လေးလံနေသည့်အတွက် အိပ်မပျော်နိုင်ဘဲ ဖြစ်နေ၏။ နောက်ဆုံးတော့ ဒီမိုးက ခြင်ထောင်ထဲမှ ထွက်လိုက်ပြီး အပြင်ဘက်သို့ ကြည့်လိုက်သည်။

ရေနံဆီမီးခွက်က အခုထိ တလှုပ်လှုပ် လင်းနေသည်ကို တွေ့

www.burmeseclassic.com



လိုက်ရသည့်အတွက် ဒီမိုးက စိတ်ကူးတစ်ခုရသွားပြီး...

"အိပ်မပျော်တာနဲ့အတူတူ စာအုပ်ဖတ်ရင်ကောင်းမလား..."

ထိုအတွေးနှင့်အတူ ဘေးပတ်ဝန်းကျင်ကို (စာအုပ် တစ်အုပ်တစ်လေများ တွေ့လိုတွေ့ငြား) ဝေ့ကြည့်လိုက်သည်။ တပြိုင်နက်ထဲ လိုလို သူ့ခရီးဆောင်အိတ်ကို ဖိုးပိန်တို့အိမ်မှာ ထားမိသည့်အတွက် နောင်တရသွားပြီး သက်ပြင်းချလိုက်မိသည်။

ငါ့စာအုပ်တွေသာ ဒီအချိန်မှာရှိခဲ့ရင် သိပ်အသုံးဝင်မှာ...။

သို့သော်... သူ့မျက်လုံးတွေက ဘုရားစင်ထောင့် တစ်နေရာကို ကြည့်မိသွားချိန်မှာတော့ ဝင်းလက်တောက်ပသွား၏။

ဘုရားစင်တွင် အစီအရီထပ်ထားသော စာအုပ်ပုံကလေးကို တွေ့ရသောကြောင့်ဖြစ်သည်။

ဒီမိုးက သွက်လက်စွာဖြင့် ဘုရားစင်နားသို့ ထသွားလိုက်ပြီး ထပ်ထားသော စာအုပ်ပုံမှ စာအုပ်တွေကို တစ်အုပ်ချင်း ယူကြည့်လိုက်သည်။

စာအုပ်တော်တော်များများက ဘုရားစာအုပ်တွေဖြစ်နေပြီး ဗေဒင်စာအုပ်အချို့ကိုလည်း တွေ့ရသည်။ ဖတ်ချင်သည့် စာအုပ် အမျိုးအစားတွေ မဟုတ်သောကြောင့် ဆက်ရှာကြည့်လိုက်၏။

အောက်ဆုံးအရောက်တွင်

"ဟင်!"

ဖုန်တွေအလိမ်းလိမ်း ကပ်ညိနေသော စာအုပ်အဖုံးပေါ်မှ မသဲမကွဲ စာတမ်းတစ်ခုကြောင့် ဒီမိုးမျက်လုံးတွေ ဝိုင်းကျယ်ပြူးစက်သွားသည်။

**"အပယ်ခံရှာသား ဦးအောင်ဘညို၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ"**

ထိုစာတမ်းကြောင့် ဦးလေးဦးဖိုးမှတ် ပြောခဲ့သည်ကို ပြေးသတိရသွားပြီး...

ဩ...ဩ... သချိုင်းစောင့် ဩဘာကို ခေါ်လာတဲ့လူပဲဟု အံ့သြတကြီး ရေရွတ်မိလိုက်သည်။

စာအုပ်အဖုံးပေါ်မှ ဖုန်တွေကို ခါထုတ်လိုက်ပြီး ထိုစာအုပ်ကို



အိပ်ရာနားသို့ ယူလာခဲ့ရင်း ရေနံဆီမီးခွက်ကို ဘုရားစင်ပေါ်မှ အောက်သို့ ချလိုက်ကာ စာအုပ်ကိုဖတ်ရန် ပြင်ဆင်လိုက်သည်။

စာအုပ်၏ ပထမစာမျက်နှာကပင်သူ့အာရုံစူးစိုက်မှုကို ညှို့ငင်ဖမ်းစားသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ကျုပ်နာမည် အောင်ဘညိုတဲ့ဗျ…။

ဒါပေမယ့် ကျုပ်နာမည်က အဓိကမကျပါဘူး…။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်အဓိကပြောချင်တာက ကျုပ်တို့ဆရာကြီး ဦးသီလရာဇာရဲ့ အကြောင်းကို…။

လပြည့်ညမှာ လောလောလတ်လတ် သေထားတဲ့ အလောင်းတစ်လောင်းကို ဖုတ်သွင်းခဲ့တဲ့ ဆရာကြီးလေ…။

မြေမှုန့်လက်တစ်ဆုပ်ယူ၊ လူသေနဖူးမှာ အင်းစမချ၊ ဂါထာရွတ်ဦးဖွဟဲ့ဆိုပြီး ခြေဆောင့်မန်းမှုတ်လိုက်တာ အလောင်းကောင် ဝေါက်ခနဲထထိုင်လာတဲ့အထိ စွမ်းခဲ့တဲ့ ရှုဠဂန္ဓာရီဝိဇ္ဇာကြီးတစ်ယောက်ပေါ့။

ဆရာကြီးဦးသီလရာဇာရဲ့ပုံက အမြဲတမ်းလိုလို တင်းမာခက်ထန်နေတဲ့ မျက်နှာ၊ စူးရှနေတဲ့ မျက်လုံး။ ကုတ်ပေါ်ကို ဝဲကျနေတဲ့ ဆံပင်ဖြူတွေကြောင့် သာမာန်လူနဲ့ မတူဘဲ ခြသေ့်တစ်ကောင်လား



တောင် ထင်ရတယ်… ခန္ဓာကိုယ်ကလည်း ထွားထွားကျိုင်းကျိုင်း…။

ဒါပေမယ့် ဆရာကြီးက စိတ်ထားနှလုံးသား နူးညံ့ပျော့ပျောင်းပြီး ရဲရင့်တည်ကြည်တဲ့ လူတစ်ယောက်ပါ။ ဘာသာတရားကိုလဲ အလွန်ပဲ ကိုင်းရှိုင်းပါတယ်။

ကျုပ်နဲ့ဩဘာက ဆရာကြီးရဲ့ တပည့်အရင်းတွေ။ မိုးလင်းကမိုးချုပ် ဆရာကြီးဆီမှာ အင်း၊ ပြဒါး၊ ဆေးနဲ့ သံဝိဇ္ဇာပညာတွေကို သင်အံကျက်မှတ်လာခဲ့တဲ့ လူတွေပေါ့…။

ကျုပ်တို့က လူငယ်တွေဆိုတော့ ကျုပ်တို့ရွာသားတွေအပေါ်ကို အထင်အမြင်မှားနေတဲ့ စက်ဆုပ်ရွံရှာဖွယ် အယူအဆဆိုးကြီးကို တွန်းလှန်ပစ်ချင်နေတဲ့စိတ်က အမြဲတမ်းရင်ထဲမှာ ကိန်းအောင်းနေခဲ့တယ်။

ဒါနဲ့….ကျုပ်တို့နေတဲ့ ရွာကို ခေါ်တာ ဘာတဲ့…။

"အပယ်ခံရွာ…"တဲ့ ဟုတ်လား။

ကျုပ်အဲဒီနာမည်ကို ကြားတိုင်း အသည်းနာလွန်းလို့ အာခေါင်ကျိန်းမတတ် တောက်ခေါက်မိတယ်။ ကျုပ်တို့ ရွာသားတွေကို လူအဆင့်မှာထားပြီး မဆက်ဆံတဲ့ လူတွေကို အမုန်းချေပစ်လိုက်ချင်တယ်… ကိုလိုနီ မျက်နှာဖြူကောင်တွေက ကျုပ်တို့ တိုင်းရင်းသားအချင်းချင်း မယုံသင်္ကာဖြစ်ပြီး စည်းလုံးလို့မရအောင် ကောလာဟလလွှင့်ပြီး သွေးခွဲခဲ့ကြတာလေ။ ကျုပ်တို့နေတဲ့ရွာက စုန်းတွေတဲ့။ ဟုတ်လား….။

တခြားရွာကလူတွေကလည်း မျက်နှာဖြူနယ်ချဲ့ရဲ့ စကားကိုမယုံကြတယ်။ ကျုပ်တို့ တမြတ်တနိုးတန်ဖိုးထားတဲ့ ဂမ္ဘီရပညာကို ရွံသလို ကြောက်သလို အထင်အမြင်သေးကြတယ်။ တကယ်ဆို ဒါဟာ အမျိုးဘာသာ သာသနာကို စောင့်ရှောက်နိုင်တဲ့ ပညာပါဗျာ။

လောကကြီးမတရားဘူးဆိုတာ ဒါကိုပြောတာလား။

ကျုပ်တို့ရွာမှာ အိမ်ကြီးအိမ်ကောင်းဆိုလို့ ဘုန်းကြီးတစ်ပါးမှမရှိတဲ့ ကျောင်းအိုကျောင်းပျက်ကြီးပဲရှိတယ်။ ကျန်တဲ့ အိမ်တွေအားလုံးက လေးတိုင်စင်တွေ…။

အဲဒီအထဲမှာ ကျုပ်နေရတဲ့အိမ်က တော်ရုံဆိုး[illegible]တဲ့လားဗျာ…။

www.burmeseclassic.com



ခနော်နီခနော်နဲ့ အခန်းကျဉ်းလေးထဲမှာ ညီနစ်ယောက်နဲ့ အတူတူ နေရပြီး ခေါင်မိုးဆိုတာတော့ နက္ခတ်ပညာရှင်တွေအတွက် လုပ်ထားသလားတောင် ထင်ရတယ်။

တိုင်ဆိုတာကတော့ မခွဲမခြမ်းဘဲ ထင်းစိုက်လို့ရတယ်။

အဲဒီအကြောင်းတွေကို ဆရာကြီးဆီမှာ ရင်ဖွင့်ရင် အမြဲကြားရတတ်တဲ့ ဆရာကြီးရဲ့ နှစ်သိမ့်စကားကတော့…

"ဒါကို တို့ရဲ့ကံကြမ္မာလို့ပဲ ယူဆလိုက်ပါ…။ မင်းတို့လုပ်ရမှာက ငါသင်ပေးတဲ့ ပညာရပ်တွေကိုသာ ကျွမ်းကျင်ပိုင်နိုင်အောင် သင်ယူဖို့ပဲ…"

* * *

ကျုပ်ရဲ့ဒေါသတွေက ယမ်းပုံမီးကျဆိုသလိုပဲ ဒီကနေ့မှာတော့ ပေါက်ကွဲထွက်ကုန်တယ်။ ကျုပ်အကြိတ်လိုက်လို့ သွားသွားချင်း ပွတ်မိတဲ့အသံက မိုးခြိမ်းသံထက်တောင် ကျယ်နေသေးတယ်။

ကျုပ်တို့ဘာလုပ်ကြမလဲ?

နယ်ချဲ့လက်ပါးစေ ဂေါ်ရာပုလိပ်တွေနဲ့ မျက်နှာဖြူဒလန်တွေ ပြောနေကြတာက ကျုပ်တို့တစ်ရွာလုံးဟာ စုန်းတွေတဲ့။ ပြီးတော့ စုန်းမော်အောင်ဖို့ အနီးအနားရွာက ကလေးတွေကို သတ်ပြီး ဆေးစီရင်မလို့တဲ့။ ကျုပ်လည်း ကြံရာမရတာနဲ့ ဆရာကြီးဆီ ပြေးလာခဲ့ရတာပေါ့။ ဆရာကြီးက သူ့ရဲ့မုတ်ဆိတ်မွေးရှည်ကြီးတွေကို ပွတ်သပ်ပြီး တည်တည်ငြိမ်ငြိမ်ပဲ ပြန်ပြောတယ်…။

"အောင်ဘညို… မင်းမှတ်ထားဖို့က ဒီကိစ္စကို အရူးတွေပဲ ယုံကြလိမ့်မယ်..။ ပြီးတော့ ကောလဟာလဆိုတာ ကြာရှည်မခံတဲ့ စကားအမျိုးအစား တစ်ခုပဲကွ"

"ဒါပေမယ့် ဆရာကြီးရယ် အခု လူတွေက ယုံသထက်ယုံလာကြပြီ…။ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

ကျုပ်စကားကိုတောင် ဆရာကြီးက ဆုံးအောင်မစောင့်တော့ဘဲ



အခန်းထဲကို ဝင်သွားပြီး ခေါင်းတညိတ်ညိတ်လုပ်နေတာကို တွေ့ရတယ်။ ကျုပ်ရဲ့ အိမ်အပြန်ခြေလှမ်းတွေက လေးလံနေပေမယ့် ကျုပ်ရင်ထဲမှာတော့ ဒေါသအခိုးငွေ့တွေက ဆူဝေနေခဲ့တာပါ…။

တစ်နေ့တစ်ခြားလဲ ကောလဟာလသတင်းစကားတွေက ပျံ့နှံ့လာလိုက်ကြတာ ပြောမနေပါနဲ့… ဒီလိုနဲ့ တစ်ညမှာတော့…

* * *

မြူတွေဆိုင်းနေတဲ့ ညတစ်ည…

အလွန်ချမ်းအေးနေသည့်ကြားမှပင် လေက ဟူးဟူးဟဲဟဲ မြည်အောင် တိုက်ခတ်လိုက်သောကြောင့် သူတို့နေထိုင်ရာ တဲအိမ်လေးက သိမ့်သိမ့်ပါအောင် တုန်ခါသွားသည်။

ခေါင်မိုးပေါ်က မိုးထားသော သက္ကယ်ပျစ်တွေ၏ တဗျစ်ဗျစ် ထိခတ်နေသည့် အသံများမှာလည်း နားမဆံ့အောင်ပင် ကြားနေရ၏။

တကျွိကျွိ မြည်နေပြီး သိမ့်သိမ့်ခါနေသော တဲအိမ်လေးအတွင်းတွင် အိပ်နေသော အောင်ဘညိုတစ်ယောက် ထိုအသံတွေကြောင့် အိပ်လို့မရတော့ဘဲ အိမ်ရှေ့သို့ထွက်ကာ ထိုင်နေလိုက်တော့သည်။

ရာသီဥတုက ခိုက်ခိုက်တုန်အောင် ချမ်းနေသဖြင့် စောင်တစ်ထည်ကို ခန္ဓာကိုယ်ပေါ်မှာ ပတ်ထားပြီး ကျုံ့ကျုံ့ထိုင်နေရ၏။

ထိုစဉ် လေတိုက်သံတွေနှင့်အတူ သူ့နာမည် အော်လိုက်သံကို ကြားလိုက်ရသည်။

"ဟင်! ဒီအချိန်ကြီး ဘယ်သူပါလိမ့်"

အောင်ဘညိုက တစ်ကိုယ်တည်း တီးတိုးပြောဆိုလိုက်ပြီး ခြံဝကို ကြည့်လိုက်သည်။ မြူတွေကြောင့် ချက်ချင်းဘယ်သူမှန်းမသိ။

ခြံထဲကို ဝင်လာတော့မှ မှတ်မိသွားပြီး…

"ဟော့ကောင်… သြဘာ၊ ဒီအချိန်ကြီး ဘာလာလုပ်တာလဲ။ မင်းနယ် ချမ်းချမ်းစီးစီးကွာ"

သြဘာ ဆိုသူက သုတ်သုတ်ပျာပျာနှင့် အောင်ဘညိုတို့ အိမ်

www.burmeseclassic.com



တံစက်မြိတ်အောက်သို့ ဝင်လာလိုက်ပြီး စိတ်လှုပ်ရှားနေသည့် လေသံဖြင့် ပြောလိုက်သည်။

"အောင်ဘညို . . . မင်းကိုဆရာကြီးက အရေးတကြီးခိုင်းစရာရှိလို့ ခေါ်ခိုင်းလိုက်တယ်ကွ။ အဝတ်အစားအရွယ်ကြီးကြီး တစ်စုံကိုလည်း ယူလာဖို့ မှာလိုက်တယ် . . ."

အချိန်မတော်ကြီး ဆရာကြီးက ခေါ်ခိုင်းလိုက်သည်ဆိုသောကြောင့် အောင်ဘညို အံ့အားသင့်သွားပြီး အလောတကြီး မေးလိုက်သည်။

"ဒီအချိန်ကြီးမှ ဆရာကြီးက ဘာခိုင်းမလို့လဲ"

အောင်ဘညိုအသံက ကျယ်လောင်သွားသည်လားမသိ။ သြဘာက အလန့်တကြား ဘေးဘီဝဲယာကို ကြည့်လိုက်ပြီး နှုတ်ခမ်းပေါ်သို့ လက်ညှိုးတင်လိုက်ကာ . . .

"ရှူး . . . တိုးတိုး။ ဘယ်သူမှ မသိစေနဲ့လို့ ဆရာကြီးက မှာလိုက်တယ်ကွ . . .။ မင်း ဆရာကြီး မှာလိုက်တာကိုယူပြီး အခုချက်ချင်း ရွာထိပ်ကိုသွားလိုက် . . . ဟိုမှာ ဆရာကြီးစောင့်နေတယ်"

သြဘာက စကားကို မြန်မြန်ပြောပြီး ခြံဝင်းအပြင်သို့ ထွက်သွားရန် ပြင်လိုက်သည်။ အောင်ဘညိုက ရုတ်တရက်နားမလည်နိုင်ဘဲ တွေဝေနေဟန်ဖြင့် . . .

"မင်းကရော ဘယ်သွားမလို့လဲ . . ."

"ငါလည်း ဆရာကြီးခိုင်းလိုက်တာတစ်ခုရှိလို့ သွားမလို့"

ပြောပြောဆိုဆိုနှင့် သြဘာက ခြံဝင်းအတွင်းမှ မပြေးရုံတမယ် လှမ်းထွက်သွားသည်။ အောင်ဘညိုက ဘာဆက်လုပ်ရမှန်း မသိတော့ဘဲ ယောင်ယောင်နနဖြစ်သွားပြီး အတန်ကြာမှ ဆုံးဖြတ်ချက်တစ်ခုချလိုက်၏။

* * *

အောင်ဘညို အထုတ်တစ်ထုတ်ကို ရင်ခွင်ပိုက်ပြီး လမ်းပေါ်သို့



ထွက်လိုက်သည်နှင့်တပြိုင်နက် အေးစိမ့်နေသည့် လေတွေက သူ့အသားကို ဓားပါးပါးလေးဖြင့် လှီးလိုက်သလို ဖြတ်တိုက်သွားသည်။

မြူတွေကြားမှပင် လပြည့်ရက်ဖြစ်သောကြောင့် လ၏အလင်းရောင်က ပြာလဲ့လဲ့လင်းနေ၏။ ဝန်းကျင်တစ်ခုလုံး လေတိုးသောအသံမှအပ အားလုံးတိတ်ဆိတ်ငြိမ်သက်နေကြသည်။

နှင်းရည်စိုနေသော မြေလမ်းပေါ်တွင် လျှောက်နေရသည့်အတွက် ခြေထောက်တွေက ချော်ချွတ်ချွတ် ဖြစ်နေ၏။

စိတ်ကလည်း လှုပ်ရှားလွန်းအားကြီးလာပြီး နှလုံးခုန်သံတွေက တဒိန်းဒိန်းနှင့် ပဲ့တင်ထပ်နေသည်။

ချမ်းအေးနေသည့် ရာသီဥတုအောက်တွင် ညအချိန်မတော်ကြီး လာနေရသည့်အတွက် ခြေလှမ်းတွေကို ခပ်သွက်သွက်လှမ်းနေပြီး အသက်ရှူသံကလည်း ကျယ်လောင်လာသည်။

ထိုစဉ်မှာပင် . . .

လူရိပ်သဏ္ဌာန်တစ်ခုကို မြူတွေကြားမှ ဝိုးတဝါးတွေ့လိုက်ရသည်။

သတိထားပြီး သေသေချာချာကြည့်လိုက်တော့ ဆရာကြီးဦးသီလရာဇာ . . .။

လက်ထဲတွင် မီးအိမ်တစ်လုံးကို ဆွဲထားပြီး သူ့ကိုအသံမထွက်ရန် ဆရာကြီးက လက်ကာပြလိုက်၏။ တပြိုင်နက်ထဲလိုလို သြဘာက အမောတကော ပြန်ရောက်လာပြီး သံတူရွင်းတစ်လက်ကိုလည်း ယူဆောင်လာခဲ့သည်။

ထို့နောက်

ဆရာကြီးက သူ့နောက်ကိုလိုက်လာဖို့ အချက်ပြလိုက်ပြီး ရွာအပြင်ဘက်သို့ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားလေသည်။

သြဘာနှင့် အောင်ဘညိုက ဆရာကြီးနောက်ကို မိုရန်မနည်းလိုက်လာခဲ့ရ၏။

တိတ်ဆိတ်နေသည့် ညအမှောင်ထဲတွင် ခြေသံတွေက တဘုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘုတ်နှင့် စည်းချက်ညီညီ ထွက်ပေါ်နေပြီး ကိုယ့်အသက်ရှုသံကိုလည်း ကျယ်လောင်စွာ ပြန်ကြားနေရသဖြင့် ညသည် ပို၍ ခြောက်ခြားစရာ ကောင်းနေသည်။

တစ်ခါတစ်ရံ တဲအိမ်တွေကြားထဲကို ဖြတ်တိုက်သွားသော လေသံတွေကလည်း မကောင်းဆိုးဝါးတစ်ကောင် အသံပေးချောက်လှန့်နေသလိုမျိုး...

ချိုးချိုးချွတ်ချွတ်မြည်နေ၏။

ဆရာကြီးက ကြောက်ရွံ့စိတ်အလျှင်းမရှိသည့် ပုံစံဖြင့် ရှေ့ဆက်သွားနေပြီး ဩဘာနှင့် အောင်ဘညိုကတော့ နောက်မှ ကြောက်ကြောက်ရွံ့ရွံ့နှင့် လိုက်ပါလာခဲ့သည်။

အတန်ကြာလျှောက်လာပြီးသည့်နောက်မှာတော့...

မြေပုံအဟောင်းတွေနဲ့ သင်္ချိုင်းအုတ်ဂူတွေက သူတို့ရှေ့တည့်တည့်မှ ဘွားခနဲပေါ်လာတော့၏။ ဟင်... ငါတို့ သင်္ချိုင်းကုန်းထဲကို ရောက်နေတာပါလား?

အောင်ဘညိုက မြင်လိုက်ရသောမြင်ကွင်းကြောင့် အလန့်တကြား ရှေ့ရှုတ်လိုက်ပြီး ဘေးပတ်ဝန်းကျင်ကို သေချာအောင် ထပ်ကြည့်လိုက်သည်။

အသေအချာပင်....သူတို့ ရောက်နေသည့်နေရာက သင်္ချိုင်းမြေတစ်ခု...။

ချက်ချင်းဆိုသလို ချောက်ချားစရာကောင်းသည့် အငွေ့အသက်တွေက ခန္ဓာကိုယ်ကို ဖုံးအုပ်လွှမ်းခြုံသွားသဖြင့် အောင်ဘညိုက သိစိတ်ကို လွတ်မထွက်သွားအောင် ထိန်းလိုက်ရသည်။

ဒီ... ဒီအထဲကို ဆရာကြီးက ဘာလာလုပ်ရတာလဲ...

အောင်ဘညိုက တုန်ယင်နေသော အသံဖြင့် ဩဘာကိုမေးလိုက်သည်။ ဩဘာက ကြောက်ရွံ့စိတ်ကို အတင်းမျိုသိပ်ထားရဟန်ဖြင့် အသံကိုထိန်းရင်း...

"အလောင်းကို...ဖုတ်သွင်းမလို့"



အောင်ဘညို၏လက်က တဆတ်ဆတ်တုန်နေသဖြင့် မီးအိမ်ကလည်း လှုပ်လှုပ်ရှားရှားဖြစ်နေတော့သည်။ ပေါ်လာမည့် မြင်ကွင်းကို မကြည့်ရဲတော့သည့်အတွက် မျက်လုံးကို ဖွတ်အတင်းမှိတ်ထားလိုက်၏။

နှုတ်မှလည်း ဘုရားစာတွေကို တတွတ်တွတ်ရွတ်နေမိသည်။

ဆရာကြီး ဦးသီလရာဇာနှင့် ဩဘာကတော့ ဆောင်းည၏ ချမ်းအေးနေသည့် လေထုအောက်မှာပင် ချွေးသံတရွှဲရွှဲနှင့် မြေပုံအဟောင်းတစ်ခုကို ဟန်ချက်ညီညီ တူးဆွနေ၏။

သံတူရွင်းနှင့် မြေကြီးထိခတ်သံက တိတ်ဆိတ်ငြိမ်သက်နေသည့် ညဥ့်ယံတွင် သဲ့သဲ့လေးထွက်ပေါ်နေသည်။

သင်္ချိုင်းမြေတစ်ခုလုံးက ထိုအသံမှအပ အမှောင်ထုအောက်တွင် အေးစက်တိတ်ဆိတ်နေပြီး အိပ်မောကျနေသည့်အလား...

အောင်ဘညို မျက်လုံးမှိတ်ထားသည်မှာ အချိန်ဘယ်လောက်ကြာသွားမှန်းမသိ....

ဆရာကြီးဦးသီလရာဇာ၏ အသံကို ကြားလိုက်ရမှ မျက်လုံးကို ဖွင့်ကြည့်လိုက်၏

"ရပြီ...ရပြီ...တော်တော့။ အခေါင်းရဲ့အဖုံးကို သံတူရွင်းနဲ့ ကော်ထုတ်လိုက်"

စကားသံအဆုံးမှာတော့ ဩဘာက အခေါင်းဖုံးကို ကလော်ထုတ်လိုက်သည်။

"ကျွိ"

"ကျွိ"

"ဖောင်း"

ထိုအသံတွေနှင့်အတူ ညီစို့ပုတ်အဲ့နေသည့် အနံ့အသက်က သင်္ချိုင်းမြေတစ်ခုလုံး ထောင်းထောင်းထသွားလေသည်။ အောင်ဘညိုက မြင်လိုက်ရသော မြင်ကွင်းကြောင့် မျက်လုံးတွေ ပြူးကျယ် ဝိုင်းစက်ကုန်ပြီး လက်ထဲမှ မီးအိမ်ကိုပင် လွတ်မကျအောင်မနည်းထိန်း

www.burmeseclassic.com



ထားလိုက်ရသည်။

သူ ရှာ့တည့်တည့် မြေကျင်းထဲတွင် အခေါင်းတစ်လုံးကို တွေ့လိုက်ရပြီး. . . .

ထိုအခေါင်းအတွင်းတွင် လောလောလတ်လတ်သေထားသော အလောင်းတစ်လောင်း. . .။

အလောင်းကောင်ထည့်ထားသော အခေါင်းကို ဆရာကြီးနှင့် ဩဘာက မြေကြီးပေါ်သို့ မတင်လိုက်သောအခါ. . .

အောင်ဘညိုတစ်ယောက် နေစရာပင်မရှိတော့လောက်အောင် ဖြစ်သွားပြီး ထွက်ပြေးချင်စိတ်ပေါက်မိသွား၏။ ခြေဖျားလက်ဖျားတွေ အေးစက်တောင့်တင်းလာကာ နှလုံးခုန်နှုန်းတွေက မြန်သထက် မြန်လာသည်။ ရင်တစ်ခုလုံးက ပေါက်ထွက်တော့မည် ယမ်းအိုးကြီးကဲ့သို့ ပွလောင်လာ၏။

ထိုအချိန်မှာပင်. . .

ဆရာကြီးဦးသီလရာဇာက အလောင်းကောင်၏နဖူးပေါ်တွင် အင်းကွက်တွေကို ဆွဲလိုက်ပြီး နှုတ်မှလည်း ဂါထာမန္တရားတွေ ရေရွတ်နေသည်ကို တွေ့ရသည်။

ဩဘာက ဆရာကြီးဘေးမှနေပြီး အသင့်ယူလာသောအိုးထဲမှ အမှုန့်တွေကို အလောင်းကောင်ပေါ်သို့ ဖြန့်ကျဲချနေသည်။

အောင်ဘညို၏ခန္ဓာကိုယ်က ကြောက်စိတ်တွေကြောင့် သိမ့်သိမ့်ခါ တုန်ရမ်းနေပြီး နှုတ်ခမ်းတွေပင် တဆတ်ဆတ်လှုပ်ခါနေ၏။

အလောင်းကောင်က တကယ်ပဲ အသက်ဝင်လာတော့မှာလား?

ကစဉ့်ကလျားဖြစ်နေသော စိတ်တွေက အောင်ဘညိုကို ပြန်ချောက်လှန့်နေသည့်အတွက် ဒီတစ်ခါတော့ မျက်လုံးတွေကိုတောင် မှိတ်မပစ်ရဲတော့ဘဲ အလောင်းကောင်ကြီးကိုသာ အထိတ်တလန့်နဲ့ ကြည့်နေရတော့သည်။

ဆရာကြီး ဦးသီလရာဇာက အောင်ဘညိုဘက်ကို လှည့်လိုက်ပြီး. . .



"မင်း ငါပြောတဲ့ ဂါထာကိုရွတ်ပြီး အလောင်းကို ခုနစ်ပတ်ပတ်လိုက်. . .။ ဘာပဲဖြစ်ဖြစ် ခုနစ်ပတ်မပြည့်မချင်း မရပ်ပစ်လိုက်နဲ့ ကြားလား. . ."

"ဟုတ်. . .ဟုတ်ကဲ့. . .ဆရာကြီး"

အောင်ဘညိုက ထစ်ထစ်ငေါ့ငေါ့နှင့် ပြန်ဖြေရင်း ဆရာကြီး ဦးသီလရာဇာ သင်ပေးနေသည့် ဂါထာကို လိုက်ရွတ်၏။

ညွတ်ခွေကျလုမတတ်ဖြစ်နေသော ခြေထောက်တွေကို အားတင်းရင်း အလောင်းကောင်ကို စတင်ပြီး ခုနစ်ပတ် ပတ်လိုက်သည်။ နှုတ်မှလည်း ဂါထာတွေကို အဆက်မပြတ်ရွတ်ဆိုနေရသည်။ အားတင်းထိန်းချုပ်နေသည့်ကြားမှပင် အသံတွေက တုန်ယင်နေဆဲ. . .။

အလောင်းကောင် ဘယ်အချိန်ထလာမလဲဆိုသော ထိတ်လန့်စိတ်က မျက်လုံးတွေကို ပြူးကျယ်စေပြန်သည်။

ဒယီးဒယိုင်ဖြစ်နေသော ခြေလှမ်းတွေက အယောင်ယောင်အမှားမှားဖြစ်နေပေမယ့်လည်း ခုနစ်ပတ်ပြည့်သွားပြီမို့ အောင်ဘညို ရပ်တန့်လိုက်၏။

အောင်ဘညိုတစ်ကိုယ်လုံးမှာ ချွေးတွေဖြင့် ရွှဲနစ်နေပြီး အသက်ရှူသံတွေကလည်း တရှုးရှုးတရှဲရှဲမြည်နေ၏။

ထိုအခိုက်အတန့်လေးအတွင်းမှာပင်. . .

ဆရာကြီးဦးသီလရာဇာက အလောင်းကောင်နဖူးကို လက်ဝါးဖြင့် ဖြန်းကနဲ ရိုက်ချလိုက်ပြီး ကြောက်စရာအသံကြီးဖြင့်. . .

"ဦး. . . .ထစမ်း"

"ဒုန်း"

ကြည့်နေစဉ်အတွင်းမှာပင် အလောင်းကောင်က အခေါင်းထဲမှ ငုတ်တုတ်ထထိုင်လာပြီး မျက်လုံးဖွင့်လာသည်ကို မြင်တွေ့လိုက်ရ၏။

" ဟာ! "

သတိထားနေရင်းမှ လန့်အော်လိုက်မိကာ ကိုယ့်မျက်လုံးကို ကိုယ်မယုံနိုင်အောင် ဖြစ်သွားတော့သည်။ ကြောက်စရာကောင်းသည့်

www.burmeseclassic.com

www.burmeseclassic.com



ထိုပုံရိပ်ကြောင့်…

"တ…တကယ်..ထ..ထလာတာပဲ…"

ဟု ယောင်ရမ်းရေရွတ်လိုက်ပြီး အောင်ဘညိုက ဩဘာ၏ လက်မောင်းတစ်ဖက်ကို အားကိုးတကြီးဆုပ်ကိုင်လိုက်၏။ ဩဘာက အသံပင်မထွက်တော့ချေ။

ခန္ဓာကိုယ်တစ်ခုလုံးလဲ အေးစက်တောင့်တင်းနေပြီး ဆရာကြီး ဦးသီလရာဇာလုပ်သမျှကိုသာ ကြက်သေသေကာ ကြည့်နေ၏။

"မင်းနာမည်က….လာဘ။ ငါ့အမိန့်ကို အခုချိန်ကစပြီး နာခံရမယ်…။ ဒီအကျီကို ဝတ်စမ်း…"

ဆရာကြီးဦးသီလရာဇာ၏ ဩဇာလွှမ်းမိုးနေသော အမိန့်ကို ကြား ကြားချင်းမှာပင် အလောင်းကောင် လာဘက အခေါင်းထဲမှ ထွက်လာ ပြီး အောင်ဘညို ယူလာသော အဝတ်အစားတွေကို ယူဝတ်လိုက်သည်။ အလောင်းကောင်၏ လှုပ်ရှားမှုအားလုံးက နှေးကွေးနေသလား မြန်ဆန် နေသည်လားတောင် သူမဝေခွဲတတ်တော့…။ မျက်နှာတစ်ခုလုံးက ခံစားချက်မဲ့နေပြီး မျက်လုံးတွေကလည်း မျက်တောင်မခပ်ဘဲ ရှေ့သို့ သာ တွေတွေကြီး စိုက်ကြည့်နေသည်။

သိစိတ်မဲ့နေသည့် ခန္ဓာကိုယ်နှင့်အတူ လက်နှစ်ဖက်ကိုလည်း တွဲလောင်းချထားကာ ဦးခေါင်းက အောက်သို့ ငိုက်စိုက်ကျနေသည်။

ထိုစဉ်မှာပင်…. ဆရာကြီးဦးသီလရာဇာက….

"ဒီအချိန်ကစပြီး ငါတို့ရွာသားတွေရဲ့ ရန်အပေါင်းကို မင်းရှင်းပေး ရမယ် လာဘ…။ ငါတို့ရဲ့ အမျိုးဘာသာ သာသနာကို မင်းစောင့် ရှောက်ရမယ်"

*

မကြာခင်မှာပင် လာဘ၏ သတင်းက တစ်ရွာလုံးသို့ ပျံ့နှံ့ သွားသည်။

သူတို့ရွာသားတစ်ယောက်ကို ဂေါ်ရာစစ်ပုလိပ်များက အပြစ် မရှိ အပြစ်ရှာပြီး နှိပ်စက်နေသည့်အချိန်တွင် လာဘက ထိုနေရာသို့



ရောက်သွားပြီး ဂေါ်ရာပုလိပ်များကို တစ်ယောက်မကျန် အလဲလဲ အကွဲကွဲရိုက်နှက်ပစ်လိုက်သည့် သတင်းပင်…။

တစ်ရွာလုံးက လာဘကို သူ့ရဲကောင်းကြီးတစ်ယောက်သဖွယ် ချီးကျူးနေကြ၏။

သို့သော်…

လာဘကို ဆရာကြီးဦးသီလရာဇာက ဖုတ်သွင်းထားသော အလောင်းကောင်မှန်းမသိဘဲ ဆရာကြီးအိမ်မှာ ခိုင်းဖို့ ခေါ်ထားသော လူတစ်ယောက်ဟု သိထားကြသည်။

ထိုအကြောင်းကို အောင်ဘညိုနှင့် ဩဘာနှစ်ယောက်ထဲသာ သိပြီး တခြားသူကို မပြောရန်လည်း ဆရာကြီးက မှာထား၏။ အခုဆို လာဘရွာမှာ ရှိနေသည်မှာ တစ်လကျော်ခဲ့ပြီ…။

ရွာကိုအမြဲလိုလို နှိပ်စက်နေတတ်သော ပုလိပ်စာသင်တွေ၊ ငွေတိုး ချေးပြီး မြန်မာမိန်းမပျိုလေးတွေကို ဖျက်စီးသော ချစ်တီးကုလားတွေ … အားလုံးကို လာဘက ဆုံးမလွှတ်လိုက်သည်။

သည်ကာလအတွင်း မည်သူတစ်ဦးတစ်ယောက်မှ သူတို့ရွာကို ရန်မစရဲကြတော့…။

အောင်ဘညိုက သက်ပြင်းကို ချလိုက်သည်။

ဒီအကြောင်းတွေကို ပြန်စဉ်းစားမိလျှင် ကျောချမ်းချင်သလိုလို ဖြစ်မိ၏။

ဖုတ်ကောင်လာဘက မိုးလင်းသည်နှင့် ဆရာကြီးအိမ်မှ ထွက် သွားပြီး နေဝင်တော့မှ အိမ်သို့ ပြန်လာလေသည်။

ထမင်းမစား ရေမသောက်ပဲ တစ်ချိန်လုံး ထိုင်ခုံတစ်လုံးပေါ်မှာ ထိုင်နေသည်ကို ကြည့်ရသည်မှာလည်း အံ့ဩစရာကောင်းနေ၏။

တစ်နေ့တခြားဆိုသလို သူတို့ရွာသားတွေက ကလေးတွေကို သတ်စားနေသည်ဆိုသည့် သတင်းကလည်း မြို့အထိ ပျံ့နှံ့နေပြီး ရွာနီးချုပ်စပ်ကလူတွေက သူတို့ရွာကို မဆက်ဆံကြတော့။

www.burmeseclassic.com

www.burmeseclassic.com



ဒီမဟုတ်ကမဟုတ်က သတင်းကို ဘယ်သူတွေက ဖန်တီးနေကြတာလဲ?

မြန်မာတွေရဲ့ ဂမ္ဘီရပညာစွမ်းကို နယ်ချဲ့က ကြောက်ဒူးတုန်ပြီး တမင်နာမည်ဖျက် အပုပ်ချဖို့ ကောလဟာလလွှင့်နေပြီ ထင်ရဲ့။

* * *

အပြေးအလွှားလာခဲ့ရသောကြောင့် အောင်ဘညို တစ်ယောက် မောဟိုက်ပြီး နှလုံးခုန်သံတွေက တဒိန်းဒိန်းနှင့် ကျယ်လောင်လာ၏။

စိတ်က ရွာထိပ်သို့ရောက်ရေးကိုသာ အဓိကထားနေသဖြင့် မောပန်းနေသည်ကိုပင် ဂရုမစိုက်နိုင်တော့ဘဲ ဆက်ပြေးလာခဲ့သည်။

ရွာထိပ်ရောက်သည့်အချိန်မှာတော့ ဒေါသတကြီးအော်ဟစ်နေသော လူတစ်ယောက်နှင့် အတူ လာဘကို တွေ့လိုက်ရသည်။

''ဘုရား...ဘုရား... ဘာတွေဖြစ်ကုန်ပြီလဲ ''

အောင်ဘညို အထိတ်တလန့် ရေရွတ်လိုက်ရင်း ဝိုင်းအုံနေသော လူအုပ်စုထဲသို့ တိုးဝင်လိုက်သည်။ လူအုပ်စုအလယ်တွင် သစ်သီးခြင်းတွေ တင်ထားသော လှည်းတစ်စီးနှင့်အတူ တခြားရွာမှ လူစိမ်းတစ်ယောက်ကိုလည်း တွေ့ရသည်။

ထိုလူက အလွန်အမင်း ဒေါသထွက်နေဟန်ဖြင့် လာဘကို အော်ဟစ်ဆဲဆိုနေ၏။

''ဟေ့ကောင်...မင်းဘာလို့ ငါ့သစ်သီးခြင်းကို ဆွဲချနေတာလဲ.. ရပ်လိုက်စမ်း...ဟာ...ဟာ...ငါ့ သစ်သီးခြင်းတွေ ပျက်စီးပါပြီကွာ...''

လာဘကတော့ ဘာကိုမှဂရုမစိုက်။ လှည်းပေါ်မှ သစ်သီးခြင်းတွေကို တစ်ခုပြီး တစ်ခု ယူလွှင့်ပစ်နေသည်။ လာဘပုံစံက အိပ်ပျော်နေရင်း ယောင်ရမ်းနေသူတစ်ယောက်ပမာ...။

ဝိုင်းအုံကြည့်နေသည့် လူအုပ်အတွင်းမှ ပြစ်တင်သံတွေလည်း ကျွက်ကျွက်ညံနေတော့သည်။



လာဘက ဘာလို့ အပြစ်မဲ့တဲ့လူကို ရန်ရှာတာလဲ?

ဆရာကြီးကို သွားခေါ်ရင် ကောင်းမလား...

ယောက်ယက်ခတ်နေသည့် အတွေးနှင့်အတူ အောင်ဘညိုက လာဘကို ကြည့်လိုက်၏။ ထိုအချိန်မှာပင် လူစိမ်းက သည်းမခံနိုင်တော့သည့်အတွက်...

''ဟေ့ကောင်...မင်းကို မလုပ်နဲ့လို့ ပြောနေတာမရဘူးလား...ကဲ ဟာ...''

ဟုဆိုပြီး လာဘနောက်ကျောကို နီးရာတုတ်ဖြင့် ရိုက်ချလိုက်တော့သည်။ လူအုပ်စုထဲမှလည်း ဟာခနဲ အော်လိုက်သံတွေက တပြိုင်ထဲ ထွက်ပေါ်သွားပြီး...

မထင်မှတ်ထားသော မြင်ကွင်းတစ်ခုကို မြင်လိုက်ရလေသည်။

လာဘက တုတ်နှင့်ရိုက်လိုက်သည်ကို သိပုံပင်မပေါ်ဘဲ သစ်သီးလှည်းကို ဆွဲမှောက်ပစ်လိုက်လေတော့သည်။ ချက်ချင်းဆိုသလို လူစိမ်း၏ မျက်နှာက ကွက်ခနဲပျက်သွားပြီး ကြောက်ကြောက်လန့်လန့်ဖြင့် ထွက်ပြေးဖို့ ပြင်လိုက်လေတော့သည်။

မြေကြီးပေါ်တွင် သစ်သီးခြင်းတွေနှင့်အတူ တွေ့လိုက်ရသည်က ကလေးအလောင်းတစ်လောင်း....

ပို၍ တိတိကျကျပြောရလျှင် နယ်ချဲ့၏ ခိုင်းစေမှုဖြင့် ရွာကို နာမည်ပျက်အောင် လုပ်ကြံဖို့ အကွက်ဆင်ဖန်တီးမည့် သက်သေခံပစ္စည်း...။

ထိုမြင်ကွင်းကြောင့် ဘေးမှရပ်ကြည့်နေသော လူတွေဆီမှ ဒေါသတွေက ဆူပွက်လာပြီး လူစိမ်းဆီသို့ အကြည့်တွေအားလုံးက ရောက်သွားတော့၏။

လာဘက ပြေးထွက်သွားသော နယ်ချဲ့လက်ပါးစေ လူစိမ်းနောက်ကို လိုက်သွားပြီး ကုတ်မှ ဆွဲကိုင်လိုက်ကာ အနီးရှိ သစ်ပင်တစ်ပင်နှင့် အားကုန် ဆောင့်လွှဲရိုက်ပစ်လိုက်လေတော့သည်။

* * *

www.burmeseclassic.com



ဒီအဖြစ်အပျက်တွေက ကျုပ်တို့ရွာမှာ ဖြစ်သွားခဲ့တာ နှစ်တွေ တောင် တော်တော်ကြာခဲ့ပြီ...။

ကျုပ်တို့ရွာကို မဟုတ်တမ်းတရား စွပ်စွဲခဲ့တဲ့လူတွေလည်း လာဘ လက်ချက်နဲ့ သေကုန်ခဲ့ပြီ...။

ကျုပ်တို့ရွာသားတွေလည်း မုန်းစရာအတိတ်ဆိုးတွေအောက်က လွတ်မြောက်ခဲ့တယ်။ ဒါပေမယ့် ကျုပ်တို့ရဲ့ သူရဲကောင်းကြီးလာဘ ကိုတော့ ဆရာကြီးဦးသီလရာဇာက ရွာထိပ်ဘုန်းကြီးကျောင်းပျက် အောက်က မြေတိုက်ခန်းထဲမှာ ထာဝရမနိုးအောင် အိပ်စက်နိုင်းလိုက် ခဲ့လေပြီ။

ကျုပ်မှာတော့ ဘုန်းကြီးကျောင်းပျက်ရှေ့ကဖြတ်တိုင်း

လာဘက အခုချိန်ထိ အိပ်ပျော်နေတုန်းလား?

တစ်နေ့နေ့မှာများ တစ်ယောက်ယောက်က သူ့ကိုနိုးလိုက်လေ မလား...?

* * *



# အခန်း (၈)

ဟင်! ဒါဆို အဲဒီ ဖုတ်ကောင်ကြီးက အခုအချိန်ထိ ရှိနေ သေးတာပေါ့...

ဒီမိုးက တီးတိုးရေရွတ်လိုက်ပြီး စာအုပ်ကို လက်ထဲမှ ချလိုက် ၏။ သို့သော် အတွေးထဲတွင်တော့ စာအုပ်အကြောင်းကိုသာ အမျှင် မပြတ်တွေးနေမိသည်။

ဩဘာဆိုတဲ့အဘိုးကြီးက ဦးသီလရာဇာရဲ့ တပည့်ဆိုတော့ အလောင်းကောင်တွေကို ဖုတ်သွင်းတတ်မှာပေါ့...။ ဒါကြောင့် သူ သင်္ချိုင်းစောင့် လုပ်နေတာများလား...။

ဦးအောင်ဘညိုကရော အဘိုးဦးဖိုးမြတ်နဲ့ ဘယ်လိုပတ်သက်နေ လဲ...?

ထူးဆန်းသော အဖြစ်အပျက်များက ဒီမိုးစိတ်ထဲမှာ ဝိုးတဝါးနှောင် ဖွဲ့လာ၏။ အာရုံထဲတွင်လည်း အလောင်းကောင်လာဘ၏ ပုံရိပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



သာ စွဲထင်နေသည်။

ပြီးတော့··· ဦးသီလရာဇာ။

ငါ···ဒါတွေကို ဘာကြောင့်များ တွေးနေမိတာလဲ···။ ဒီမိုးက ကိုယ့်ကိုကိုယ် အလိုမကျစွာ ပြန်ပြောလိုက်ပြီး ခေါင်းကိုသာ ခါယမ်းပစ်လိုက်၏။

ဂနာမငြိမ်ဖြစ်နေသော စိတ်တွေကို ငြိမ်အောင်ထိန်းကြည့်လိုက်သည်။ မျက်လုံးမှိတ်ပြီး အိပ်ဖို့ ကြိုးစားပြန်တော့လည်း အလောင်းကောင် လာဘာအကြောင်းက အတွေးလက်စ မပြတ်သွား···။ ထိုအကြောင်းတွေကို ဘယ်အချိန်ထိ စဉ်းစားနေမိမှန်းမသိ။ တော်တော်ကြာမှ···

အိပ်ရာပေါ်တွင် လူးရင်းလိမ့်ရင်း ကြိုးစား အိပ်လိုက်သည်။ တဖြည်းဖြည်းနှင့် သူ့စိတ်တွေက ငြိမ်သက်စပြုလာပြီး မျက်လုံးတွေလဲ မှေးစင်းလာတော့သည်။

သည်နောက်တွင်တော့···

လောကကြီးနှင့် ခေတ္တအဆက်ပြတ်သွားပြီး အိပ်ပျော်သွားလေတော့သည်။

*

ဒီမိုးအိပ်မောကျနေသည်မှာ နံနက် (၁၀) နာရီခွဲမှပင် ဖိုးပိန်က အတင်းလာနှိုး၍ နိုးတော့သည်။

ထို့နောက် ရေမိုးချိုးပြီး အဆင်သင့်ပြင်ထားသော ထမင်းကြမ်းနှင့် အကြော်ကို အဝအပြဲစားလိုက်သည်။ နံနက်စာပင်ဖြစ်သော်လည်း အိပ်ရာထနောက်ကျသောကြောင့် နေ့လည်စာဟုပင် ခေါ်ရတော့မလား မပြောတတ်···။

ဒီနေ့ အဘိုးကို အသုဘချမည့်နေ့ဖြစ်သည့်အတွက် အလုပ်ရှုပ်ပြီး ထမင်းဆာမှာကို ပူစရာမလိုတော့ဟု ဒီမိုးတွေးလိုက်၏။

ဖိုးပိန်နှင့်အတူတူ အသုဘ မဏ္ဍပ်ဘက်ကို လျှောက်လာရင်း



အောင်မောင်းကိုတွေ့လိုက်ရသည်။ အောင်မောင်းက ဒီကနေ့တော့ အဝတ်အစားကို သပ်သပ်ရပ်ရပ်ဝတ်ထားပြီး လက်ထဲတွင်လည်း ကြေးစည်အကြီးကြီးတစ်လုံးကို မနိုင်မနင်းဆွဲလာ၏။

ဒီမိုးကိုမြင်တော့ အောင်မောင်းက···

"အမယ်လေး···ဒီမိုးရာ၊ အခုမှပဲ အိပ်ရာထရတယ်လို့။ ငါ မင်းကို မနက်ထဲက နိုးပြီလား····နိုးပြီလားဆိုပြီး လာလာကြည့်နေတာ သုံးခေါက်ရှိသွားပြီ···။ ဘာလဲ ညတုန်းက ကောင်းကောင်း အိပ်မပျော်လို့ နေမြင့်တဲ့အထိ အိပ်နေတာလား"

"ဟင့်အင်း··· မဟုတ်ပါဘူး။ ကောင်းကောင်း အိပ်ပျော်ပါတယ်။ ငါကအိမ်မှာလဲ ဒီအချိန်လောက်မှပဲ အိပ်ရာထတာကွ။ ဘာကိစ္စရှိလို့လဲ"

ဒီမိုး ညတုန်းက အိပ်မက်မက်ပြီး အိပ်မပျော်သည့်အကြောင်း၊ စာအုပ်ဖတ်နေသည့်အကြောင်းတွေကို မပြောချင်တော့သည့်အတွက် လိမ်လွဲပြောလိုက်၏။

"ဘာမှတော့ မဟုတ်ပါဘူးကွာ···။ ကြေးစည်သွားငှားရင်း မင်းကို ရွာဦးကျောင်းကို ခေါ်သွားမလို့ပါ။ မင်းတို့ကော အခုဘယ်သွားကြမလို့လဲ"

အောင်မောင်းအမေးကို ဖိုးပိန်ကပဲ ဝင်ဖြေလိုက်သည်။

"ဘာရယ်တော့မဟုတ်ပါဘူး···အသုဘမဏ္ဍပ်ဘက်ကို သွားမလို့ပါ"

"ဒါဆိုလည်း သွားနှင့်ကြ။ ပြီးရင် ငါလိုက်လာခဲ့မယ်···"

အောင်မောင်းက ဒီမိုးတို့ကို ပြောပြီး ကြေးစည်ကို ထမ်းကာ အဘိုးတို့ အိမ်ဘက်ကို ထွက်သွား၏။

ဖိုးပိန်နှင့် ဒီမိုးကတော့ လူတွေစည်ကား ရှုပ်ထွေးနေသည့် အသုဘမဏ္ဍပ်ရှိရာသို့ လျှောက်လာခဲ့သည်။

"ဟော့ကောင်တွေ···မင်းတို့ ဘာလုပ်နေကြတာလဲ။ အသုဘချဖို့ ဘာမှကူလုပ်မပေးကြတော့ဘူးလား။ ဒီမှာ ငါတစ်ယောက်တည်း

www.burmeseclassic.com



ငှက်ပျောရွက်ခူးလိုက် ယပ်တောင်ဝေမဲ့ကိစ္စတွေလုပ်လိုက်နဲ့ ပြိုင်းနေပြီ''

ဒီမိုးနှင့် ဖိုးပိန်တို့က ခြံထောင့်ရှိ မကျည်းပင်အောက်တွင် ရပ်ကာ စကားပြောနေကြ၏။ ထိုအချိန်တွင် ထူးအောင် ရောက်လာပြီး စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်သောစကားကြောင့်···

ဖိုးပိန်က···

''မင်းကို ဘယ်သူက နိုင်းနေလို့လဲ။ ပင်ယန်းရင်လဲ အဘိုးနောက်သာလိုက်သွားပြီး တသက်လုံး နားနေလိုက်···''

''ဟား····ဟား···ဟား···''

ဖိုးပိန်နှင့် ဒီမိုးတို့၏ ရယ်သံတွေက ကျယ်လောင်သွားသည်။ ထူးအောင်မျက်နှာက ချက်ချင်းနီရဲတက်သွားပြီး တရှုံးရှုံးတရှဲရှဲနှင့်···

''မင်း···မင်းတို့··· ကိုယ့်အဘိုးအသုဘမှာတောင် ရယ်နိုင်ကြသေးတယ်နော်''

ထူးအောင်၏ ဒေါသတကြီးပြောလိုက်သော စကားကြောင့် ဒီမိုးတို့ ပွဲကျသွားပြီး တဝါးဝါး တဟားဟား ရယ်လိုက်ကြ၏။

တကယ်တော့ ထူးအောင်၏ စကားများသာ ရယ်ချင်စရာမဟုတ်ဘဲ အမူအရာတွေကပါ ရယ်ချင်စရာကောင်းနေပြန်သည်။ အနက်ရောင် ရှပ်အင်္ကျီလက်ရှည်နှင့် ပုဆိုးအရောင်ခပ်မှိုင်းမှိုင်းကို ဝတ်ဆင်ထားပြီး ကိုရီးကားယားနိုင်လှစွာ ဒေါသထွက်နေပုံက မရှုနိုင်မကယ်နိုင်ဖြစ်နေသော မီးဖွားခါနီးမိန်းမတစ်ယောက်ပမာ····။

ဒီမိုးက···

''အေးပါကွာ···တို့က မြေးစစ်စစ်တွေ မဟုတ်တော့ မင်းလိုတော့ ကဗျာဆန်ဆန် ဝတ်စားမထားနိုင်ပါဘူးကွာ။ မင်းကတော့ မြေးစစ်စစ်ကြီးဆိုတော့ မင်းပဲ အဘိုးရဲ့ အသုဘ ဝေယျာဝစ္စတွေကို လုပ်လိုက်ပါ ကိုမြေးစစ်ကြီးရဲ့''

ထူးအောင်က ဒီမိုးစကားအဆုံးမှာတော့ ဒေါသတကြီး လှည့်ထွက်သွားလေတော့သည်။ နောက်မှာကျန်ခဲ့သည့် ရယ်သံတွေကိုပင် ကြားနိုင်စွမ်းမရှိတော့···။

ပါးစပ်မှလည်း ဒီမိုးကို တတွတ်တွတ် ဆဲရေးသွားပုံရ၏။

ဖိုးပိန်က···

''ဟား···ဟား···ဟား ဒီကောင်က ဒီလိုပဲကွ။ အဘိုးရှိတုန်းကဆို အဘိုးဘေးမှာကပ်ပြီး အမြဲတမ်းချွဲတဲ့ကောင်။ တို့ကသာ အဘိုးဆီသွားရင် အဆူခံရလွန်းလို့ မသွားကြတာ။''

''ကဲ···ကဲ··· အသုဘချခါနီးပြီ။ တို့လည်း သွားကြမယ်''

* * *

''အောင်မောင်းတို့····ဖိုးပိန်တို့····ဒီမိုးတို့···လာကြ···လာကြ ဒီနားမှာ တန်းစီပြီးထိုင်ကြ···ထူးအောင်က နောက်ဆုံးမှာထိုင်''

ဦးလေး ဦးဖိုးမှတ်က ဒီမိုးတို့အားလုံးကို ခေါ်ကာ ထိုင်ခိုင်းလိုက်ပြီး ကန်တော့ပုံစံလုပ်ထားသော ငှက်ပျောရွက်တွေကို ခေါင်းပေါ်သို့ တစ်ယောက်တစ်ခုစီ လိုက်ဆောင်းပေးသည်။ ပါးစပ်မှလည်း ဘာတွေမှန်းမသိ ရေရွတ်နေ၏။

ဒီမိုးက ဦးဖိုးမှတ် ဘာတွေလုပ်နေမှန်းမသိသည့်အတွက် မအူမလည် လိုက်ကြည့်နေပြီး ရှေ့မှ အောင်မောင်းကို မေးလိုက်သည်။

''ဟေ့ကောင်···အောင်မောင်း။ ဦးလေးဦးဖိုးမှတ်က ဘာတွေလုပ်နေတာလဲ''

မဆီမဆိုင်နောက်မှ ထူးအောင်က ဝင်ဖြေလိုက်သည်။

''ဒါ အဘိုးသေရင် မြေးယောကျ်ားတွေက ငှက်ပျောရွက်ကန်တော့ဆောင်းပြီး ကန်တော့ရတယ်ကွ။ အဲဒီလို ကန်တော့နေချိန်မှာ အလောင်းကောင်ကိုတန်းစီပြီး ငုတ်တုတ်ထိုင်နေတဲ့ ငါတို့ခေါင်းပေါ်က ကျော်ယူပြီးသယ်သွားရတယ်။ မော်ကြည့် လို့လဲ မရဘူးနော်···ဒီမိုး''

ဦးလေးဦးဖိုးမှတ်စကားကြောင့် ဒီမိုးထိတ်ခနဲ ဖြစ်သွားမိသည်။

ဟင်! အလောင်းကို ငါတို့ခေါင်းပေါ်ကဖြတ်ပြီး အသုဘချမယ်ဆိုပါလားဟု ဒီမိုးတွေးလိုက်ကာ ခေါင်းကိုငုံ့ထားလိုက်သည်။ ရှေ့မှ

www.burmeseclassic.com



ဖိုးပိန်နှင့် အောင်မောင်းက လက်အုပ်ချီကာ ကန်တော့နေကြ၏။ ဒီမိုးက ဖိုးပိန်တို့ လက်အုပ်ချီသည့်အတိုင်းလိုက်ကာ ကန်တော့သည်။ စိတ်ထဲတွင်တော့ ဘာဖြစ်မှန်းမသိ။ အလောင်းက ခေါင်းပေါ်ကို ကျော်သွားမည်ကို တွေးကြောက်နေမိသည်။ လက်အုပ်ချီထားသော လက်နှစ်ဖက်ပင် အေးစက်လာသည်။

ဘုရား…ဘုရား…အလောင်းမြန်မြန်ကျော်ပါစေ…

ဟု ဒီမိုးဆုတောင်းနေစဉ်မှာပင် သူ့ရှေ့မြေပြင်ပေါ်သို့ အရိပ်မည်းမည်းကျလာသည်။ ဘေးနားတွင်လည်းဖြတ်ကျော်နေသော ခြေထောက်တွေကို တွေ့နေရသည်။

ဟင်!

ဒီမိုး အလန့်တကြား အပေါ်ကို မော့ကြည့်လိုက်မိသည်။ ဦးခေါင်းထက်တွင် အဘိုး၏အလောင်း….။

ထိုအလောင်းကို ဝါးကွပ်ပျစ်တစ်ခုပေါ်တွင် တင်ထားပြီး သူတို့အပေါ်မှ ဖြည်းဖြည်း သယ်သွားနေကြသည်။ ဒီမိုးက အလောင်းဆိုသောအရာကို ယခုမှ နဖူးတွေ့ ဒူးတွေ့ အနီးကပ်မြင်ဖူးလိုက်သည့်အတွက် ကြက်သီးဖြန်းခနဲ ထသွားပြီး တုန်လှုပ်ချောက်ချားသွားမိ၏။

မျက်နှာပေါ်မှ အသားအရေတွေက ဖြူဖပ်ဖြူရော်ဖြစ်နေပြီး ပါးနှစ်ဖက်လည်း ချိုင့်ဝင်နေသည်။ ဆန့်ဆန့်ကြီးဖြစ်နေသော ခန္ဓာကိုယ်ကလည်း ကျောချမ်းချင်စရာ…။

နှုတ်ခမ်းတွေက ခြောက်သွေ့ညိုမဲ့ပြီး မျက်နှာတစ်ခုလုံးက ပိန်ချုံးကျနေ၏။ ဒီမိုးက သူ့အဘိုးအလောင်းကိုကြည့်ပြီး ဟန်မဆောင်နိုင်အောင် ကြောက်ရွံ့တုန်လှုပ်သွားကာ မှင်သက်နေမိသည်။

ထိုစဉ်မှာပင်…

လက်အေးကြီးတစ်ဖက်က သူ့ပခုံးပေါ်သို့ လာရောက်ထိကိုင်လိုက်တော့၏။

* * *



# အခန်း (၉)

"အာ့"

ဒီမိုးက မအော်မိအောင်ထိန်းလိုက်ပြီး နောက်သို့ အလန့်တကြား လှည့်ကြည့်လိုက်သည်။ ထူးအောင် စပ်ဖြဲဖြဲမျက်နှာနှင့်…။

"ဘာလဲ…အလောင်းကို မြင်လိုက်ရလို့ သိပ်ကြောက်နေတာလား…"

ထူးအောင်၏ ရိသဲ့သဲ့ စကားကြောင့် ဒီမိုးရှက်သွားသည်။ စိတ်ထဲတွင်လည်း ဒီကောင်ကို ဝန်ခံလို့တော့မဖြစ်ဘူးဟု တွေးလိုက်ပြီး မျက်နှာတည် မျက်နှာထားဖြင့်….

"ထူးအောင်….မင်းလို ငါ့ကို သရဲဘောကြောင်တဲ့လူလို့ ထင်နေလို့လား…မှတ်ထား ဒီမိုးကွ။ သရဲမကြောက်တတ်ဘူး…"

ထိုစကားတွေကို ထူးအောင်ရှေ့တွင် မခံချင်သည့်စိတ်နှင့်သာ ပြောလိုက်ရပြီး အသံတွေကတော့ ခုနက ကြောက်သွားခဲ့သော အရှိန်

www.burmeseclassic.com

www.burmeseclassic.com



နှင့် တုန်ယင်နေဆဲ····။

ထူးအောင်ကတော့ ဒီမိုးကို ကြည့်ပြီး ပိုင်ပိုင်နိုင်နိုင် ပြုံးလိုက်တော့ တစ်စုံတစ်ရာကို ပြောရန် ပါးစပ်ဟလိုက်သည်။

အဲ့သည့်အချိန်လေးအတွင်းမှာပင်···

သူတို့ရှေ့တည့်တည့်မှ မီးပုံကြီးက ဟုန်းခနဲ မီးထတောက်လာသည်။ ဒီမိုးက ထူးအောင်ကို ကြည့်မနေအားဘဲ မီးတောက်တွေကိုသာ လှမ်းကြည့်လိုက်မိတော့သည်။

"ဟီး···ဟီး···ဟီး"

မိသားစုဝင်တွေဆီမှ အော်ဟစ်ငိုယိုသံတွေက သင်္ချိုင်းမြေတစ်ခုလုံးကို ဆူညံသွားစေသည်။ ကြေးစည်သံကလည်း အဆက်မပြတ်···။

ထင်းတုံးတွေက မီးစွဲသဖြင့် တဖျစ်ဖျစ် တောက်လောင်နေကြ၏။ တဆက်တည်းလိုလို အဘိုးဦးဖိုးမြတ်၏ အလောင်းကို ထိုထင်းပုံပေါ်သို့ ပစ်ချလိုက်လေတော့သည်။ ငိုသံတွေက စီကနဲ ထွက်ပေါ်လာပြန်သည်။

ဒီမိုးနောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ပြီး နှာခေါင်းကို လက်ဖြင့် အုပ်ထားလိုက်၏။ ထိုစဉ်မှာပင် ဒီမိုးမျက်လုံးတွေက မီးညွန့်မီးလျှံများကြားမှတစ်ဆင့် သင်္ချိုင်းစောင့် ဩဘာကို တွေ့လိုက်ရသည်။

ဟင် ဩဘာကြီး···!

ဒီမိုး မပီမသရေရွတ်လိုက်ရင်း သူမနေ့ညက ဖတ်ခဲ့ရသည့် စာအုပ်ကို ပြေးသတိရမိသည်။

ဖုတ်ကောင် လာဘကို အသက်သွင်းခဲ့တဲ့ ဆရာကြီးရဲ့တပည့်···။ ထိုအတွေးကြောင့်ပင် ဒီမိုးက သင်္ချိုင်းစောင့် ဩဘာကို မဝံ့မရဲ လှမ်းကြည့်လိုက်သည်။

ဩဘာက လက်ထဲမှ တံစူးဝါးလုံးဖြင့် သူ့အဘိုးအလောင်းကို ထိုးဆွနေ၏။ ဩဘာလှုပ်ရှားနေပုံက အားမာန်အပြည့်···။

မီးရှို့လိုက်သဖြင့် အကြောဆွဲပြီး ကုန်းထလာသော အလောင်းကို



တံစူးဝါးဖြင့် ရိုက်ချလိုက်သည်။ ကွေးကောက်လိပ်လာသော လက်ခြေထောက်တွေကို တံစူးဝါးဖြင့် ဖိထားသည်။ မျက်လုံးတွေကိုလည်း ထိုတံစူးဝါးနှင့် ထိုးဖောက်ပစ်လိုက်သည်။

ဒီမိုး ဆက်မကြည့်ရဲတော့။

တစ်ခြားတစ်ဖက်သို့ မျက်နှာလွှဲလိုက်၏ လူသေကို မီးရှို့နေသည့် ညှော်နံ့ကလည်း ပျို့အန်ချင်စရာ။

ဒီမိုးခေါင်းထဲတွင် ရီဝေနောက်ကျိုလာပြီး မိုက်ခနဲ မိုက်ခနဲ ဖြစ်လာ၏။ အသက်ရှူမဝသဖြင့် ချွေးစေးတွေပင် ပျံလာပြီး မောဟိုက်သလို ခံစားနေရသည်။

ဒီကြားထဲမှာ လူသေကောင်ကို တံစူးဝါးဖြင့် ထိုးချနေသော ဩဘာ၏ ပုံရိပ်တွေက အတွေးထဲမှ ထုတ်ပစ်လို့မရ···။

ငါ···သေရင်ရော ဒီလိုပဲ လုပ်ကြမှာလား?

ကြောင်တောင်တောင်နိုင်နေသော အတွေးနှင့်အတူ ဒီမိုးက သေရမှာကို သွေးလန့်လာမိသည်။ နောက်တစ်ချက်လှည့်မိလိုက်ချိန်မှာလဲ ဩဘာက အားမာန်အပြည့် လှုပ်ရှားနေဆဲ···။

ငိုယိုနေသော အသံများကလည်း ကျယ်လောင်သထက် ကျယ်လောင်လာသည်။ မီးခိုးလုံးတွေနှင့် ညှော်နံ့တွေက အလုံးလိုက် အဆုပ်လိုက်···။

ဒီမိုးက လူနည်းနည်းရှင်းသည့်နေရာကို လာလိုက်၏။ သူသွားမည့် နေရာတွင် ထူးအောင်က ကြိုရောက်နေပြီး ပြုံးပြုံးကြီးကြည့်နေသည်။

ဟင်း! ဒီကောင် ငါ့ကိုဘာလို့ ပြုံးပြုံးကြီး ကြည့်နေတာလဲ?

ငါကြောက်နေတာကို သိလို့လား···

ဒီမိုးက စိုးထိတ်စွာ တွေးလိုက်ပြီး ရောက်သည့်နေရာမှာပင် ခြေလှမ်းတွေကို ရပ်လိုက်သည်။ အကြည့်တွေက မီးသင်္ဂြိုဟ်နေသည့် နေရာဆီသို့ ရွေ့လျားသွားပြန်သည်။

ဩဘာကတော့ မမောနိုင် မပမ်းနိုင် လှုပ်ရှားနေလျက်···။

www.burmeseclassic.com



လက်ထဲမှာ ဝါးလုံးချွန်ကြီးက မီးလျှံကြားတွင် နစ်ဝင်လိုက် ပေါ်လာလိုက်... ဒီမိုးကတော့ တစ်စုံတစ်ရာကိုတွေးပြီး သွေးလန့် နေသလိုမျိုး မှင်သက်ကြည့်နေမိတော့သည်။

* * *



## အခန်း (၁၀)

ထူးအောင်က ဒီမိုးမျက်နှာကို ပိုင်ပိုင်နိုင်နိုင်ကြီး စိုက်ကြည့်ပြီး မြင်ပြင်းကပ်စရာကောင်းသည့် လေသံဖြင့် ပြောလိုက်သည်။

"ဒီမိုး... မင်းက သရဲမကြောက်တတ်ဘူးဆိုတော့ အဘိုးရဲ့ လိပ်ပြာကို မင်းပဲ ခေါ်ခဲ့ပါကွာ..."

ထူးအောင်က သူ့ကို သွေးတိုးစမ်းလိုက်မှန်း ဒီမိုးသိလိုက်သည်။ ခုနက အလောင်းကိုမြင်၍ တုန်လှုပ်ချောက်ချားနေပုံကို ကြည့်ပြီး ထူးအောင်က သူ့ကို လူလည်ကောင်ရှေ့တွင် ဂလဲ့စားချေလိုက်ခြင်းဖြစ်သည်။ အောင်မောင်းနှင့် ဖိုးပိန်က ဒီမိုးကို ဘာလုပ်မလဲဆိုသော အကြည့်တွေနှင့် ကြည့်နေသည်။

ဒီမိုးက ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး...

"အမယ်လေး...ထူးအောင်ရာ၊ လိပ်ပြာခေါ်တာ ဘာကြောက်စရာရှိလို့၊ ဘာလဲ မင်းခေါ်ရမှာ ကြောက်လို့ ငါ့ကို ဟိုလိုလို ဒီလိုလိုနဲ့ ခေါ်ခိုင်းတာလား..."

www.burmeseclassic.com

www.burmeseclassic.com



မကြောက်တတ်သည့်ပုံစံနှင့် ဒီမိုးက ထူးအောင်ကို ပြန်ရိလိုက်သည်။ ထူးအောင်က သူထင်ထားသလို ဒီမိုး ပြန်မငြင်းသဖြင့် မျက်နှာအနည်းငယ်ပျက်သွားပြီး...

''ဒါဆိုလည်း...ခေါ်ခဲ့ပေါ့ကွာ။ သြော် လိပ်ပြာခေါ်လာတဲ့သူက စကားမပြောရဘူးနော်''

''ပြောရင်ဘာဖြစ်လို့လဲ''

ဒီမိုးက ပြန်မေးလိုက်သည်။ ထူးအောင်က...

''ပြောရင်... အပြောခံရတဲ့လူဆီကို ခေါ်လာတဲ့ လိပ်ပြာက ဝင်ပူးရောတဲ့''

သူကျေနပ်စွာ ပြုံးလိုက်မိသည်။ စိတ်ထဲမှာလည်း တွေးကြသေးတာပေါ့ ထူးအောင်ရာဟု ကြုံးဝါးထားလိုက်သည်။

ထို့နောက် ဒီမိုးက လိပ်ပြာခေါ်ဖို့ ဘေးနားမှ သစ်ကိုင်းတစ်ခက်ကို ချိုးလိုက်ပြီး မီးသဂြိုဟ်ထားသည့် နေရာကို လှမ်းသွားလိုက်သည်။

ထူးအောင်က ဒီမိုးလုပ်သမျှကို အံ့ဩနေသည့် အမူအယာတွေဖြင့် ပါးစပ်အဟောင်းသား ငေးကြည့်နေသည်။

ဒီမိုးက ပြာပုံနားရောက်တော့...

''အဘိုးရေ... ကျွန်တော်နဲ့ ခဏပြန်လိုက်ခဲ့ဦး... ခုနစ်ရက်ပြည့်မှ ပြန်ပေါ့''

ဟု ထူးအောင်ကြားအောင် အကျယ်ကြီးအော်လိုက်ပြီး ချိုးလာသော သစ်ကိုင်းခက်ဖြင့် မီးသဂြိုဟ်ထားသောနေရာကို သုံးချက်ပုတ်လိုက်၏။

ထို့နောက် ဒီမိုးက ခပ်တည်တည်နှင့် ပြန်လှည့်လာလိုက်သည်။

* * *

''ထူးအောင်...နေကောင်းလား''

''ဟင်... မင်း... မင်း... စကားမပြောရဘူးလေ''



ဒီမိုးစကားလာပြောလိုက်သဖြင့် ထူးအောင် မျက်စိမျက်နှာပျက်သွားပြီး အလန့်တကြား ထအော်လိုက်သည်။ ထူးအောင်ကြောက်လန့်သွားသည့်ပုံစံက ကိုယ့်ရှေ့တည့်တည့်တွင် သရဲတစ္ဆေတစ်ကောင်ကို ဘွားခနဲ တွေ့လိုက်ရသလိုမျိုး...။

ဒီမိုးက ထူးအောင်ကို ကြည့်ပြီး သဘောကျစွာ ရယ်မောလိုက်၏။ ထို့နောက် လက်ထဲမှာ သစ်ကိုင်းဖြင့် ထူးအောင်ကို ထပ်ပုတ်လိုက်ပြီး...

''အဘိုးရေ ထူးအောင်ဆီကို သွားလိုက်ပါဦး...။ ဒီကောင်က အဘိုးကို သိပ်ချစ်တာ အဘိုးရဲ့''

ထူးအောင် တစ်ကိုယ်လုံး တစ်ဆတ်ဆတ်တုန်ယင်သွားသည်။ မျက်နှာတစ်ခုလုံးက သွေးမရှိတော့သလို ဖြူဆုတ်ဆုတ်ဖြစ်သွားသည်။ ပါးစပ်ကတော့ ကြောက်ရွံ့မှုကြောင့် အဟောင်းသား ပွင့်နေသည်။ မျက်လုံးများက ဒီမိုးကို မမှိတ်မသုန် စိုက်ကြည့်ရင်း တောင့်တောင့်ကြီး ရပ်နေ၏။

ဒီမိုးက ကျေနပ်အားရသည့်အသံဖြင့်

''ဘယ်လိုလဲ ကိုမြေးချစ်ကြီးရဲ့... ကိုယ့်အဘိုး ကိုယ့်ဆီလာတာပဲ ဘာကြောက်စရာရှိလို့လဲ''

ဒီမိုးက ပြောပြောဆိုဆို ထူးအောင်ပိုကြောက်သွားအောင် သစ်ကိုင်းကို ဟန်ပါပါ ဝှေ့ယမ်းလိုက်ပြီး ထူးအောင်ခေါင်းကို ထပ်ပုတ်လိုက်သည်။

ဖိုးပိန်နှင့် အောင်မောင်းကတော့ သဘောကျစွာ တခွိခွိရယ်ကြ၏။ ထူးအောင်က ဒီမိုးကို စိမ်းစိမ်းခါးခါး စိုက်ကြည့်လိုက်ပြီး...

''မင်း... မင်း... ဘာလို့ ဒီလိုစရတာလဲ၊ ငါသည်းမခံတော့ဘူးနော်... ဒါ...ဒါ... နောက်စရာမဟုတ်ဘူး...''

ဟု ထစ်ထစ်ငေါ့ငေါ့နှင့်ပြောကာ နောက်သို့ ခြေလှမ်းအနည်းငယ်ဆုတ်သွားသည်။ ထူးအောင်က အန္တရာယ်ကြီးကြီးမားမားနှင့်တွေ့၍ အသက်လုပြေးတော့မည့် ပုံစံ....။

www.burmeseclassic.com

www.burmeseclassic.com



ကွက်တိ… ကွက်တိပဲ…။

ဘယ်လောက်ပျော်စရာ ကောင်းလိုက်တဲ့အဖြစ်လဲ…။ သည်လောက်ချိုမြိန်သော အောင်မြင်မှုမျိုး ရှိနိုင်တော့မည် မထင်ပါ။

ထူးအောင် မျက်နှာပေါ်မှ သွေးပျက်ချောက်ချားနေသည့် အမူအယာကို ကြည့်ပြီး ဒီမိုး အားရကျေနပ်သွားသည်။

ခုနက သူ့ကို လှောင်ပြောင် အပြုံးတွေ ပြုံးခဲ့တဲ့ကောင်…။

ဒီမိုးက….

"ငါ့အကြောင်းမဲ့သက်သက် မင်းကို စတာမဟုတ်ပါဘူး… ထူးအောင်ရာ၊ မင်းကို မင်းသိပ်ချစ်တဲ့ အဘိုးနဲ့အတူတူ နေရအောင် လုပ်ပေးနေတာပါ။ တကယ်တော့ မင်းက ငါ့ကို ကျေးဇူးတင်သင့်သေးတယ်"

မျက်နှာ မချိုမချဉ်နှင့် မခံချင်အောင် ပြောဆိုနေသော ဒီမိုးကို ထူးအောင် သည်းမခံနိုင်တော့…။ ဖိုးပိန်နှင့် အောင်မောင်းတို့၏ လှောင်ပြောင်ရယ်သံတွေကလည်း အပြန်လမ်းတစ်လျှောက် ပွဲတင်ထပ်နေပြီ။

ထူးအောင်က ခါးခါးသီးသီးလိုက်ပြီး သွေးရူးသွေးတန်းဖြင့် ရှေ့မှရပ်နေသော ဒီမိုးကို ဝုန်းခနဲ ပြေးတွန်းပစ်လိုက်တော့သည်။

"ဝုန်း"

"ဝုန်း"

"ဟာ… မလုပ်နဲ့… မလုပ်ကြနဲ့"

"ဟာ… ဒီမိုး ဘာဖြစ်သွားသေးလဲ"

ရုတ်ချည်းဆိုသလို အသံတွေက ဆူညံသွားပြီး ဖိုးပိန်နှင့် အောင်မောင်းက အထိတ်တလန့် ပြေးကြတော့သည်။

* * *



## အခန်း (၁၁)

"အား… ကျွတ်… ကျွတ်"

ဒီမိုးက နာကျင်စွာ ညည်းညူလိုက်၏။ ထူးအောင် တွန်းလှဲချခဲ့သည့် အရှိန်ကြောင့် လက်မောင်းတစ်ဖက်က အခုထိကို နာကျင်နေဆဲ…။

ဖိုးပိန်နှင့် အောင်မောင်းက ဒီမိုးကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေကြသည်။

"တောက်… ဒီငကြောင်ထူးအောင်ကိုတော့ ကောင်းကောင်းပညာပေးရတော့မယ်… စတဲ့ဟာကို ဒီလိုလုပ်ရသလားကွာ"

"အေးကွာ… သူကလည်း စလုပ်သေးတယ်၊ ဒီမိုးကိုလည်း အပြစ်တင်နေသေးတယ်"

ဖိုးပိန်နှင့် အောင်မောင်းတို့၏ ပြစ်တင်ကျိန်းမောင်းနေသံများကြောင့် ဒီမိုးပက်လက်ကုလားထိုင်တွင် ထိုင်နေရာမှ ခန္ဓာကိုယ်ကို ရှေ့သို့ အနည်းငယ် ကိုင်းလိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါကွာ… ဒီကောင့်အပြစ်ကြီးပဲလည်း မဟုတ်ပါဘူး…။ ငါ့အပြစ်လဲ ပါပါတယ်။ ငါစတာလွန်သွားလို့ ဒီကောင်အရမ်းကြောက်သွားပြီး လုပ်လိုက်တာပါ"

ငြိမ်းချမ်းရေးစကားကို ဆိုလိုက်သဖြင့် ဖိုးပိန်နှင့် အောင်မောင်းက အံ့အားသင့်သွားပြီး ဒီမိုးကို နားမလည်နိုင်ဟန်ဖြင့် ကြည့်လိုက်ကြ၏။

ဖိုးပိန်က…

"မင်းကလည်းကွာ… ကိုယ်ကြောက်တိုင်း သူများကို လိုက်လုပ်ရမလားကွ"

ဖိုးပိန်က ဂရုဏာဒေါသောစကားကြောင့် ဒီမိုးဘာမှ ပြန်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။ တကယ်တော့ သူ့ဖက်က တရားလွန်သွား၍ ထူးအောင်က ကြောက်ကြောက်လန့်လန့်နဲ့ ပြန်လုပ်လိုက်ခြင်းဖြစ်သည်။

ထူးအောင်က တွန်းလိုက်သဖြင့် သူမြေကြီးပေါ်သို့ ပက်လက်လန်ကျသွားပြီး လက်မောင်းတစ်ဖက် အနည်းငယ်နာကျင်သွားရုံမှအပ တခြားမည်သည့်နေရာမှ မထိခိုက်ပါ…။

သည်လို ရန်ဖြစ်တာကို ရွာမှလူကြီးတွေသိသွားပြီး ထူးအောင်ကို ဝိုင်းဆူလိုက်ကြသည်မှာ နားနှင့်တောင်မဆံ့…။

ထူးအောင်က ဆူသမျှကို မျက်နှာငယ်ဖြင့် နားထောင်နေရပြီး လူကြီးတွေ တောင်းပန်ခိုင်းသဖြင့် သူ့ကိုလည်း လာတောင်းပန်ရသည်။

ဒီလိုဖြစ်နေသည့်ကြားထဲ ဝိဉာဉ်ခေါ်လာတုန်းက စကားပြောခဲ့ရသဖြင့် ကြောက်လန့်နေပြီး အိမ်ထဲကအိမ်ပြင်တောင် မထွက်ရဲတော့ချေ…။

ဒီမိုး သက်ပြင်းကိုချလိုက်ပြီး ပက်လက်ကုလားထိုင် နောက်ကျောတွင် ပြန်မှီထိုင်လိုက်သည်။ ထိုအချိန်မှာပင် ဦးလေးဦးဖိုးမှတ်က အိမ်ထဲသို့ဝင်လာပြီး…

"ငါ့တူ ဘယ်လိုလဲ နာနေသေးလား…"



ဟုဆိုကာ ဒီမိုးဘေးနားသို့ တိုးလာလေသည်။

ဒီမိုးက

"ရပါတယ်…ဦးလေး…ဘာမှမဖြစ်တော့ပါဘူး…။ လက်မောင်းက နည်းနည်းပါးပါး နာနေရုံပါ…"

ဖိုးပိန်နှင့် အောင်မောင်းက ဦးလေးဦးဖိုးမှတ်ကို မြင်လိုက်သောကြောင့် တိတ်တိတ်လေး လစ်ထွက်သွားကြသည်။ ရန်ဖြစ်စဉ်က အနီးအနားတွင် သူတို့ရှိနေပြီး ဒီလိုဖြစ်သွားသည့်အတွက် လူကြီးတွေက သူတို့နှစ်ယောက်ကိုပါ အပြစ်တင်နေကြ၏။

ဦးလေးဦးဖိုးမှတ်က…

"ဒါနဲ့… ငါ့တူက မနက်ဖြန် ပြန်မှာဆို"

"ဟုတ်ကဲ့… ဦးလေး"

"ဒါဆိုလည်း… မင်းအမေအုတ်ဂူကို သွားကန်တော့ရင်းနဲ့ အိုင်ကြီးဘက် လမ်းလျှောက်ရအောင်လေ…"

ဦးလေးဦးဖိုးမှတ်၏ စကားကြောင့် ဖေဖေမှာလိုက်သည့်ကို သတိရလိုက်မိသည်။ ဟုတ်ပါရဲ့… ငါ့မေမေ့ကိုလည်း မကန်တော့ရသေးဘူး…။ ဒါကြောင့် ငါမေမေ့ကို ခဏခဏ အိပ်မက်မက်နေတာ ထင်တယ်လို့ ဒီမိုးတွေးလိုက်ပြီး ကပျာကယာပင် ပြောလိုက်သည်။

"ဟုတ်ကဲ့… ဦးလေး… ကျွန်တော်လဲ မေမေ့ကို ကန်တော့ချင်နေတာနဲ့ အတော်ပဲ"

* * *

ညနေခင်းနေရောင်ခြည်က စိန်ပွင့်လေးတွေ ဖြန့်ကြဲပက်ထားသလို မျိုး ရေပြင်ပေါ်တွင် ရှုးရှုးရှရှ လင်းလက်တောက်ပနေကြသည်။

လေကလည်း လယ်ကွင်းပြင်များကို ဖြတ်တိုက်လာသောကြောင့် မြို့ပြ၏ လေနှင့်မတူဘဲ လတ်ဆတ်ချိုမြလွန်းနေ၏။

ဒီမိုး လေကို အငမ်းမရ ရှူရှိုက်ရင်း အိုင်ကြီး၏ ဘေးတွင် လမ်းလျှောက်နေသည်။ ဘေးနားမှနေပြီး ဦးလေးဖြစ်သူက ထိုအိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးအကြောင်းကို တတွတ်တွတ်နှင့် ရှင်းပြနေ၏။

"ဒီအိုင်ကြီးရဲ့ နာမည်ကို အစွဲပြုပြီး.... ဦးလေးတို့ရွာကို ခေါင်းလောင်းအိုင်ရွာလို့ ခေါ်ကြတာကွဲ...။ ဟိုး... အရင်တုန်းကဆို ဒီအိုင်ကြီးက သိပ်ကြမ်းတာပေါ့ကွယ်"

ဦးလေးဖြစ်သူ စကားကြောင့် ဒီမိုးစိတ်ဝင်စားသွားပြီး အံ့ဩတကြီးမေးလိုက်သည်။

"ကြမ်းတယ်ဆိုတာ ဘာကိုပြောတာလဲ ဦးလေး..."

"အေး... ဒီအကြောင်းတွေကို ပြန်ပြောရင် စိတ်မကောင်းစရာတွေကြီးပါပဲကွယ်...။ ဒီအိုင်ကြီးကို ခေါင်းလောင်းအိုင်လို့ ခေါ်ရတာက အကောင်းတော့ မဟုတ်ဘူး....။ လပြည့်ညတွေဆို ဒီအိုင်ကြီးက မရဏ ခေါင်းလောင်းသံတွေ မြည်ပြီဆို အိုင်ကြီးအတွင်းက ရေတွေ ခမ်းခြောက်သွားပြီး လူသေအလောင်းတွေ ထလာတော့တာပဲ...။

ဦးလေးဦးဖိုးမှတ်က ဝမ်းနည်းကြေကွဲသွားသည့် အမူအရာဖြင့် စကားကို ဆက်မပြောတော့ဘဲ အိုင်ကြီးဆီကိုသာ တွေတွေကြီး ကြည့်နေတော့သည်။

ထိုစကားများကြောင့် ဒီမိုး ဖျားချင်သလိုလို ဖြစ်သွားမိသည်။ အိုင်ကြီးကို မရဲတရဲ လှမ်းကြည့်လိုက်ပြီး ကြက်သီးပါ ဖြန်းကနဲ ထသွား၏။ ဒီနေ့ လပြည့်ညမဟုတ်ပါလား...။

ဒါ...ဒါဆို ဒီအိုင်ကြီးက မကောင်းဆိုးဝါးအိုင်ကြီးပေါ့။

ဒီမိုးက အထိတ်တလန့် တွေးလိုက်မိပြီး ဦးလေးဦးဖိုးမှတ်ကို မေးလိုက်မိသည်။

"ဟင်... ဒီအိုင်ကြီးဆီက ဘာလို့ ခေါင်းလောင်းသံတွေ ကြားရပြီး လူသေတွေ ထလာတာလဲ ဦးလေး..."

"အင်း... ဒါကလည်း ကိုလိုနီခေတ်တုန်းက အင်္ဂလိပ်မျက်နှာဖြူကောင်တွေက သူတို့ကို ပုန်ကန်တဲ့လူတွေကို ဒီအိုင်ကြီးအတွင်းမှာ ရေနစ်ပြီး ရက်ရက်စက်စက် သတ်ခဲ့တာကွဲ့။ ဒါကြောင့်မို့ပဲ အစိမ်းသေသေသွားခဲ့ရတဲ့ နာနာဘာဝတွေက ပြန်ခြောက်လှန့်နေကြတာပေါ့



ကွယ်...။ အိမ်း... ဒီအယူအဆတွေကလည်း ကြာတော့ ကြာခဲ့ပါပြီကွယ်။ အခုတော့ ဒါတွေက ပုံပြင်လို ဖြစ်ခဲ့ပါပြီး... ဒါပေမယ့်လည်း ယုံနေကြသေးတဲ့ လူတွေကတော့ တစ်နှစ်တစ်ခါလာပြီး ဒီအိုင်ကြီးဆီမှာ ကြက်တို့ ခွေးတို့ကို လာပြီး အိုင်စာကျွေးကြတာပဲ"

ဒီမိုး နားထောင်နေရင်းကပင် အသက်မရှူရဲတော့။ ခုနက နာကျင်နေသည့် ဝေဒနာတွေက ကြောက်စိတ်ကြောင့် ပျောက်ကုန်ပြီလားမသိ...။ တစ်ကိုယ်လုံးလဲ အေးစက်လာသလို ခံစားရသည်။ အသံတွေတောင် တုန်ယင်လာပြီး

"အဲသလို အိုင်စာမကျွေးရင် ဘာဖြစ်တတ်လို့လဲ"

ဒီမိုးက စိတ်လှုပ်ရှားစရာ မေးလိုက်၏။

"ဒါကတော့ ရိုးရာလိုဖြစ်နေကြတော့ လုပ်ကြတာပေါ့...။ မင်းရဲ့ အဘွားရှိတုန်းကဆို ဒီလိုပဲ တစ်နှစ်တစ်ခါ လာလာကျွေးတယ်ကွ။ အင်း...မကျွေးမိတဲ့တစ်နှစ်ကတော့ လူလေးရဲ့အမေ ရွာကို ပြန်လာတော့ ဒီအိုင်ကြီးဘေးနားမှာ နှလုံးသွေးရပ်ပြီး ဆုံးသွားခဲ့တာကွဲ့"

"ဘယ်... ဘယ်လို... ဦးလေး... မေမေက ဒီအိုင်ကြီးဘေးနားမှာ ဆုံးသွားတာ... ဟုတ်လား... ဦးလေး"

ဦးဖိုးမှတ်က ပြောပြီးမှ စိတ်မကောင်းသွားဟန်ဖြင့် ဒီမိုးကို ဂရုဏာသက်စွာကြည့်လိုက်သည်။ ဒီမိုးနားထဲတွင်တော့ ထိုစကားတွေက တိုင်းဗုံးတစ်လုံးကို ပေါက်ကွဲထွက်သွားသည်။

"ဟင့်အင်း...ဟင့်အင်း မဖြစ်နိုင်ဘူး။ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ဒီမိုး ရင်တစ်ခုလုံး ဆို့နင့်ကြေကွဲသွားပြီး သွေးရူးသွေးတမ်း ရေရွတ်မိလိုက်သည်။

ဖေဖေက သူ့ကို ဒီအကြောင်း မပြောပြခဲ့။ မေမေရွာပြန်တုန်း နှလုံးရောဂါနဲ့ အသက်ဆုံးသွားသည်ဟုသာ ပြောခဲ့ပြီး အသုဘမှာတော့လည်း ဒီမိုးကို ရန်ကုန်မှာပဲ နေခဲ့လေသည်။

အဲဒီတုန်းကလည်း သူငယ်ငယ်လေးရှိသေးသည်။ အပြင်းဖျား

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သည့်အတွက်ကြောင့်လားတော့ မသိ…။

ဒီမိုး လှုပ်ရှားသွားသော စိတ်တွေက ဘယ်လိုမှ စုစည်းမရ တော့… ဖြစ်နိုင်ရင် အကျယ်ကြီး အော်ငိုပစ်လိုက်ချင်တော့သည်။

ဖေဖေက ငါ့ကို ဒီအကြောင်းတွေကို ဘာလို့ မပြောပြခဲ့တာ လဲ…? ကြောက်လန့်မှာ စိုးလို့လား…။ ရန်ကုန်ပြန်ရောက်ရင် မေ့မေ့ ကို ဒီအကြောင်း ပြန်မေးကြည့်ရမယ်…။

ဒီမိုးအတွေးတွေက လေပြေလေညင်းတွေနှင့်အတူ ဟိုး… အဝေး တစ်နေရာဆီကို မျှောလွင့်သွားတော့သည်။

ကောင်းကင်တွင် ပျံသန်းနေသော ငှက်တွေကို ကြည့်သည်။ နေဝင်တာကို ကြည့်သည်။ အရာအားလုံးကို လိုက်ကြည့်နေသည်။

ကြည့်သည်…ကြည့်သည်….ကြည့်သည်။

ထို့နောက် သူ့စိတ်တစ်ခုလုံး ဟင်းလင်းပွင့်သွားလေတော့၏။

* * *



## အခန်း (၁၂)

ည…။

အရင်ညတွေလို မှောင်မိုက်မနေဘဲ ဝန်းကျင်တစ်ခုလုံးက လရောင်ဖြင့် လင်းကျင်းနေ၏။ တန်ဆောင်မုန်းလပြည့်ညဖြစ်သော ကြောင့် ကောင်းကင်တွင် ကြယ်နက္ခတ်တွေက စိန်ပွင့်တွေ စီခြယ် ထားသလို ဖျိုးဖျိုးဖျပ်ဖျပ် လင်းလက်နေကြ၏။

ညဥ့်ယံသည် အေးစက်တိတ်ဆိတ်ခြင်းအပေါင်းဖြင့် ငြိမ်သက် လဲလျောင်းနေသည်။ တစ်ချက်တစ်ချက် ပုဇဉ်းရင်ကွဲကောင်တွေ၏ အော်လိုက်သံက ညကို အသက်ဝင်လာစေသလိုလို…။

ထိုညအလယ်တွင် လူငယ်တစ်ယောက်…။

သုတ်သီးသုတ်ပြာ လျှောက်လာသည့်အတွက် အလျင်လိုနေမှန်း အထင်းသားပေါ်လွင်နေသည်။ မကြာခဏဆိုသလို ဘေးဘီဝဲယာကို ကြောက်ကြောက်လန့်လန့် ကြည့်နေပုံက…

www.burmeseclassic.com

www.burmeseclassic.com



သွေးလန့် ခြောက်ခြားနေသည့် လူတစ်ယောက်ကဲ့သို့…။

* * *

ထုံးအောင်…။

ကြောက်ရွံ့တုန်လှုပ်စွာ လာနေရသဖြင့် ခြေထောက်တွေက လဲမလိုလို ပြိုမလိုလို…။ ပူလောင်စေးကပ်နေသော ချွေးများက တစိမ့်စိမ့် ယိုစီးကျနေသည်။

ရင်ထဲမှာတော့ ဒေါသလှိုင်းတံပိုးလုံးများက အုံကြွ ရိုက်ခတ်နေဆဲ…။

''တောက်''

ဆူဝေပွက်နေသော မခံချင်စိတ်ကြောင့် တောက်တစ်ချက် ခေါက်လိုက်ပြီး ဒီမိုးမျက်နှာကို နာနာကြည်းကြည်း မြင်ယောင်မိလိုက်သည်။

ဒေါသတရား လွှမ်းခြုံခြင်းခံထားရသော ရင်တစ်ခုလုံး တင်းကြပ်နေသည်။ တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်ယင်လျက်··။

အသက်ရှူသံကပင် ဖားဖိုထိုးသလို ရှူးရှဲရှူးရှဲ မြည်လာ၏

ထိုအချိန်မှာပင် ညဥ့်လေက သူ့ဘေးမှ ဝေ့တိုက်သွားသည်။

ဟင်!

တစ်ပြိုင်နက်တည်းလိုလို ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်မိသည်။

ကျောရိုးတစ်လျှောက်လုံး စိမ့်ကနဲ အေးစက်သွား၏။

ငါကြောက်နေလို့ မဖြစ်ဘူး… ရောက်အောင်သွားမှ…။

ထုံးအောင်က ကိုယ့်ကိုကိုယ် သတိပေးလိုက်ပြီး ခြေလှမ်းတွေကို အရှိန်ထပ်မြှင့်လိုက်သည်။ သူ့ခြေလှမ်းတွေက ရွာပြင်သင်္ချိုင်းဆီသို့…။

ညနေကတည်းက သူ့အဘိုးရဲ့ အရိုးပြာအိုးကို သွားယူစဉ်မှာ သင်္ချိုင်းစောင့် ဩဘာကို သူတောင်းတောင်းပန်ပန်နှင့် ပြောထားတာ တစ်ခုရှိသည်။



ထိုအရာကား… တံစူးဝါး…။

တံစူးဝါးကို အရုပ်လုပ် ဒီလိုကြယ်နက္ခတ်စုံသည့် တန်ဆောင်မုန်းလပြည့်ညမှာ အသက်သွင်းလိုက်လျှင် သရဲတစ္ဆေတွေ၊ နာနာဘာဝတွေရန်မှ ကာကွယ်နိုင်သည်။

သင်္ချိုင်းစောင့်ဩဘာက ညသန်းခေါင်ယံအချိန်တွင် သင်္ချိုင်းကုန်းထဲလာဖို့ သူ့ကိုမှာထားသည်။ ဒါဆို သူ့ကို အဘိုးရဲ့ဝိဉာဉ် လာရောက်ပူးကပ်မှာလည်း ပူစရာမလိုတော့၊ ဒီမိုးတို့ သရဲတစ္ဆေနဲ့ပတ်သက်ပြီးစရင်လည်း ကြောက်စရာမလိုတော့။

ထုံးအောင်က အတွေးတွေနှင့်အတူ ခြေလှမ်းတွေက မြန်လာသည်။

သင်္ချိုင်းနားကို ရောက်ခါနီးပြီဖြစ်၍ နှလုံးခုန်သံတွေက မြန်သထက်မြန်လာသည်။

ဒီမိုး အလှည့်ကျရင်မနွဲ့စတမ်းပေါ့ကွာဟု ခါးခါးသီးသီး ကြုံးဝါးလိုက်ပြီး ပြုံးလိုက်မိသည်။

ထိုအချိန်မှာပင်…

''အား…အား''

သူ့ရှေ့သစ်ပင်တစ်ပင်နောက်မှာ ရုတ်တရက် ပေါ်လာသော လူရိပ်တစ်ခုကြောင့် လန့်ပြီးအော်လိုက်မိ၏။

တစ်ကိုယ်လုံးလည်း နှလုံးခုန်ရပ်သွားမတတ် ကြောက်ရွံ့သွားပြီး တဆတ်ဆတ်ပင် တုန်ယင်သွားတော့သည်။

''မင်း…ရောက်လာပြီလား''

ရင်ခေါင်းသံကြီးနှင့်အတူ ထိုလူက ထုံးအောင်အနားသို့ ကပ်လာသည်။ ထိုလူကို သေသေချာချာကြည့်လိုက်တော့မှ ဩဘာ…။ သင်္ချိုင်းစောင့်ဩဘာ…။

ထုံးအောင်က အခုမှ အသက်ရှူနိုင်သွားပြီး ဟန်ချောင်ရဲတင်းထားသော ခြေလှမ်းတွေဖြင့် သင်္ချိုင်းစောင့် ဩဘာဆီသို့ လှမ်းသွားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''ဒီအရုပ်က မင်းရဲ့ နေ့နံနဲ့ကိုက်ပြီး စီရင်ထားတာ။ စေတမာန် အရုပ်လို့ ခေါ်တယ်။ တစ်ခြားလူတစ်ယောက်ယောက်ဆီ ရောက်သွားရင် တန်ပြန်လိမ့်မယ်။ ဒီတံစူးဝါးကို မကောင်းဆိုးဝါး၊ နာနာဘာဝ၊ သရဲတစ္ဆေတွေက ကြောက်ကြတယ်။ ဒါကြောင့် တံစူးဝါးနဲ့ လုပ်ထားတဲ့ စေတမာန်အရုပ်က မကောင်းဆိုးဝါးတွေကို နိုင်တာပဲ။ ဒါပေမယ့် တခြားလူဆီ ရောက်သွားမယ်ဆိုရင်တော့ မဆိုင်သူဟာ ဒုက္ခတွေ့လိမ့်မယ်။ ငါပြောတာကို သေသေချာချာ မှတ်ထား။

ထူးအောင်က သင်္ချိုင်းစောင့်သြဘာကို ခေါင်းညွှတ်အရိုအသေပေးလိုက်ပြီး သင်္ချိုင်းကုန်းထဲမှ ထွက်လာခဲ့သည်။ ဒီတစ်ခါတော့ ခြေလှမ်းတွေက ဟန်ဆောင်ရဲတင်းစရာမလိုတော့။ အပြီးအပိုင် အားမာန်အပြည့် ရဲတင်းသွားလေတော့သည်။

* * *



## အခန်း(၁၃)

အောင်မောင်းက ကားလက်မှတ်ကို ဒီမိုးဆီ လှမ်းပေးလိုက်ရင်း...

''ကဲ... ဒီမိုး လက်မှတ်တော့ ဖြတ်လာခဲ့ပြီ။ ဒီနေ့ညနေ ကားနဲ့ သွားရမှာ''

''ဟုတ်လား... ငါအဝတ်အစားတွေတောင် မထည့်ရသေးဘူး...။ ဒုက္ခပါပဲ... ဒါဆို ငါသွားပြင်ဆင်ထားလိုက်ဦးမယ်''

ဒီမိုး ကပျာကယာ အဘိုးဦးဖိုးမြတ်အိမ်သို့ ထွက်လာလိုက်သည်။ အောင်မောင်းက ပြောရင်း ဒီမိုးနောက်မှ လိုက်လာခဲ့၏။

''မင်းတို့ ပြန်သွားရင်တော့ ငါတို့ ပျင်းကျန်ခဲ့တော့မှာပဲ...။ ဖိုးပိန်က ရှေ့ဟာစ်လနှစ်လဆို ရန်ကုန်လာဖို့ရှိတော့ မင်းဆီကို ဝင်မယ်လို့ ပြောနေတယ်။ မင်းလည်း အားရင် တို့ရွာကို လာခဲ့ဦးလေ... ဒီမိုး''

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ…ငါအားရင် ရွာကိုလာခဲ့ပါဦးမယ်။ ဒါနဲ့ မရှင်းလို့ မေးရဦးမယ်… မင်းတို့ဆိုတော့ ငါတစ်ယောက်တည်း မဟုတ်ဘူးလား…။ တခြားဘယ်သူရှိသေးလို့လဲ…"

ဒီမိုးက တွေးဆဆဖြင့် အောင်မောင်းကို မေးလိုက်သည်။ အောင်မောင်းက ဒီမိုးပခုံးကို ဖက်လိုက်ပြီး…

"ဟား…ဟား… ပြန်မှာက မင်းတစ်ယောက်ထဲ မဟုတ်ဘူးဟေ့…။ မင်းရဲ့အချစ်တော်ကြီး ထူးအောင်ပါ ပြန်မှာ။ ဘာပဲဖြစ်ဖြစ် ဒီကောင်ရှိတော့လဲ ငါတို့ အပြင်းပြေတာပေါ့ကွာ… ဟား… ဟား…"

အောင်မောင်းက ရယ်ရွှန်းပက်ရွှန်းဖြင့် ဒီမိုးကို ပြောလိုက်ပြီး တဟားဟား ရယ်နေသည်။ ထိုအချိန်မှာပင် အဘိုးဦးဖိုးမှတ်တို့ အိမ်ရှေ့ရောက်လာပြီး အိမ်အဝတွင် ဆန်ပြာနေသော ဒေါ်လေးမငွေက

"ဟဲ့… ဒီမိုး ရန်ကုန်ပြန်မို့အတွက် ကားလက်မှတ်ရလာခဲ့လား… အောင်မောင်း"

"ဟုတ်ကဲ့… ဒေါ်လေး ရလာခဲ့တယ်။ ဒီနေ့ ညနေကားနဲ့"

ဒေါ်လေးမငွေက လက်ထဲမှဆန်ကောကို ချထားလိုက်ပြီး ဒီမိုးကိုကြည့်ကာ

"အေး… အေး… ဒါဆိုလည်း၊ ငါတူဒီမိုးရေ မင်းပြန်ခါနီး အရှေ့ပိုင်းက မင်းအမျိုးတွေကို သွားနှုတ်ဆက်လိုက်ဦး… ဒေါ်လေး မင်းအဝတ်အစားတွေ ထည့်ပေးထားမယ်။ မနက်တုန်းက မင်းအဝတ်အစားအချို့ကို ဒေါ်လေး လျှော်ပြီးလှန်းထားတာ သွားရုတ်လိုက်ဦးမယ်"

"ဟုတ်ကဲ့… ဒေါ်လေး"

ဒီမိုးက ဒေါ်လေးမငွေကို ပြန်ဖြေလိုက်ပြီး အောင်မောင်းနှင့် ရွာအရှေ့ပိုင်းသို့ ထွက်လာခဲ့သည်။

ရွာအရှေ့ပိုင်းရောက်တော့ ထူးအောင်က အမျိုးတွေကို လိုက်နှုတ်ဆက်ပြီး ပြန်လာသည်ကို တွေ့လိုက်ရသည်။ ထူးအောင်က ဒီမိုးကို



တွေ့တွေ့ချင်းမှာပင် ပြုံးပြပြီး…

"ဒီမိုး… မင်းလည်း ဒီနေ့ပြန်တော့မှာဆို။ ငါ့ကို မင်းတို့ ရန်ကုန်က အိမ်လိပ်စာလေး ဘာလေး ပေးခဲ့ဦးလေကွာ။ ရန်ကုန်ရောက်ရင် လာလည်လို့ရတာပေါ့…"

ဟွန်း…။ ဒီကောင်ကလည်း ငါတို့အိမ်ကိုတောင် လာလည်ဦးမလို့ဆိုပဲ။ ဒုက္ခပါပဲ။

ဒီမိုးက လိပ်စာကို မပေးချင်ပေးချင်နဲ့ ထူးအောင်ကို ပြောပြလိုက်သည်။ ထူးအောင်က သူ့ရွှတ်သမျှကို အလွတ်ရအောင် ကျက်မှတ်လိုက်ပြီး…

"အေး… အေး ရပြီ ဒီမိုး။ ဩော်… ဒါနဲ့ ဟိုတစ်နေ့က ဖြစ်ခဲ့တဲ့ကိစ္စကိုလည်း ခေါင်းထဲမထားပါနဲ့ကွာ ငါလည်းအကြောက်လွန်ပြီး မင်းကို တွန်းလိုက်မိတာ။ ဘာပဲဖြစ်ဖြစ် တကယ်တော့ ငါတို့က အမျိုးတွေပဲလေ… စိတ်ထဲမှာ မထားပါနဲ့တော့ပါကွာ…။ ငါလည်း မေ့ပစ်လိုက်ပြီ…"

ဆိုကာ ဒီမိုးပခုံးကို လက်ဖြင့် လာကိုင်လိုက်လေသည်။ ဒီမိုးလည်း အလိုက်သင့် ပြန်ပြုံးပြလိုက်ပြီး ခေါင်းညိတ်ပြလိုက်ကာ…

"အေးပါကွာ..ရပါတယ်။ ငါလည်း ဘယ်လိုမှ သဘောမထားပါဘူး။ ကဲ… ကဲ ငါလည်း ပြန်ခါနီး လိုက်နှုတ်ဆက်လိုက်ဦးမယ်…။ တာ့…တာ့"

ဒီမိုးက လက်ပြလိုက်ပြီး ဆက်လျှောက်လာခဲ့၏။ ဘေးနားမှ အောင်မောင်းက နားမလည်နိုင်ဟန်ဖြင့်

"ဒီကောင်ကွာ… ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ စိတ်ရောမှန်သေးရဲ့လားမသိဘူး…။ မနေ့ညကလည်း သန်းခေါင်ကျော်မှ ဒီကောင်အိမ်အောက်ကို ဝင်သွားတာကို တွေ့လိုက်သေးတယ်… ဧကန္တတော့ အဘိုးများ ဒီကောင့်ကို လာခြောက်လို့ ကြောက်လန့်ပြီး ကြောင်သွားတာလား မသိဘူး…"

ဒီမိုး ဘာမှပြန်မပြောဘဲ ပြုံးရုံသာပြုံးနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်ဝင် တစ်အိမ်ထွက် လိုက်နှုတ်ဆက်ပြီးသည့်နောက်မှာတော့ ဒီမိုး အဘိုးဦးဖိုးမှတ်၏ အိမ်သို့ ပြန်လာခဲ့ပြီး ရေမိုးချိုးလိုက်လေသည်။ ထို့နောက် ဒေါ်လေးမငွေက အဆင့်သင့် ထုတ်ပေးထားသော ဝတ်စုံကို လဲကာဝတ်လိုက်ပြီး ရေစိုသွားသော အဝတ်အစားတွေကိုတော့ ရွာမှာပင် ထားခဲ့လိုက်သည်။

ဖိုးပိန်က လှည်းပြင်ပြီးစောင့်နေသဖြင့် အားလုံးကို နှုတ်ဆက်လိုက်ပြီး လှည်းပေါ်သို့ တက်လိုက်လာခဲ့သည်။

လှည်းပေါ်တွင် အောင်မောင်းနှင့် ထူးအောင်ကိုပါ တွေ့လိုက်ရသည်။ ထူးအောင်က တစ်လမ်းလုံး သူ ပြည်မှာ ကျောင်းတက်ရင်း ရွာကို သတိရကြောင်း၊ တကယ်တော့ မြို့နှင့်ရွာက ဘယ်လို့ကွာခြားကြောင်းကို အားမနာပါးမနာ တဖွဖွတနွနွ ပြောလာခဲ့၏။

ဒီမိုးကတော့ ဘာစကားမှမပြောဘဲ အသာငြိမ်၍ လိုက်လာခဲ့သည်။ အတွေးထဲတွင် ရွာမှာကြုံခဲ့ရသည် ထူးထူးဆန်းဆန်း အဖြစ်အပျက်တွေကိုသာ တွေးနေမိသည်။

သင်္ချိုင်းစောင့် ဩဘာနှင့် အပယ်ခံရွာအကြောင်းကလည်း သူ့ကို စိတ်လှုပ်ရှားစေခဲ့သလို ခေါင်းလောင်းအိုင်ကြီးနှင့် သူ့မိခင်ဖြစ်သူ ဆုံးသွားသည့်အကြောင်းမှာလည်း သူ့အတွက် ဝမ်းနည်းထိတ်လန့်ဖွယ် ကောင်းနေခဲ့သည်။

တကယ်တော့ သူသာဒီရွာကို မလာဖြစ်ခဲ့ရင် မေမေဘယ်လိုဆုံးခဲ့မှန်း သိခဲ့ရမှာတောင် မဟုတ်။ အခုတော့ မေမေအဖြစ်အပျက်တွေက သူ့ကို အရိပ်လို တစ်ချိန်လုံး တွယ်ငြိနေစေ၏။

ရန်ကုန်ရောက်မှ ဖေဖေ့ကို မေးကြည့်တော့မယ်ဟု စိတ်ပိုင်းဖြတ်လိုက်ပြီး သက်ပြင်းကိုသာ ကြိတ်မျိုချလိုက်တော့လေ၏။

* * *



တကယ်တော့ အတိတ်ဆိုတာ ပြန်လည်ကြည့်ရှုခွင့် မရနိုင်တော့သည့် ရုပ်ရှင်တစ်ခုပဲ မဟုတ်ပါလား…

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ဒီမိုး အိမ်သို့ ပြန်ရောက်ရောက်ချင်းမှာပင် ချွေးသံတရွှဲရွှဲနှင့် အလုပ်ရှုပ်နေသော ဖေဖေ့ကို တွေ့လိုက်ရသည်။ ဝတ်ထားသည့် ဇွတ်ကျယ်အဖြူမှာလည်း ဖုန်တွေ အမှိုက်တွေက ပေရေွှန်းထင်းနေ၏။

ဖေဖေက သူပြန်လာသည်ကို မြင်မြင်ချင်း ဝမ်းသာသွားသည့် အမူအရာဖြင့်....

''ဟာ... သားပြန်ရောက်လာပြီလား။ ဘယ်လိုလဲ ချောချော မောမော ဖြစ်ခဲ့ရဲ့လား''

''ဟုတ်ကဲ့ဖေဖေ....။ အားလုံးအဆင်ပြေပါတယ်''

ဒီမိုးက ဖေဖေ့ကို ပြန်ဖြေရင်း ခရီးဆောင်အိတ်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ကာ ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ်ထိုင်လိုက်၏။

ဖခင်ဖြစ်သူ ဦးမိုးသန့်က ဒီမိုးရှေ့ ဆိုဖာပေါ်တွင် ထိုင်ရင်း...

''ဖေဖေကိုယ်တိုင်မလာဘဲ သားကိုလွှတ်လိုက်လို့ ရွာက အမျိုးတွေ အပြစ်တင်နေကြသေးလား...''



ဟုမေးလိုက်သည်။ ဒီမိုးက ခရီးပန်းလာသည့်အတွက် ခဏ အမောဖြေလိုက်ပြီးမှ ဖခင်ဖြစ်သူ၏ အမေးကို ဖြေလိုက်၏။

''မတင်ပါဘူး...ဖေဖေရာ။ သူတို့လဲ နားရေးကိစ္စတွေနဲ့ ရှုပ်နေတော့ သားကိုတောင် စကားသိပ်မပြောအားဘူး...''

ဖေဖေမျက်နှာ ပြုံးရောင်သန်းသွားသည်။ တကယ်တော့ ဖေဖေ က သူ့အလုပ်မအားသည်ကို အမျိုးတွေ နားမလည်ပေးနိုင်မှာကို စိုးရိမ်နေသူတစ်ယောက်....။

လူကသာ မရောက်ပေမယ့် ပါးစပ်ကတော့ ရွာအမျိုးတွေ အကြောင်း အမြဲပြောလေ့ရှိသည်။

''အေးကွာ...အားလုံးအဆင်ပြေခဲ့တယ်ဆို ပြီးတာပဲ။ သား မြန်မြန်ပြန်ရောက်လာတာလဲ အတော်ပဲ။ ဖေဖေလည်း ဒီနေ့ညနေ ရထားနဲ့ မော်လမြိုင်ဘက်ကို သွားမလို့ကွ...။ ဟိုမှာ ရှေးဟောင်း ပစ္စည်းတစ်ခု ရထားတယ်လို့ ဖေဖေ့မိတ်တွေတစ်ယောက်က ဖုန်း ဆက်လာတယ်''

ဒီမိုး တော်တော်စိတ်ညစ်သွားသည်။ ဖေဖေက အမြဲခရီးထွက် နေတော့မှာလား။

သူဖို့မှာတော့ ရွာက အတွေ့အကြုံတွေကို ဖေဖေ့ကို ပြောပြရန် အားခဲထားခဲ့သည်မှာ အလကား ဖြစ်ကုန်ပြီ...။

ဖေဖေက ရွှင်မြူးနေသည့်အသံဖြင့် ထပ်ပြောပြန်သည်။

''သြော်...ဒါနဲ့ သားကို ပြောရဦးမယ်။ ဖေဖေ ဒီတစ်ခေါက် ရှေးဟောင်းပစ္စည်းတွေ အများကြီးရထားတယ်။ ဆိုင်မှာ ထားစရာ နေရာမရှိတော့လို့ သားအခန်းထဲမှာတောင် တစ်ချို့တစ်ဝက် ထားထား သေးတယ်''

''ဟုတ်လား ဖေဖေ။ ဒါဆို မိုက်တာပေါ့''

ဒီမိုးက စိတ်မဝင်စားပေမယ့် ဖေဖေကို ကျေနပ်အောင် ပြောပေး လိုက်သည်။ ဖေဖေက ရှေးဟောင်းပစ္စည်းတွေကို ခုံမင်သူပီပီ သူ့ကိုလဲ

www.burmeseclassic.com



ထိုပစ္စည်းတွေနှင့် ရင်းနှီးကျွမ်းဝင်စေလိုသည်။ ဒီမိုး ရှေးဟောင်းပစ္စည်းတွေအကြောင်းကို မေးသည့်အခါတိုင်း ဖေဖေက စိတ်ရှည်လက်ရှည် အကြာကြီး ရှင်းပြတတ်၏။

အခုပင် ဖေဖေက သူစိတ်ဝင်တစား ထောက်ခံလိုက်သဖြင့်

''ဒီတစ်ခေါက်ရတဲ့ပစ္စည်းတွေက တကယ့်ရှားပါးတွေကွ··။ လာ··လာ သားကို ဖေဖေလိုက်ပြမယ်···။

ဖေဖေက အားတက်သရော ခေါ်နေ၍ ဒီမိုးက မလိုက်ချင်လိုက်ချင်ဖြင့် အပေါ်ထပ်သို့ လိုက်လာခဲ့ရသည်။

အပေါ်ထပ်တစ်ခုလုံးတွင်လည်း ဖေဖေရဲ့ ရှေးဟောင်းပစ္စည်းတွေချည်းပင်···။ ဖေဖေ့အခန်းဝတွင်လည်း ကြွေပန်းအိုးကြီးတစ်လုံး··· နံရံပေါ်တွင် ရှေးဟောင်းအရုပ်ပန်းချီကား နှစ်ချပ်ကို ချိတ်ဆွဲထားသည်။

''ဟင်''

ဒီမိုး သက်ပြင်းချလိုက်သည်။ ဒီပုံစံအတိုင်းဆို မလွယ်တော့။ ဖေဖေက သူ့ကို ပစ္စည်းတွေအကြောင်း အကုန်လုံးကို ရှင်းပြတော့မည်ထင်သည်။

ထိုအချိန်မှာပင်···

''ကလင်··· ကလင်··· ကလင်''

အောက်ထပ်မှာ ဖုန်းမြည်သံကြောင့် ဖေဖေက

''ဟော ဖေဖေ့မိတ်ဆွေတွေဆီက ဖုန်းလာပြန်ပြီထင်တယ်''

ဆိုကာ အောက်ထပ်သို့ ပြန်ပြေးဆင်းသွားလိုက်သည်။

ဒီမိုး ပြုံးလိုက်မိသည်။ နို့မို့ဆို ဖေဖေက သူ့ကို ဝယ်ထားသော ရှေးဟောင်းပစ္စည်းတွေ အကြောင်းကို တစ်ခုပြီးတစ်ခု ရှင်းပြတော့မည်။ အခုတော့ ဖေဖေက ရယ်ရယ်မောမောနှင့်ပင် ဖုန်းပြောနေလေပြီ···။

ဒီမိုးက အခန်းတံခါးကို တွန်းဖွင့်လိုက်ပြီး အခန်းထဲသို့ ဝင်လိုက်၏။ ထို့နောက် ကုတင်ပေါ်သို့ ခန္ဓာကိုယ်ကို ပစ်လှဲချလိုက်ပြီး ခဏ အညောင်းဖြေနေ၏။

ခဏလောက်ကြာတော့ အခုမှပဲ စိတ်လွတ်ကိုယ်လွတ် ရှိတော့



တယ်···ဟု ဒီမိုးက ရေရွတ်လိုက်ပြီး ကုတင်ဘေးသို့ စောင်းငဲ့ကြည့်လိုက်သည်။

ဟင်···ဘာကြီးလဲ

ဒီမိုး အလန့်တကြား ရေရွတ်လိုက်ပြီး ကုတင်ပေါ်မှ ငေါက်ခနဲ ထထိုင်လိုက်၏။ အခန်းထောင့် တစ်နေရာတွင်တော့ သစ်သားဖြင့် ထွင်းထုထားသော အရုပ်ကြီးတစ်ရုပ်···။

ဆောင့်ကြောင့်ထိုင်နေပြီး ဒူးဆစ်ပေါ်သို့ လက်သီးဆုပ်ထားသော လက်နှစ်ဖက်ကို တံတောင်ဖြင့် ထောက်၍ တင်ထားသည်။

မျက်နှာပေါ်က အင်္ဂါတွေက ရှေ့သို့ ဖူးထွက်မို့မောက်နေ၏···။

ပို၍ ထူးဆန်းနေသည်မှာ မျက်လုံးပင်···

မျက်ခုံကြားမှ ပြူးထွက်နေသည့် မျက်လုံးအလယ်ဗဟိုတွင် မျက်ဆံမပါဘဲ ချိုင့်ခွက်ကြီးသာ ဖြစ်နေသည်။

ဒီမိုး ထိုအရုပ်ကြီးကို မြင်မြင်လိုက်ချင်းမှာကို မသတီစရာအရာ တစ်ခုကို တွေ့လိုက်ရသကဲ့သို့ ထိတ်လန့် ကြောက်ရွံ့သွားမိသည်။

ဖေဖေက ထိုအရုပ်ကြီး ငါ့အခန်းထဲမှာ ဘာလို့ထားထားတာလဲ?

ဒီမိုးက ကုတင်ပေါ်မှာ ဆင်းလိုက်ပြီး ထိုအရုပ်ကြီးနားသို့ တိုးကပ်သွားပြီး လက်ဖြင့် လှမ်းကိုင်ကြည့်လိုက်သည်။

''ဒုန်း''

အောင်မလေး!

ရုတ်တရက်ကြားလိုက်ရသောအသံကြောင့် ဒီမိုးလန့်ဖြန့်ပြီး အော်လိုက်သည်။ သူ့အခန်းတံခါးကို ဖွင့်ကာ ဖေဖေဝင်လာ၏။ သူလန့်အော်လိုက်သံကိုတောင် ကြားပုံမပေါ်။

မျက်နှာပေါ်တွင် အလျှင်လိုနေသည့် ပုံက အထင်းသား···။

''သား··· ဖေဖေကားနဲ့ပဲ သွားလိုက်တော့မယ်။ ရထားနဲ့သွားရင် မီမှာမဟုတ်တော့ဘူး။ ဟိုမှာ ကုန်သည်တစ်ယောက်က ဖေဖေလိုချင်နေတဲ့ပစ္စည်းကို အတင်းလာဝယ်နေလို့ အမြန်သွားရမယ်···''

ဖေဖေသူ့ကို တိုင်ပင်တာလား အသိပေးတာလားတောင် မခွဲခြား

www.burmeseclassic.com

www.burmeseclassic.com



တတ်တော့····။ အလျင်စလို ဖြစ်နေသည့် အမူအရာဖြင့် ပြောပြီးပြီး ချင်း သူ့အခန်းထဲမှ ထွက်သွားသည်။

ရေချိုးခန်းထဲမှ ရေကျနေသံတွေကို ကြားလိုက်ရပြီး သိပ်မကြာ ခင်မှာပင် ဖေဖေက ခရီးဆောင်အိတ်ကို ဆွဲ၍ ထွက်သွားလေတော့ သည်။

* * *

နံရံပေါ်မှ နာရီကို ကြည့်လိုက်တော့ ၁၀နာရီခွဲနေပြီ···။

''ဟာ···အချိန်တောင် မနည်းတော့ပါလား။ အိပ်မှ···အိပ်မှ··။

ဒီမိုး ပက်လက်ကုလားထိုင်ပေါ်မှာ ထလိုက်ပြီး TV နှင့် DVD Player ကိုပိတ်လိုက်သည်။

ထို့နောက် အပေါ်ထပ်သို့ တက်လာတော့၏။ လှေကားထိပ် ရောက်တော့မှ ခေါင်းထဲတွင် အတွေးတစ်ခုက ဖျပ်ခနဲ ဝင်လာသည်။

ခရီးဆောင်အိတ်ထဲက လျှော်မယ့် အဝတ်အစားတွေကို ရေစိမ် ထားလိုက်ရင် ကောင်းမယ်။

ဒီမိုး အောက်ထပ်သို့ ပြန်ဆင်းလာပြီး ဧည့်ခန်းထဲတွင် ခရီး ဆောင်အိတ်ကို ရှာကြည့်သည်။ ခရီးဆောင်အိတ်ကို သူနေ့ခင်းက ပစ်ချထားသည့် နေရာမှာပင် တွေ့ရသည်။

ခရီးဆောင်အိတ်ကို ဖွင့်လိုက်ပြီး သူ့ရွာမှာတုန်းကဝတ်ပြီး လုံးထွေး ထည့်ထားသည့် အဝတ်အစားတွေကို ထုတ်လိုက်စဉ်မှာပင်

ဟင် ငါ့အဝတ်အစားတွေလဲ မဟုတ်ဘူး···!

ဒီမိုး ကပျာကယာနောက်ထပ်အဝတ်အစားတွေကို ထပ်ထုတ် ကြည့်လိုက်၏။

ဟာ··· သွားပါပြီကွာ··· ဟိုငကြောင် ထူးအောင်ရဲ့ အိတ်နဲ့ မှားသွားပြီ···။

ဒီမိုးက စိတ်ပျက်လက်ပျက်ဖြစ်သွားပြီး ညည်းညည်းညူညူ ရေရွတ်သည်။ သေချာပါတယ်။ ဒါထူးအောင် အဝတ်အစားတွေ



ထုတ်လက်စနဲ့ မထူးဘူးဆိုပြီး ဒီမိုးခရီးဆောင်အိတ်ကို မှောက် ချလိုက်၏။

''ကလောက်''

ဟင်··· ဘာလေးလဲဟ!

အဝတ်အစားတွေနှင့်အတူ ထွက်ကျလာသည့် အရာလေးတစ်ခု ကို ဒီမိုးက စိတ်ဝင်စားစွာ ကောက်ယူကြည့်လိုက်၏။

ဝါးဖြင့် လုပ်ထားသော အရုပ်တစ်ရုပ်။

အရုပ်၏ ပုံသဏ္ဌာန်က မည်သည့်ပုံစံထွင်းထုထားမှန်းမသိဘဲ ဟိုဟာနှင့် တူသလို ဒီဟာနှင့် တူသလို ဖြစ်နေသည်။

ဒါ··· ထူးအောင်ကိုယ်တိုင်လုပ်ထားလို့ အချိုးမကျဖြစ်နေတာ ထင်တယ်။

ထိုအတွေးနှင့် ဒီမိုးက ပြုံးလိုက်မိပြီး ထူးအောင်ကို သတိရသွား သည်။ ဒီကောင်က သရဲဆိုရင် နာမည်တောင် ကြားလို့မရ။ တွေ့ များ တွေ့လိုက်ရင် အသက်တောင် ပါသွားမလား မသိ···။ ထို့နောက် တွင်တော့····

ထူးအောင်၏ အဝတ်အစားတွေကို လျှော်မည့်ပုံးထဲသို့ ထည့် ထားလိုက်ပြီး ဝါးရုပ်လေးကိုယူကာ ဒီမိုးအပေါ်သို့ ပြန်တက်လာခဲ့ သည်။

အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။ ဒီမိုးအခန်းထဲသို့ ဝင်လာ ပြီး ဝါးရုပ်လေးကို စာကြည့်စားပွဲပေါ်သို့ တင်ထားလိုက်ပြီး ကုတင် ပေါ်သို့ တက်လိုက်၏။

စောင်ကို ဆွဲခြုံလိုက်ပြီး မျက်လုံးကို မှိတ်လိုက်လေသည်။

ချက်ချင်းဆိုသလို တစ်စုံတစ်ရာကို သတိရသွားပြီး မျက်လုံး ဖွင့်လိုက်ကာ ရှာကြည့်လိုက်၏။

ဟင်··· ဒီအရုပ်ကြီးကို ငါဘယ်လို လုပ်ရမလဲ?

ဒီမိုး··· အခန်းထောင့်က ဖေဖေယူလာသည့် အရုပ်ကိုမြင်တိုင်း တစ်စုံတစ်ခုကို တွေးပြီးကြောက်နေသလိုမျိုး ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲတွင်လည်း ဒီအရုပ်ကြီးက တစ်ယောက်ယောက်နဲ့ တူနေသလို ထင်၏။ ထိုသို့ ခံစားမိသည့်အချိန်တိုင်းလည်း ကြက်သီး ဖျန်းခနဲ ထမိသည်။

နောက်ဆုံးတွင်တော့ ဒီမိုးက အဲသည့်အရုပ်ကြီးဘက်ကို လှည့် မအိပ်တော့ဘဲ တခြားတစ်ဖက်သို့သာ စောင်းအိပ်လိုက်သည်။

မကြာခင်မှာပင် သူအိပ်ပျော်သွား၏။

* * *



## အခန်း(၁၅)

အေးစက်ထုံကျင်နေသော လက်တစ်ဖက်က သူ့ခန္ဓာကိုယ်ပေါ် သို့ လာရောက်ထိရောက်လိုက်သောကြောင့် ဒီမိုးလန့်နိုးသွားသည်။

''ဟာ!''

ယောင်ယမ်းရေရွတ်လိုက်သော အသံနှင့်အတူ ဒီမိုးက အလန့် တကြား အိပ်ရာပေါ်မှ ငေါက်ခနဲ ထထိုင်လိုက်မိ၏။ ပြူးကျယ် ဝိုင်းစက်သွားသော မျက်လုံးတွေက သူ့ကုတင်ခြေရင်းဆီသို့…။

''ဟင်… ဒါ… ဒါ သင်္ချိုင်းစောင့် ဩဘာပဲ''

သွေးပျက်ချောက်ချားမှုကြောင့် သူ့အသံတွေက တုန်ယင် ထစ် ငေါ့သွားပြီး နှုတ်ခမ်းဝမှ ယိုစီးကျသွားသည်။

မထင်မှတ်ထားသော မြင်ကွင်းကြောင့် ဒီမိုးနှလုံးအိမ်အဆုံး တဆတ်ဆတ်တုန်နေသည်။ ဩဘာက မီးဝင်းဝင်းတောက်နေသည့် မျက်လုံးတွေဖြင့် ဒီမိုးအပေါ်မှ အုပ်မိုးကြည့်နေသည်။

www.burmeseclassic.com



လက်ထဲတွင် တံစူးဝါးကို ကိုင်ထားလျက်။

မျက်နှာပေါ်တွင် ရက်စက်တော့မည့် အရိပ်အယောင်တွေက အပြည့်…။

"ခင်… ခင်… ခင်ဗျား ဘာလုပ်မလို့လဲ"

ဒီမိုးက ထစ်ထစ်ငေါ့ငေါ့နှင့်ပြောရင်း ကုတင်ပေါ်မှ မသိမသာ ဆင်းလိုက်သည်။ စိမ်းစိမ်းကြီး စိုက်ကြည့်နေသော မျက်လုံးတွေနှင့် ကျောချမ်းစရာကောင်းလောက်အောင်ပင် ဒီမိုး၏ မျက်ဝန်းအလယ် တည့်တည့်ကို စိုက်ကြည့်လိုက်ပြီး ရှေ့သို့တိုးကပ်လိုက်သည်။

လှုပ်ရှားမှုအားလုံးက ဝိဉာဉ်ဆန်လွန်းနေသည်။

ဒီမိုး ကြက်သေသေကြည့်နေရာမှ ဩဘာ၏ ရှူထုတ်လိုက်သည့် လေပူတွေ သူ့ပါးပြင်ကို လာရောက်ထိခတ်မှ သတိဝင်လာပြီး နောက်သို့ တစ်ချက်ဆုတ်လိုက်သည်။

သူ ငါ့အနားကို ဘာလို့ တိုးလာတာလဲဟု ဒီမိုး အထိတ်တလန့် တွေးမိလိုက်ပြီး အခန်းထဲမှ တစ်ဟုန်ထိုး ပြေးထွက်ဖို့ ကြံစည်လိုက်၏။

ဒယီးဒယိုင်ဖြစ်နေသော သူ့ခြေထောက်တွေ မရွေ့ရှားခင်မှာပင် ဩဘာ၏ ထော်လန်ညိုမည်းနေသော နှုတ်ခမ်းတွေက လှုပ်ရှားသွားသည်။

"မင်း…အမေ…"

ဝမ်းခေါင်းထဲမှ ထွက်ပေါ်လာသော အသံကြီးက သွေးပျက်ချောက်ချားစရာ။

ထိုအသံဆိုးကြီးက ဒီမိုးနားထဲတွင် ပဲ့တင်ထပ်သွားပြီး စိတ်အတွင်းပိုင်းအထိကို နက်နက်ရှိုင်းရှိုင်း တိုးဝင်သွားသည်။

ဒါ… ဒါ ငါ့ကို ပြောနေတာပဲ…!

ဒီမိုးက သွေးပျက်ချောက်ချားစွာ ရေရွတ်လိုက်သည်။ ခန္ဓာကိုယ်တစ်ခုလုံးကိုလည်း အေးစက်နေသည့် အငွေ့အသက်တွေက တဖြည်းဖြည်း တိုးဝင်လာနေသည်ကို ဒီမိုးက သတိပြုမိလိုက်၏။



"ငါ့စိတ်တွေ ဘာဖြစ်နေတာလဲ။ အားတင်းထားစမ်း… အားတင်းထားစမ်း…"

ဒီမိုး မျက်လုံးကို စုံမှိတ်လိုက်ပြီး အာရုံကို စုစည်းကာ ရေရွတ်လိုက်သည်။ သို့ရာတွင် သူ့စိတ်တစ်ခုလုံးကို တစ်စုံတစ်ယောက်က ညို့ငင်ခေါ်ယူနေသကဲ့သို့ လေးလံလာပြီး…

ခန္ဓာကိုယ်က တောင့်တင်းလာနေသည်။ မျက်ခွံတွေက မှေးစင်းပြီး သိစိတ်တစ်ခုလုံးက လွင့်ထွက်သွားမတတ်ဖြစ်လာကာ အာရုံတွေ ဝေဝါးလာသည်။

ထိုစဉ်မှာပင်

"မင်း… အခုသွားတော့… သွားတော့"

ဒီမိုး အားတင်းထိန်းချုပ်နေသည့် ကြားမှပင် ဩဘာ၏ ဝမ်းခေါင်းသံကြီးကို ကြားလိုက်ရ၏။ သူ့စိတ်တွေအားလုံး ဟင်းလင်းပွင့်သွားသလို ခံစားလိုက်ရပြီး အာရုံတွေ မှောင်အတိကျသွားလေတော့သည်။

* * *

ညသည် မှောင်မိုက်ကာ အေးစက်နေသည်။

လေက တစ်ချက်တစ်ချက် ငြိမ်ကျသွားလိုက် ပြန်တိုက်လိုက်နှင့်…။

အနီးတစ်ဝိုက်မှာတော့ သင်္ချိုင်းမြေပုံတစ်ချို့… အုတ်ဂူအပြိုအပျက်တစ်ချို့…။ ဒီမိုးက လှမ်းနေသော ခြေထောက်တွေကို တုန့်ခနဲ ရပ်ပစ်လိုက်၏။

ဟင်… ဒါ… သင်္ချိုင်းကုန်းကြီးပဲ!

သွေးရူးသွေးတန်းရေရွတ်လိုက်ပြီး ပတ်ဝန်းကျင်တစ်ခုလုံးကို ချောက်ချားတုန်လှုပ်စွာ ဝေ့ကြည့်လိုက်သည်။

မြင်ကွင်းထဲတွင် သင်္ချိုင်းမြေတစ်ခုလုံးက သွေးပျက်စရာကောင်းလောက်အောင်ပင် ငြိမ်သက် တိတ်ဆိတ်နေပြီး ကမ္ဘည်းတိုင်များ

www.burmeseclassic.com



ကလည်း ထိုးထိုးထောင်ထောင်…။

မြေပုံအဟောင်းတွေကလည်း မကြည့်ရဲလောက်အောင် အစီအရီ…။

ငါ… ဘာလုပ်ဖို့ ဒီအထဲကို လာနေရတာလဲဟု ဒီမိုးတွေးရင်း အဖြစ်အပျက်တွေကို ပြန်စဉ်းစားကြည့်လိုက်သည်။

အာရုံထဲတွင် ပေါ်လာသည့် ပုံရိပ်တွေက မြန်ဆန်လွန်းနေပြီး ဖျပ်ကနဲ ဖျပ်ကနဲ ပေါ်လိုက်ပျောက်လိုက် ဖြစ်နေ၏။

သူဘာကိုမှ မမှတ်မိတော့…။ သို့ရာတွင် သူသိတာတစ်ခုက သူ့ကိုတစ်စုံတစ်ယောက်က အမိန့်ပေးပြီး ခိုင်းစေနေသည်။

ထိုအမိန့်သံက သူ့နားထဲတွင် ကျယ်လောင်စွာ ပဲ့တင်ထပ်နေ၏။

"သွား… ရှေ့ဆက်… သွား"

အသံဆိုးကြီးကို နောက်တစ်ကြိမ်ထပ်ကြားရလိုက်ပြန်ပြီ။ ဒီမိုး ခန္ဓာကိုယ်တစ်ခုလုံး နောက်တစ်ကြိမ် အသိမဲ့သွားပြန်သည်။

သူစိတ်ခွန်အားတွေက ထိုအမိန့်သံတွေကို ဘယ်လိုမျှ မတွန်းလှန်နိုင်…။

သူက အိပ်ပျော်ရင်း လမ်းထလျှောက်နေသကဲ့သို့ ခံစားချက်မဲ့စွာ‥

သူ့ခြေထောက်တွေက မြေပုံအဟောင်းတစ်ခုစီသို့…။

အုတ်ဂူအပြိုအပျက်တွေ၊ လူသေမြုပ်သည့်တွင်းတွေက ည အမှောင်အောက်တွင် ချောက်ချားစရာ ငြိမ်သက်တိတ်ဆိတ်နေကြဆဲ…

လရောင်ကလည်း လင်းသည်ဆိုရုံကလေး မှုန်မှုန်လေးသာရှိသည်။ သူ့နောက်ကျောဘက်ဆီမှ အမိန့်ပေးနေသံတွေကလည်း အမျှင်မပြတ် လိုက်ပါကပ်ညှိနေဆဲ…။

ထိုအသံကြီးကို ကြားရသည်နှင့် တစ်ပြိုင်နက် သူ့စိတ်ခွန်အားတွေ ပျောက်ကွယ်သွားသလို ထင်မိသည်။

တစ်နေရာအရောက်တွင်တော့…။

သူရှာဖွေနေသည့် မြေပုံဟောင်းက သူ့ရှေ့တည့်တည့်တွင် ဘွားခနဲ ပေါ်လာသည်။

ဒီမိုး တုန့်တုန့်ယင်ယင်ရှေ့တွက်လိုက်ပြီး မြေပုံအဟောင်းဘေးတွင် ထိုင်ချလိုက်သည်။ တနင့်တပိုးထမ်းထားသော ကြောက်စိတ်က လှိုင်းတံပိုးလုံးများကဲ့သို့ အုံးခနဲထကြွလာပြီး ခန္ဓာကိုယ်တစ်ခုလုံးကို ရိုက်ခတ်လိုက်သည်။ ချွေးစေးတွေက ဒလဟောထိုးထွက်ကျနေပြီ…

နှလုံးအိမ်ဆီမှာ တဗျစ်ဗျစ်မြည်သံတွေကို ကြားနေရသည်။

ဒီမိုးက တဆတ်ဆတ်တုန်နေသောလက်ဖြင့် သင်္ချိုင်းမြေပုံကို ပုတ်လိုက်သည်။ လက်ဖြင့် သုံးလေးချက်လောက်ပုတ်ပြီးသည့် အချိန်မှာတော့…

အဖြစ်အပျက်တွေက လျှင်မြန်စွာ ပြောင်းလဲသွားလေသည်။ မြေပုံအပေါ်ဘက်မှာ မြေကြီးခဲတွေ ဖွားခနဲထသွား၏။

တစ်စုံတစ်ယောက် မြေကြီးအတွင်းပိုင်းမှ ထိုးထွက်နေသလိုမျိုး…။ အသံတွေကလည်း ကျယ်လောင်စွာ မြည်ဟိန်းလျက်…။

"ဒုန်း… ဒုန်း… ဒုန်း…"

ဒီမိုးက အသက်ရှူရပ်မတတ် ကြောက်ရွံ့နေပြီး မြေကြီးခဲတွေ ဖွာခနဲ လွင့်စင်တွက်သော နေရာကို လှမ်းကြည့်လိုက်သည်။

မြေကြီးထဲမှ ပေါ်လာသည်က လူသေထည့်ထားသည့် အခေါင်းတစ်လုံး….။

"ဒုန်းဒုန်း…ဒုန်းဒုန်း"

ဒီမိုး ပေါ်လာသည့် မြင်ကွင်းကို မကြည့်ရဲလောက်အောင် ဖြစ်သွားပြီး သည်းခြေပျက်မတတ် ကြောက်ရွံ့သွားမိသည်။

အဲသည့်အချိန်မှာပင်…

မိန်းမအလောင်းတစ်လောင်းကအခေါင်းထဲမှ ကုန်းရုန်းပြီးထကာ အပေါ်သို့ တစ်လှမ်းချင်းတက်လာလေသည်။

"အား"

ဒီမိုးက ကြောက်လန့်တကြား အော်ဟစ်လိုက်ပြီး ပြေးထွက်ရန် ခြေလှမ်းပြင်လိုက်သည်။ သို့သော်… ထိုမိန်းမအလောင်းက



www.burmeseclassic.com

www.burmeseclassic.com



သက်ရှိလူတစ်ယောက်ကဲ့သို့ ဒီမိုးအနားကို တရွေ့ရွေ့ တိုးကပ်လာသည်။

"မလာနဲ့… မလာနဲ့… သွား"

ဒီမိုးက သွေးပျက်လုမခန်း အသံကုန်အော်ဟစ်လိုက်ပြီး အလောင်းကောင်ကို ကြည့်လိုက်သည်။

"ဟင်! မေမေပဲ"

ဒီမိုး ကြောက်လန့်နေသည့်အခိုက်မှာပင် အံ့သြစိတ်ကြောင့် မှင်သက်သွားပြီး ထိုအလောင်းကောင်ကို ကြက်သေသေကြည့်နေမိတော့သည်။

မြေစိုင်မြေခဲတွေက ခန္ဓာကိုယ်ပေါ်မှ တဖွားဖွားလွင့်စင်ကျနေပြီး ဆံပင်တွေက ဖားလျားချထားသော မိန်းမအလောင်းက ဒီမိုးနှင့် လက်တလံလောက်အကွာတွင် ရပ်သွားသည်။ ထို့နောက်… ပုတ်နံ့ထောင်းထောင်းထွက်နေသောပါးစပ်နှစ်ဖက်ကို ဆွဲဟလိုက်ပြီး အာခေါင်ထဲမှ အရာတစ်ခုကို ထုတ်ယူလိုက်သည်။

ထိုအရာကား… မတ်စေ့တစ်စေ့…။

အံ့သည့်မတ်စေ့ကို လှမ်းယူမိလိုက်ချိန်မှာပင်… ဒီမိုးနားထဲသို့ နောက်ထပ်အမိန့်ပေးသံတွေက တိုးဝင်လာပြန်သည်။

ဒီမိုး သိစိတ်တွေအားလုံး မှောင်အတိကျသွားပြန်သည်။

* * *

ဒီမိုး သူ့မျက်စိရှေ့တွင် ဘွားခနဲပေါ်လာသောလူကို အသေအချာကြည့်လိုက်သည်။ သူ့အဘိုး ဦးဖိုးမြတ်…။

တစ်ကိုယ်လုံး အနက်ရောင် ဝတ်ရုံလွှာကြီးကို ခြုံလွှမ်းထားပြီး မျက်နှာသေဖြင့် ဒီမိုးကို စိုက်ကြည့်နေသည်။ မျက်တောင်ပင်မခတ်…။

လေက တဟူးဟူးထအောင် တိုက်ခတ်လိုက်သဖြင့် ကမ်းစပ်မှ သစ်ပင်များ ယိမ်းနွဲ့သွားကြ၏။ ထိုသစ်ပင်ကို တရှဲရှဲမြည်သွားသံမှအပ ကမ်းစပ်တစ်ခုလုံးက ငြိမ်သက်တိတ်ဆိတ်နေကြသည်။



ရပ်နေသော လူများကလည်း ခေါင်းကို ငိုက်စိုက်ချလျက်… တစ်စုံတစ်ရာကို စောင့်မျှော်နေသည့်အလား နှုတ်ဆိတ်နေကြ၏။

ဒီမိုး လက်တစ်ဘက်ကို ရွေ့လျားလိုက်သည်…။

သူ့လက်ဖဝါးပေါ်တွင် မတ်စေ့တစ်စေ့ကိုတင်ကာ သူ့အဘိုးကို လှမ်းပေးလိုက်သည်။ အေးစက်နေသော ဦးဖိုးမြတ်၏ လက်တစ်ဖက်က ဒီမိုး၏ လက်ဖဝါးပေါ်သို့။

အဘိုးဦးဖိုးမြတ်၏ လက်မှထူးဆန်းသော အငွေ့အသက်တွေက သူ့ခန္ဓာကိုယ်ထဲသို့ စီးဝင်လာသည်ဟု သူခံစားလိုက်ရသည်။

ထို့နောက်… ဦးဖိုးမြတ်က ဒီမိုးအနားမှ ထွက်ခွာသွားသည်။ အဖြစ်အပျက်အားလုံးက တိတ်တဆိတ်ပင်…။ ထိုနေရာက ပြုံးခြင်း၊ ရယ်ခြင်း၊ လွမ်းဆွတ်ခြင်းတွေ ပျက်သုဉ်းပြီး အသံမဲ့နေသော ကမ္ဘာတစ်ခုနှင့်မှန်မှ တူနေသည်။ ဒီမိုးက ဦးဖိုးမြတ်ကျောပြင်ကို ကြည့်ရင်း တစ်စုံတစ်ခုကို လှမ်းပြောမလို့ ပါးစပ်ဟလိုက်စဉ်မှာပင်…

ငွေရောင်အလင်းတန်းတစ်ခုက သူ့မျက်လုံးထဲသို့ ဖြေးကနဲ တိုးဝင်လာလေတော့၏။ ထို့နောက်တွင်တော့….

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၆)

ဒီမိုး ဖျတ်ခနဲ လန့်နိုးလာသည်။ ချွေးတွေ ရွှဲနစ်နေသောကြောင့် ခန္ဓာကိုယ်တစ်ခုလုံး အေးစက်နေလေပြီ။ သူကမန်းကတမ်း အိပ်ရာပေါ်မှ ထလိုက်ပြီး နီးရာအဝတ်တစ်ခုဖြင့် ခန္ဓာကိုယ်ပေါ်မှာ ချွေးစက်တွေကို သုတ်လိုက်သည်။

ချောက်ချားစရာကောင်းသော အိပ်မက်ကြောင့် ဒီမိုး၏လက်တွေ တုန်ယင်နေဆဲပင်ရှိသေးသည်။ ခါတိုင်း မက်နေကျ အိပ်မက်တွေထက်ပင် သည်အိပ်မက်က တကယ့်အစစ်အမှန်နှင့် တူနေသေးတော့၏။

အထူးသဖြင့် သံချိုင်းစောင့် ဩဘာ၏ အမိန့်ပေးနေသံတွေက အိပ်မက်မဟုတ်ဘဲ အပြင်မှာပါ နားနှင့်ဆတ်ဆတ်ကြားလိုက်ရသလို ထင်မိသည်။

တွေးရင်းနှင့် ဒီမိုးတစ်ယောက် ဩဘာ၏ အမိန့်ပေးနေသံတွေက



အိပ်မက်မဟုတ်ဘဲ အပြင်မှာပါ နားနှင့် ဆတ်ဆတ်ကြားလိုက်ရသလို ထင်မိသည်။

တွေးရင်းနှင့် ဒီမိုးတစ်ယောက် တုန်ယင်နေသည့် နှလုံးသားကို ထိန်းချုပ်ရင်း ခေါင်းရင်းမှ ပြတင်းတံခါးကို တွန်းဖွင့်လိုက်သည်။

ပြတင်းပေါက်မှ ဝင်လာသော မနက်ခင်းသည် ညဏ် ရင်ဖို လှုပ်ခတ်မှုများ...။ မောပမ်းနွမ်းနယ်မှုများ ထိတ်လန့်ကြောက်ရွံ့မှုများမှ ကင်းစင်ပြီး အေးချမ်းလန်းဆန်းနေတော့သည်။

လေပြေနုနုတွေကပင် သန့်ရှင်းလတ်ဆတ်မှုအပြည့်ဖြင့် သူ့ပါးပြင်ကို လာရောက်ထိတို့လိုက်ကြသည်။

* * *

ဒီမိုး ရေမိုးချိုး အဝတ်အစားလဲပြီးနောက် မနက်စာကို ဘယ်မှာ သွားစားရမလဲလို့ စဉ်းစားကြည့်လိုက်သည်။

လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်နှင့် ပဲပလာတာ သွားစားရင်ကောင်းမလား၊ ဒါမှမဟုတ် အသုပ်တစ်ခုခုပဲ သွားစားရမလား။

သို့ရာတွင်... တစ်ခုမှကို စားချင်စိတ်မရှိ...။ ဒါဆို...ဘာစားမလဲ?

"ကလင်...ကလင်"

ရုတ်တရက်အောက်ထပ်မှ ဖုန်းမြည်သံကို ကြားလိုက်ရသောကြောင့် အတွေးပြတ်သွားပြီး အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။

ဖေဖေ မော်လမြိုင်ကိုရောက်လို့ ဖုန်းဆက်လာတာထင်တယ်လို့ တွေးလိုက်ပြီး ဒီမိုးဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟဲလို..."

"ဟုတ်ကဲ့...ခင်ဗျ... ဒီမိုးနဲ့ပြောချင်လို့ပါ။ ပြန်ရောက်ပြီလား မသိဘူး... အန်ကယ်"

တစ်ဖက်မှ ဝင်းဖော်အသံကို ကြားလိုက်ရသဖြင့် ဒီမိုးပြုံးမိသွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝင်းဇော်က သူ့ကို သူ့အဖေထင်ပြီး ရိုရိုသေသေ ပြောနေ၏။

ဒီမိုးအသံကို ဖြစ်ညှစ်လိုက်ပြီး

''အေးကွဲ့… မရောက်သေးဘူး…သားက ဘာကိစ္စရှိလို့လဲ''

ဝင်းဇော်က ပျာပျာသလဲလဲဖြင့်

''ဩော်… ဘာမှမဟုတ်ပါဘူးဦး… သတိရလို့ပါ။ ဒါနဲ့ ဦးရော နေကောင်းလား အသံက ပျာနေသလိုလိုပဲ''

ဒီမိုး ဖုန်းခွက်ကို လက်ဖြင့်ပိတ်ပြီး အကျယ်ကြီးအော်ရယ်မိလိုက်သည်။ တစ်ခါတစ်ရံ ဝင်းဇော်မှာ တော်တော်အူကြောင်ကြောင်နိုင်လှသည်။ အရာရာတိုင်းကို မစူးစမ်း မဆင်ခြင်ပဲ ယုံလွယ်တတ်သည်။

အခုပင် ဒီမိုး၏အဖေထင်ပြီး လျှောက်ပြောနေ၏။

ဒီမိုးက ရယ်ချင်စိတ်ကို မျိုသိပ်ပြီး လူကြီးသံဖြင့်ပင် ဆက်ပြောလိုက်သည်။

''အေးကွ ဦးရေကူးတာများသွားလို့''

''ဟင်-ဦးရေကူးတယ် ဟုတ်လား။ ကျွန်တော်တို့တောင် အသိမပေးဘူး။ ဟာ… မဟုတ်ပါဘူး ဦးက ရေကူးလေ့ကူးထမရှိပါဘူး''

ဒီမိုး ဘယ်လိုမှ မအောင့်နိုင်တော့ ဖုန်းထဲမှာပင် အကျယ်ကြီး ရယ်လိုက်မိတော့သည်။ တစ်ဖက်မှ ဝင်းဇော်၏ ဦး ဘာဖြစ်သွားတာလဲဟု ကြောင်တောင်တောင်မေးနေသံကို ကြားလိုက်ရသည်။ နောက်ဆုံးတွင်တော့ ဒီမိုးက…

''ဟေ့ကောင်… ငါ ဒီမိုးပါကွာ…။ ဘယ်လိုဖြစ်တာလဲ လမ်းထိပ်က ကိုဘုန်းတို့ လက်ဖက်ရည်ဆိုင်မှာစောင့်နေ ငါအခုလာခဲ့မယ်''

ဝင်းဇော်၏ ပျစ်ပျစ်နှစ်နှစ် ဆဲဆိုလိုက်သံက ဖုန်းထဲတွင် ဆူညံသွားသည်။

* * *

''မင်းကလည်းကွာ ရောက်နေတာတောင် ဖုန်းမဆက်ဘူး။ ငါတို့က မင်းကို မျှော်နေကြတာကွ။ ရေမကူးရတာတောင် တစ်ပတ်လောက်ရှိပြီ''



ဝင်းဇော်က ဒီမိုးကို အပြစ်တင်နေသည့် လေသံဖြင့် ပြောလိုက်သည်။ ဒီမိုးက ဝါးလက်စ ပဲပလာတာဖပ်ကို ဆက်ဝါးလိုက်ပြီး ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့လိုက်၏။

ညီညီကတော့ ဆိုင်ရှင်ကိုဘုန်းနှင့် ညတုန်းက ဘောလုံးပွဲအကြောင်းကို အာပေါင်အာရင်းသန်သန် ပြောဆိုနေကြသည်။

သူတို့၏ ဘောလုံးပွဲ ငြင်းခုံနေသည့်အသံက တစ်ဆိုင်လုံး ဆူညံပွက်လောရိုက်နေ၏။ ဒါတောင် ညီညီက လေကို အကုန်မထုတ်သေး…။

ဒီမိုး လည်ချောင်းနင်သွားသဖြင့် ရေနွေးကြမ်းတစ်ခွက်ကို သောက်လိုက်ပြီး…

''ငါတို့ မနက်ဖြန်ရေသွားကူးကြရအောင်…။ ငါလည်းရွာမှာ တစ်ပတ်လောက် နေခဲ့ရတော့ ရေကူးချင်နေတာကွ။

''အေး… မနက်ဖြန်သွားကူးကြမယ်…။ မင်းဘယ်လိုလဲ ရွာမှာ ပျော်ခဲ့ရဲ့လား…''

''ဟာကွာ… မင်းကလည်း နာရေးသွားပါတယ်ဆိုမှ ဘယ်လိုပျော်ချိန်ရှိမလဲ… ဒါပေမယ့် မင်းတို့ကို ပြောပြစရာ သရဲပုံပြင်အသစ်တွေတော့ ရခဲ့တယ်။ အခုငါတို့ဖတ်နေတဲ့ သရဲဝတ္ထုတွေထက် လန်းတယ်ကွ''

ဒီမိုးစကားကြောင့် ကိုဘုန်းနှင့် ဘောလုံးပွဲအကြောင်းပြောနေသော ညီညီက စိတ်ဝင်စားသွားပြီး ဒီမိုးကို တအံ့တသြကြည့်လိုက်သည်။

သူတို့သူငယ်ချင်းတွေအားလုံးက သရဲကား၊ သရဲသတ္တုတွေ မလွတ်တမ်းကြည့်ကြ ဖတ်ကြသည်။ ပြီးရင် တစ်ယောက်နှင့်တစ်ယောက် အာပေါင်အာရင်းသန်သန်ဖြင့် ပြန်ပြောလေ့ရှိသည်။ အခုလည်း သရဲပုံပြင်အသစ်တွေဆိုလို့ စိတ်ဝင်စားသွားကြပြီး…

ဝင်းဇော်က…

''ဘယ်လိုသရဲပုံပြင်တွေလဲကွ… ကြောက်စရာကောင်းလား''

''ဒီမိုး မိုက်ရင် ပြောပြလေကွာ''

www.burmeseclassic.com

www.burmeseclassic.com



ညီညီကပါ ဝင်ပြီးပြောလိုက်သည်။ ဒီမိုးက အင်တင်တင်လုပ်နေသည့် အမူအရာဖြင့်...

"အလကားတော့ မပြောပြနိုင်ဘူး... လက်ဖက်ရည်ဖိုးရှင်းမှ ပြောပြမယ်...။ ဘာဖြစ်လို့လဲဆိုတော့ ငါပြောပြမယ့် သရဲဇာတ်လမ်းတွေက ပုံပြင်မဟုတ်ဘူးကွ။ တကယ့်အစစ်ကြီးတွေ"

"အေးပါကွာ... လက်ဖက်ရည်ဖိုး ရှင်းပေးပါ့မယ်... ပြောပြကွာ"

ဝင်းဇော်နှင့်ညီညီက တော်တော်နားထောင်ချင်နေပုံရသည်။ မျက်လုံးကြီးပြူးပြီး ဒီမိုးပြောတာကို စောင့်နေကြ၏။

ဒီမိုးက ချောင်းတစ်ချက်ဟန့်လိုက်ပြီး

"ဘယ်ကနေစပြောရမလဲဆိုတော့ သြော်... သိပြီ... သိပြီ.. ဒီလိုကွ"

* * *

ဒီမိုးတို့ သရဲအကြောင်းပြောနေကြသည်မှာ ဘယ်လောက်ကြာသွားသည်မသိ ရှေ့မှာချထားသော ရေနွေးကြမ်းအိုးပင် အေးစက်နေပြီး...။

ဝင်းဇော်နှင့် ညီညီကလည်း ဒီမိုးပြောပြနေသည်ကို အသက်မရှူစတမ်း နားထောင်နေကြ၏။ ဘေးနားမှ လက်ဖက်ရည်ဆိုင်ရှင် ကိုဘုန်းပင် ရောယောင်ကာ လိုက်နားထောင်နေသည်။

ဒီမိုးက လက်မှနာရီကို ကြည့်လိုက်ပြီး...။

"နောက်နေ့မှာ ဆက်ပြောတော့မယ်ကွာ...။ ဒီနေ့တော့ နောက်ကျနေပြီ အိမ်ပြန်တော့မယ်"

"ဟာ... နေပါဦးကွာ။ မင်းကလည်း။ မင်းအဖေလည်း မရှိပဲနဲ့ ဆက်ပြောပါဦးကွ"

ဝင်းဇော်တို့လိုက်ပြီး ထိုင်ရာမှထလိုက်ကာ ဒီမိုးက...

"မင်းကလည်း အဖေမရှိလဲ အိမ်ကို စောစောပြန်ရမှာပဲကွ...။



ညနေစာက ငါ့ဘာသာ ငါ ချက်စားရမှာကွ။ ကဲ... ကဲ သွားပြီ လက်ဖက်ရည်ဖိုး ရှင်းလိုက်ကြတော့"

ပြောပြောဆိုဆိုနှင့် ဒီမိုးက လက်ဖက်ရည်ဆိုင်မှ ထွက်လာခဲ့သည်။ တမင်သက်သက် ဝင်းဇော်တို့ စိတ်ဝင်စားနေမှန်းသိ၍ ဆန့်တငင်ငင်ထားခဲ့ခြင်း ဖြစ်သည်။

ဒါမှ မနက်ဖြန် သူ့လက်ဖက်ရည်ဖိုးထပ်ပြီး သက်သာမည်မဟုတ်ပါလား...။

ဒီမိုးတို့ အိမ်နှင့် ကိုဘုန်းတို့ဆိုင်က သိပ်မဝေးပေ။ လေးငါးမိနစ်လောက်တော့ လမ်းလျှောက်လိုက်ရင် ရောက်၏။ ဒီမိုးက ခြံတံခါးကို ဖွင့်လိုက်ပြီး ဝင်လာခဲ့သည်။

ဒီမိုး ညနေစာ ချက်ပြုတ်ပြီးသွား၍ ရေမိုးချိုးကာ အဝတ်စားလဲဖို့ အိမ်အပေါ်ထပ်သို့ တက်လာခဲ့သည်။

"ဟင်... မေမေ့အခန်းတံခါး ပွင့်နေပါလား။ ဒုက္ခပါပဲ ရွှေဝါ ဝင်မွှေပြန်ပြီလား မသိဘူး"

မေမေ့အခန်းတံခါးက လော့မချထားရင် အမြဲပြန်ပြန်ပွင့်တတ်သည်။ မေမေက ထိုတံခါးလော့ကို ဘာလို့မလဲလည်းမသိ။

ဒီမိုးက လက်ထဲမှ သဘက်ကို ကြွေပန်းအိုးပေါ်တွင် တင်ထားလိုက်ပြီး မေမေ့အခန်းထဲသို့ ဝင်ကြည့်လိုက်သည်။

ကုတင်အောက်... ဗီဒိုအောက်နှင့် စားပွဲအောက်တွေကိုပါ ငုံ့ကြည့်ပြီး ရွှေဝါကို ရှာကြည့်လိုက်သည်။ တော်ပါသေးရဲ့... ရွှေဝါ ဝင်မမွှေထားလို့...

ဒီမိုး အသက်ရှူချောင်သွားပြီး အခန်းအပြင်သို့ ပြန်ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။ ထိုအချိန်မှာပင် ဒီမိုးအကြည့်တွေက စားပွဲပေါ်တွင် တင်ထားသော မိခင်ဖြစ်သူ၏ ဓာတ်ပုံဆီကို ရောက်သွားသည်။

"ဟင်"

ဒီမိုး ထိုဓာတ်ပုံကို မြင်လိုက်ရသဖြင့် အနည်းငယ် အံ့အားသင့်

www.burmeseclassic.com



သွားသည်။ သူ ရွာသို့သွားခါနီး မေမေ့ဓာတ်ပုံက ကျကွဲထားသည်။ အခုတော့ ဓာတ်ပုံမှန်ဘောင် အသစ်ဖြင့်။

ဒီမိုး မေမေ့ဓာတ်ပုံတင်ထားသည့် စားပွဲများသို့ တိုးကပ်သွားလိုက်သည်။ မေမေ့ဓာတ်ပုံကို ယူကြည့်မိလိုက်သည့်အချိန်မှာပင် သူ့စိတ်တွေက ယောက်ယက်ခတ်သွားတော့၏။ ခေါင်းထဲသို့ ဦးလေးဦးဖိုးမှတ်ပြောပြသည့်အကြောင်းတွေက ဒီရေများကဲ့သို့ စီးဝင်လာခဲ့။ ထိုစဉ်မှာပင် . . .

"ဟင်"

အလန့်တကြားရေရွတ်လိုက်သော အသံနှင့်အတူ ဒီမိုးမျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်ကုန်၏။

ဓာတ်ပုံထဲတွင် ပြုံးပြုံးလေးဖြစ်နေသော မေမေ့မျက်နှာက ချက်ချင်းဆိုသလို ပြောင်းလဲသွားပြီး မနေ့ညက သူ့အိပ်မက်ထဲကလို ဆံပင်ဖားလျားနှင့် အခေါင်းထဲမှ ထွက်လာသည့်ပုံစံဖြစ်သွားသည်။

ဒီမိုး နှလုံးသွေးရပ်မတတ်ပင် ကြောက်ရွံ့သွားပြီး လက်ထဲမှ ဓာတ်ပုံ လွတ်ကျသွားသည်။

"ဒုန်း"

ဒီတစ်ခါတော့ မှန်မကွဲသွား . . . ကြမ်းပြင်ပေါ်တွင် မေမေ့ဓာတ်ပုံလေးက ပြုံးလျက်သားပင် တွေ့လိုက်ရသည်။

"ဟူး"

ဒီမိုး စိတ်ပျက်စွာ သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီး ဓာတ်ပုံကို စားပွဲပေါ်သို့ ပြန်တင်ထားလိုက်သည်။

ငါ ဘာဖြစ်နေတာလဲ . . .။ စိတ်တွေ ကယောင်ချောက်ချားပြီး မေမေ့ဓာတ်ပုံကို လွှတ်ချပစ်လိုက်တာပဲ။ တော်ပါသေးရဲ့ မကွဲသွားလို့ . .။

ဒီမိုး အသက်ခပ်ပြင်းပြင်းရှူသွင်းလိုက်ပြီး မေမေ့ဓာတ်ပုံကို ထပ်ကြည့်လိုက်သည်။ မေမေ့ပုံက သူ့အိပ်မက်ထဲကလို ရွံ့တွေအလိမ်းလိမ်းနဲ့ မဟုတ်ဘဲ ဖြူစင်ရှင်းသန့်လို့နေလေသည်။



မေမေတကယ်ပဲ အိုင်ကြီးဘေးမှာ ဆုံးသွားတာလား . . .။ ဘာဖြစ်လို့လဲ . . .။ အိုင်ကြီးထဲက လူသေအလောင်းတွေ ထလာတာမြင်လိုက်ရလို့ နှလုံးသွေးရပ်သွားတာလား?

ဒီမိုးခေါင်းထဲတွင် မေးခွန်းတွေ စီတန်းပြီး ပေါ်လာသည်။ နောက်ဆုံး . . . ဖေဖေလာမှ မေးတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်ကာ အခန်းပြင်ဘက်သို့ ထွက်ခဲ့သည်။ ထိုအခါကျမှ ကြောင်လေးရွှေဝါ အခန်းအပြင်ဘက်မှနေပြီး သူ့ကို ကြည့်နေသည်ကို တွေ့လိုက်ရသည်။

"ဟင် . . . အစုတ်ပလုတ်ကြောင် အခုမှပဲ တွေ့တော့တယ်"

ဟုရေရွတ်လိုက်ကာ ရွှေဝါကို ဖမ်းရန် အနားသို့ တိုးကပ်သွားသည်။ ထူးဆန်းနေသည်မှာ ကြောင်လေးရွှေဝါက သူ့ကို အနားအကပ်မခံဘဲ လှစ်ကနဲ လှစ်ကနဲ ထွက်ပြေးနေသည်။

အခါတိုင်းဆို ဖမ်းစရာမလို။ သူ့ဖာသာသူ ဒီမိုးခန္ဓာကိုယ်ပေါ်သို့ တက်လေ့ရှိသည်။ အခုတော့ ထူးဆန်းစွာပင် ကြောင်လေးရွှေဝါက ဖေဖေ့အခန်းဘက်သို့ကြည့်ပြီး တညောင်ညောင်နှင့် အော်နေလေသည်။

သူဖမ်းရင်လဲ လှစ်ကနဲ ထွက်ပြေးကာ သူ့ကို သူစိမ်းတစ်ယောက်ကဲ့သို့ ကြည့်နေပြန်သည်။

ကြောင်လေးရွှေဝါ၏ ထူးဆန်းသော အပြုအမူများကြောင့် ဒီမိုး အံ့အားသင့်မိသွားသည်။

ငါများ ရွာကို ခုနစ်ရက်လောက်သွားလိုက်တော့ မမှတ်မိတော့တာလား . . .။ ဒါလဲမဟုတ်နိုင် တိရစ္ဆာန်ဆိုတာ ဒီလောက်ရက်နည်းနည်းနဲ့တော့ ကိုယ့်သခင်ကို မမေ့နိုင် . . . ဒါဆိုရင် ဘာဖြစ်နေတာလဲ . . .။

ဒီမိုး ဆက်မစဉ်းစားချင်တော့ . . .။ အခုတလော သူတွေ့ကြုံနေရသည်မှာ အသစ်အဆန်းကြီးသာ ဖြစ်နေပြီး ဘာကိုမှုလည်း သူအကျေအလည် မစဉ်းစားနိုင်တော့။

ဒီမိုး ခေါင်းကိုခါယမ်းလိုက်ပြီး အဝတ်အစားလဲရန်သော အခန်းတွင်းသို့ ဝင်လာခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

''တီ...တီ...တီ''

''တီ...တီ...တီ''

အိမ်ရှေ့မှ လူခေါ်ဘဲလ်က အဆက်မပြတ်မြည်နေသဖြင့် ဒီမိုး အိပ်ရာထဲမှ လူးလဲထကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ဒီလောက်စောကြီးရှိသေးတာ ဘယ်ကဧည့်သည်လဲ မသိဘူး ဟု တွေးလိုက်ပြီး အိမ်ရှေ့တံခါးကို ဆွဲဖွင့်လိုက်သည်။

ခြံရှေ့တွင် ဝင်းဇော်တို့....

ကျောပိုးအိတ်ကိုယ်စီနှင့် ရေသွားကူးကြမလို့ ထင်သည်။ ဒီမိုးက စိတ်တိုသွားပြီး အိမ်ထဲမှပင် အော်ပြောလိုက်သည်။

''ဟာကွာ... မင်းတို့ကလည်း အစောကြီးရှိသေးတယ်။ ဘာ လုပ်ကြမလို့လဲ''

''အံမယ်... ကိုယ်တော်... နာရီကိုလည်း ပြန်ကြည့်ဦး။ (၈)



နာရီခွဲနေပြီ။ မနေ့ကမင်းပဲ ရေသွားကူးမယ်ဆိုလို့ ငါတို့က လာခေါ်ရ တာ မလိုက်ချင်လဲနေခဲ့''

ဝင်းဇော်လှမ်းပြောလိုက်မှ ဒီနေ့ရေသွားကူးမလို့ ချိန်းထားတာကို ပြန်သတိရသွားသည်။ ငါ... ဒါကို ဘာလို့မေ့နေတာလဲလို့ ဒီမိုး မကျေမချမ်းတွေးလိုက်မိပြီ... ခြံသော့ကိုယူကာ ခြံဝင်းတံခါးဖွင့်ရန် ထွက်လာခဲ့၏။

ခြံတံခါးနားရောက်တော့မှာ ဒီမိုးက...

''ဆောရီးကွ... ငါမေ့သွားလို့...။ ညတုန်းကလည်း အိပ်မက် တွေမက်ပြီး ကောင်းကောင်းအိပ်မပျော်တာနဲ့ နေမြင့်သွားတယ်''

''အဲဒီလို လုပ်စမ်းပါ ဒီမိုးရာ...။ မင်းကပဲ တို့ကို ဆီးကော နေတော့ တို့တောင်ကြောင်သွားတယ်။ သွား... သွား... မြန်မြန် မျက်နှာသွားသစ်လိုက် ငါတို့စောင့်နေမယ်''

''ဟင်... အိမ်ထဲမှာ ဝင်ထိုင်ကြလေ။ ဘယ်က စောင့်နေမလို့ လဲ''

ညီညီစကားကြောင့် ဒီမိုးက ခြံရှေ့တွင် စောင့်နေမယ်ထင်ပြီး အံ့အားသင့်စွာ ပြောလိုက်သည်။ ဒီမိုးစကားကြောင့် ညီညီရှုံ့မဲ့စွာ ဖြစ်သွားပြီး...

''ဒီကောင် ညတုန်းက ကောင်းကောင်း မအိပ်ရလို့ ကြောင်သွား ပြီထင်တယ်။ ငါတို့က မင်းအိမ်ထဲကမစောင့်လို့ ဘယ်နားက စောင့် နေရမှာလဲ။ ဒီခြံရှေ့ကများ မင်းကို ရပ်စောင့်နေမယ်ထင်လို့လား...''

''သြော်... အေး... အေး... ဒါဆိုလဲ လာကြ''

ဒီမိုးက ခြံတံခါးသော့ကိုဖွင့်ပြီး ညီညီတို့ကို အိမ်ထဲလာဖို့ ခေါ် လိုက်သည်။ ဝင်းဇော်နှင့် ညီညီတို့က ဒီမိုးကို ထူးဆန်းနေ၍ ပြောဆို နေကြသံများက ဆူညံလျက်...။

ဒီမိုးက ကပျာကယာ ရေချိုးခန်းထဲသို့ ဝင်လာခဲ့သည်။ သူတစ် ကိုယ်လုံး အကြောအချဉ်တွေ တောင့်တင်းပြီး ကိုက်ခဲနေသည်။ ခေါင်း

www.burmeseclassic.com



ထဲ၌လည်း မှုးဝေဝေဖြစ်နေ၏။ မိုးလင်းခါနီးမှ အိပ်ပျော်သောကြောင့် အိပ်ရေးမဝသဖြင့် ဖြစ်နေတာလားမသိဟု တွေးလိုက်ပြီး ရေပန်းကို ဖွင့်၏။

ထို့နောက်ဆပ်ပြာကို မြန်မြန်တိုက်ကာ ရေမြန်မြန်ချိုးလိုက်သည်။

သူရေချိုးခန်းထဲမှထွက်လာချိန်မှာတော့ ငနဲသားသုံးကောင်က ပိုင်စိုး ပိုင်နက် တီဗီဂိမ်းကို ဆော့နေကြ၏။ သူထွက်လာတာကို မမြင်…။ တီဗီဂိမ်းကိုသာ အငမ်းမရဆော့နေကြ၏။

ဟင်းခန် သက်ပြင်းကိုသာချလိုက်ပြီး အဝတ်အစားလဲဖို့ ပြင်ဆင်လိုက်တော့၏။

* * *

"ကဲ… ကဲ… စမယ်နော်… တစ်…နှစ်…သုံး"

"ဗွမ်း"

ဝင်းဇော်က ရေကူးကန်ဘောင်ပေါ်မှနေပြီး ဒီမိုးတို့ ရေငုပ်ပြိုင်နေသည်ကို အချိန်မှတ်လိုက်သည်။ အကြာဆုံးငုပ်နိုင်တဲ့လူက ကြိုက်တာစားကြေး….။

ဝင်းဇော်က ရေကူးကန်ဘောင်ပေါ်ကနေပြီး ရေထဲကို ငုံ့ကြည့်လိုက်သည်။ ရေ၏ ကြည်လင်မှုကြောင့် ကောင်းမြတ်နှာခေါင်းကို လက်နဲ့ပိတ်ပြီး ရေငုပ်နေတာကို မြင်ရသည်။ ပြီးတော့… ညီညီ။ နောက်တစ်ယောက်… ဒီ… ဒီ… မိုး"

"ဟင်… ဒီကောင် ဘယ်နားသွားငုပ်နေလဲ"

သူ့ရှေ့တွင် ရေထဲဒိုင်ဗင်ထိုးဆင်းသွားတာကို မြင်လိုက်ရတာပါ။ အခု ဘယ်ရောက်သွားတာလဲ…။

ဝင်းဇော် အံ့အားသင့်ပြီး ဒီမိုးကို ရှာကြည့်လိုက်သည်။ မတွေ့…။ တခြားဘက်များ ကူးသွားတာလား…ဟု ထင်မိလိုက်ပြီး ရေကူးကန်တစ်လျှောက် ဝင်းဇော်လိုက်ရှာကြည့်လိုက်သည်။

* * *



ဒီမိုး…။

သူဒီတစ်ခေါက် ရေငုပ်သွားသည်မှာ သက်တောင့်သက်သာရှိလှသည်ဟု ထင်မိသည်။ အသက်အောင့်ထားပေမယ့်လည်း သိပ်မမောသလိုပဲ…။

နားထဲတွင်လည်း ခါတိုင်းကြားနေကျ တဂူးဂူးအသံတွေကို မကြားရ…။

ငါရေငုပ်နေတာမှ ဟုတ်ရဲ့လားဟု တွေးလိုက်ပြီး… ဒီမိုးက ပိတ်ထားသော မျက်လုံးကို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်သည်။ ထိုအခိုက်အတန့်အတွင်းမှာပင် မြင်လိုက်ရသော မြင်ကွင်းကြောင့် သူ့မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်ကုန်သည်။

"ဟင်…ငါဘယ်နားကို ရောက်နေတာလဲ"

ထိုစကားသံကိုပင် သူ့အတွေးထဲကပဲပြောလိုက်တာလား အသံထွက်ပြီး ပြောလိုက်တာလားလို့ သူမဝေခွဲတတ်တော့

သူ့မျက်စိရှေ့တွင် မြင်နေရသည်ကား…။

နောက်ကျိုဝါထိန်နေသော ရေတွေ။ ခြေဖျားတစ်ချက်ခတ်လိုက်တိုင်းလည်း ရွှံ့နွံတွေက ထောင်းထောင်းထသွားသည်။

ဒါ… ဒါ… ရေကူးကန်ထဲက ရေတွေမဟုတ်ဘူး…။ ငါဘယ်ကိုရောက်နေတာလဲ?။ ဒီမိုး သွေးပျက်မတတ်ကြောက်ရွံ့သွားပြီး အထိတ်တလန့်နှင့် တွေးလိုက်မိသည်။ သူ့ခန္ဓာကိုယ်မှာလည်း ရေထဲတွင် ဖောလောကြီးပေါ်နေသလို ခံစားရသည်။

ထိုအချိန်မှာပင်….

သူ့ရှေ့ နောက်ကျိုနေသော ရေထဲတွင် လူတစ်ယောက် သူ့ထံသို့ ကူးလာနေသည်။ ခေါင်းကို ငုံ့ပြီး လက်နှစ်ဖက်က ရေကိုချဲ၍ ကူးလာသောကြောင့် ဘယ်သူမှန်းမသိ။

အနားရောက်တော့ ထိုလူက ခေါင်းကို မော့လိုက်သည်။

"အား…အား… သင်္ချိုင်းစောင့် ဩဘာ"

ဒီမိုးက ကိုယ့်မျက်လုံးကိုပင် မယုံနိုင်အောင်ဖြစ်သွားပြီး လိပ်ပြာ

www.burmeseclassic.com

www.burmeseclassic.com



လွင့်မတတ် ကြောက်လန့်တကြား အော်လိုက်မိသည်။

ပါးစပ်ဟလိုက်သည်နှင့်တပြိုင်ထဲ ရွှံ့ရေတွေနှင့် ဒိုက်ဖတ်တွေကလည်း လည်ချောင်းထဲအထိကို တိုးဝင်လာတော့၏။ အော်လိုက်သည့်အခါတိုင်းလည်း ပါးစပ်ထဲက ဂလူးလူးမြည်နေသံမှအပ တခြားမည်သည့် အသံမှမထွက်တော့…။

အသက်ရှုကျပ်လာပြီး မျက်လုံးတွေပြာလာသည်။ ကိုယ်လက်အင်္ဂါတွေက အားကုန်ရုန်းနေပေမယ့် အိပ်မက်ယောင်သူတစ်ဦးပမာ အားမပါလှ။

ဒီမိုး နောက်ဆုံးအသိကို စုစည်းပြီး ရေပေါ်သို့ အားကုန်တက်လိုက်သည်။ သို့သော် တစ်စုံတစ်ယောက်က သူ့ခြေထောက်ကို ဆွဲထားလိုက်သည်။

ထို့နောက် ရေအောက်ထဲသို့ သူ့တစ်ကိုယ်လုံးကို ဆွဲနှစ်ခေါ်သွားလိုက်၏။ သူ့ခန္ဓာကိုယ်က ရေအောက်ထဲတွင် ရေငုပ်သင်္ဘောတစ်စင်းကဲ့သို့ အရှိန်နှုန်းထိုးကျနေသည်။

သူ့ကို ဘယ်အထိဆွဲခေါ်သွားမှန်းမသိ…။

ရေထဲတွင် တရှိန်ထိုးကုန်ရပ်သွားပြီး ရေလှိုင်းနဲ့အတူ ဗောလောလွင့်သွားမှ သတိဝင်ပြီး မျက်လုံးတွေကို အားတင်းဖွင့်ကြည့်လိုက်၏။

သချိုင်းစောင့် ဩဘာကို မတွေ့ရတော့…။

သို့သော်… ရေထဲတွင် ဆံပင်ဖားလျားချထားပြီး ရပ်နေသော အမျိုးသမီးတစ်ယောက်ကိုတော့ တွေ့လိုက်ရသည်။

ဆံပင်တွေက တလူလူလွင့်နေပြီး အေးစက်သော အကြည့်တွေနှင့် သူ့ကိုစိုက်ကြည့်နေသည်။ ရွှံ့ဗွက်တွေလည်း တစ်ကိုယ်လုံး အလိမ်းလိမ်းပေရေနေသည်။ မျက်နှာက ခံစားချက်မဲ့နေသကဲ့သို့ တည်နေ၏။

ဒီမိုး မျက်နှာကို မမှတ်မိစရာ အကြောင်းမရှိ။

တိတ်ဆိတ်ဆွဲ့အသော အသံဖြင့်ပင် ဝမ်းနည်းဆို့နင့်စွာ အော်ခေါ်မိလိုက်သည်။

"မေမေ…မေမေ"



ထိုစကားသံတွေက အသံမဲ့စွာပင် ကျယ်လောင်စွာမြည်ဟိန်းထွက်သွားသည် ဆက်တိုက်… ဆက်တိုက်ဆိုသလို ဒီမိုး အသံကုန်အော်ဟစ်ပစ်လိုက်သည်။

ရင်တစ်ခုလုံး၌ နာကျင်မှုတွေ ပြွတ်သိပ် ပြည့်ညစ်နေသည်။ ထိုစဉ်…

သူ့ရှေ့တည့်တည့်မှ အမျိုးသမီးက ရေထဲတွင် ဗောလောမျောပြီး သူ့ထံသို့ လာနေပြီ…။

ဒီမိုး မျက်လုံးကို ဖြည်းဖြည်းချင်း မှိတ်ချလိုက်သည်။

အဲ့သည့် အခိုက်အတန့်လေးမှာပင်…

များပြားလှသော လက်ချောင်းတွေက သူ့ခန္ဓာကိုယ်ကို ပွေ့ဖက်ချုပ်နှောင်းလိုက်ကြတော့လေသည်။

"ဝေါ့… ဝေါ့… ဝေါ့"

"ဗွမ်း"

ကျောကုန်းကို ဖိလိုက်သော အရှိန်ကြောင့် ကြို့ထိုးသွားပြီး ထိုးအန်ချလိုက်သည်။ ဝမ်းဗိုက်ထဲရေတွေက လည်းချောင်းထဲမှတဆင့် အပြင်သို့ ထွက်ကျလာသည်။

"ဟဲ့… ကလေးတို့… လူနာကို ပက်လက်ပြန်လှန်ထား။ အသက်ကို ခပ်ပြင်းပြင်းရှူခိုင်း"

"ဟော့ကောင်… ဝင်းဇော် အဲ့ဒီဘက်က ဆွဲလှန်လိုက်လေ…။ မြန်မြန်လုပ်"

သူ့နားထဲတွင် အသံတွေက ဆူညံနေသည်။ ရင်ဘတ်ကိုလည်း တစ်ယောက်က ဖိနေ၍ သူ့ခန္ဓာကိုယ်က ဆတ်ကနဲ ဆတ်ကနဲ ဖြစ်နေသည်။

ဒီမိုး မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။

သူ့ပေါ်မှနေပြီး အုပ်မိုးကြည့်နေသည့် လူအုပ်စုကြီးနှင့်အတူ ဝင်းဇော်တို့ကိုပါ တွေ့ရသည်။ သူမျက်စိဖွင့်လာတာကိုမြင်တော့ ဝင်းဇော်ဝမ်းသာအားရအော်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''ဟာ… သတိရလာပြီကွ။ သတိရလာပြီ။ တော်ပါသေးရဲ့ကွာ… မသေကောင်း မပျောက်ကောင်း… ဒီမိုးရာ''

''ဟူး… စိုးရိမ်လိုက်ရတာကွာ။ အခုမှပဲ ပေါ့သွားတော့တယ်''

သူ့အပေါ်မှ အုပ်မိုးကြည့်နေသော လူအုပ်စုတွေကလည်း ရှဲသွားကြပြီး တစ်ယောက်တစ်ပေါက် ပြောဆိုနေသံတွေကိုလည်း ကြားလိုက်ရသည်။

''ရေကူးကန်ထဲမှာ ကူးနေပြီး… ရေနစ်ရတယ်လို့''

''ဟုတ်ပါဗျာ။ ရေမကူးတတ်ဘူးထင်တယ်''

ဒီမိုး မျက်လုံးကို ခဏပြန်မှိတ်ထားလိုက်ပြီး ပါးစပ်ဟကာ အသက်ကိုရှူနေလိုက်သည်။ သူ့ခေါင်းထဲတွင် ခုနက အဖြစ်အပျက်တွေကို အသေအချာမှတ်မိနေသည်။

သချိုင်းစောင့်… ဩဘာ။ ပြီးတော့… သူ့အမေ။

ဒါတွေက တကယ်ဖြစ်ခဲ့တာလား…။ ဒါမှမဟုတ် ငါစိတ်ကယောင်ချောက်ချားပြီး ဖြစ်နေတာလား? ငါဘယ်လိုလုပ် ရေပေါ်ပြန်ရောက်လာတာလဲ?

ရှုပ်ထွေးနေတဲ့ မေးခွန်းတွေနှင့်အတူ ဒီမိုးမျက်လုံးပြန်ဖွင့် ကြည့်လိုက်သည်။ ဝင်းဇော်…၊ ကောင်းမြတ်…၊ ညီညီ… အားလုံးက သူ့ကို ပြုံးပြနေသည်။

ဒီမိုး ထိုင်ဖို့ အားယူပြီး ထလိုက်သည်။ ဘေးနားမှ သူငယ်ချင်းတွေ ကမန်းကတမ်း သူ့ခန္ဓာကိုယ်ကို ထိန်းပေးလိုက်ကြသည်။

ဝင်းဇော်က…

''တော်သေးတာပေါ့ကွာ… ငါတို့က မင်းသေသွားပြီတောင်ထင်တာ…။ အစကတော့ မင်းတခြားနေရာမှာ သွားငုပ်နေတယ်ထင်လို့ လိုက်ရှာနေကြတာကွ… နောက်ထပ်ရှာကြည့်မှ မင်းက ရေကူးကန်ဘောင်နားမှာ ကပ်ပြီး ငုပ်နေတာကို တွေ့ရတာ။ တွေ့တွေ့ချင်းမင်းက ရေအောက်ထဲမှာ ရုန်းကန်ပြီး အတင်းလှုပ်ရှားနေတာတွေကိုတွေ့မှ ရေနစ်နေမှန်းသိတာ''



ဝင်းဇော်၏ စကားတွေက သူ့နားထဲတွင် ကြားတစ်ချက် မကြားတစ်ချက်။ သူ့ခန္ဓာကိုယ်အရေပြားပေါ်မှ အေးစက်နေမှုကိုပင် သတိမထားနိုင်တော့…။ သူ့မျက်လုံးတွေက နားမလည်နိုင်စွာဖြင့် ဘေးနားမှ ရေကန်ထဲကိုသာ ကြည့်နေမိတော့သည်။

ကန်ရေပြင်က ကြည်လင်စိမ်းမြလျှက်…။

ဝင်းဇော်ပြောသလို ရေနစ်တာပဲ ဖြစ်ပါစေလို့ ဒီမိုးက စိတ်ထဲမှ ဆုတောင်းလိုက်ပြီး အဝတ်အစားဝတ်ရန် ထလိုက်သည်။

ထိုအချိန်တွင် သူ့ခေါင်းထဲတွင် စိတ်ကူးတစ်ခုက လင်းလက်သွား၏။

''ဝင်းဇော် ငါရေငုပ်တာ ဘယ်လောက်ကြာသွားလဲ''

ဝင်းဇော်က ဒီမိုးကိုကြည့်ပြီး စိတ်ပျက်သွားဟန်ဖြင့်

''မင်းကလည်းကွာ… သေရေးရှင်ရေးဖြစ်နေတာတောင် မေးနေရသေးတယ်…။ မင်းစားချင်တာ ငါတို့ ကျွေးပါ့မယ်''

ဒီမိုးက ခေါင်းခါပြလိုက်ပြီး

''ငါသိချင်တာ အချိန်ပဲ ဝင်းဇော်… ပြောပြစမ်းပါ''

ဝင်းဇော်က လက်ထဲမှ နာရီကို ပြန်စစ်ဆေးကြည့်လိုက်ပြီး ခေါင်းကို တဗျင်းဗျင်းကုတ်လျှက်

''အတိအကျတော့မသိဘူးကွ… ဒါပေမယ့် အနည်းဆုံးတော့ ဆယ်မိနစ်ပဲ''

သေချာသွားပြီ…။ ဆယ်မိနစ်ဆိုသော အချိန်အတိုင်းအတာအထိ သူဘယ်တော့မှ ရေမငုပ်နိုင်ခဲ့…။ ထိုအချိန်ကား သူငုပ်နိုင်သည့် ပမာဏထက် ဆယ်ဆနီးနီးကျော်လွန်နေပြီ…။

ပုံမှန်အတိုင်းဆိုရင် သူဘယ်လိုမှ ငုပ်နိုင်စရာ အကြောင်းမရှိ…။

သူ့နှလုံးအိမ်ဆီမှ တဆစ်ဆစ်မြည်သံကို နားနှင့်ဆတ်ဆတ်ပြန်ကြားလိုက်ရသည်။ စိတ်တစ်ခုလုံးက လွင့်စင်ထွက်သွားပြီ….

ခန္ဓာကိုယ်က အခွံသက်သက်သာ ကျန်ခဲ့တော့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၈)

ပွဲနွေးငြိမ်သက်နေသော ညသန်းခေါင်ယံဖြစ်သည်။ လေညင်းပင်လျှင် မတိုက်ခတ်။ ပြတင်းပေါက်ကို ကာထားသော လိုက်ကာများပင်လျှင် မလှုပ်ခတ်ဘဲ ငြိမ်သက်နေသည်။

ဒီမိုး…။

မီးခိုးရောင်အခန်းထဲသို့ ဖျာကျနေသည့်လရောင်ကို တွေဝေစွာ ငေးကြည့်နေသည်။ ပြူထွက်နေသည့် လရောင်ကိုပင် တစ္ဆေတစ်ကောင်၏ အငွေ့အသက်တွေကဲ့သို့ သူကြောက်လန့်နေမိ၏။

မျက်လုံးကို မှိတ်ပစ်လိုက်သည်။ လရောင်ကိုလည်း မမြင်ချင်ပါ။ အေးစက်တိတ်ဆိတ်နေသည့် ညတွေကို သူရင်မဆိုင်ချင်တော့ပါ။

သူ့အတွက်တော့ ညတွေသည် နာကျင်ချောက်ချားဖွယ်ကောင်းလှ၏။ မိစ္ဆာအရိပ်အငွေ့တွေ ဖုံးလွှမ်းထားသောညရောက်တိုင်း သူ့နှလုံးသားထဲမှ နာကျင်ကြောက်လန့်နေသည့်စိတ်က အယိမ်းယိမ်း အယိုင်ယိုင်….။



သူဒီလိုညရောက်တိုင်း ကောင်းကောင်းအိပ်မပျော်သည်မှာ တစ်ပတ်ကျော်ခဲ့ပြီး…။

အိပ်ပျော်သွားသည်နှင့်တပြိုင်နက် အိပ်မက်ဆိုးများက သူ့ကို နှိပ်စက်တော့သည်။ အိပ်ပျက်သည့်ဒဏ်က သူ့တစ်ကိုယ်လုံးကို အားအင်ချိနဲ့နေစေသည်။

ဦးခေါင်းတစ်ခုလုံးက ရီဝေနောက်ကျိနေပြီး ခြေလက်တွေက နုန်းချိယိုင်နဲ့နေ၏။

သူဘာကြောင့် ဒီလိုဖြစ်နေရတာလဲ?

ဘာကြောင့်လဲ… ဘာကြောင့်လဲ…။

နာကြည်းခါးသီးစွာ ထပ်ကာ ထပ်ကာ ရေရွတ်မိလိုက်သည်။ တောက်ခေါက်ဖို့ပင် အားအင်မရှိတော့….။

သူဘာလုပ်ရမလဲ?

ဒီလိုပဲ အိပ်ပစ်လိုက်ပြီး ထိတ်လန့်စရာတွေကို ရင်ဆိုင်ရမှာလား…။ ညရောက်တိုင်း သူ့ကိုအပေါ်မှ အုပ်မိုးကြည့်နေသည့် သံချိုင်းစောင့် ဩဘာ၏ အကြည့်တွေကိုလည်း လိပ်ပြာလွင့်မတတ် ကြောက်နေမိပြီ…။

ပြီးတော့… ချောက်ချားစရာ အမိန့်ပေးသံတွေ…။

ထိုမရဏ အမိန့်ပေးသံတွေကို ကြားရပြီးနောက် ရင်ဆိုင်တွေ့ရသည့် နာနာဘာဝ သရဲတစ္ဆေတွေ…။ နောက်… သူ့ရဲ့ အမေ

အေးစက်ရီဝေနေသည့် မျက်ဝန်းတွေနှင့် စိုက်ကြည့်နေသည့် သူ့ရဲ့မေမေ…။

ဒီမိုး ဆက်မတွေးချင်တော့…။

တစ်ဖက်သို့စောင်းကာ လှဲနေလိုက်သည်။ အိပ်ချင်စိတ်ကို အားတင်းထိန်းချုပ်လိုက်ပြီး ရေကူးကန်ထဲမှ အဖြစ်အပျက်တွေကို ပြန်စဉ်းစားကြည့်လိုက်သည်။

အဲဒါတွေက တကယ့်အဖြစ်အပျက်တွေလား… စိတ်ကယောင်ချောက်ချားဖြစ်နေတာလားဆိုတာတောင် သူမဝေခွဲတတ်တော့…။

www.burmeseclassic.com



ဆယ်မိနစ်ဆိုသော အချိန်ကိုလည်း သူဘယ်တုန်းကမှ ရေမငုပ်နိုင်ခဲ့…။ ရေအောက်ထဲမှာ တွေ့ခဲ့ရသော ဩဘာမျက်လုံးတွေကလည်း သွေးပျက်ထိတ်လန့်စရာ…။

ငါဘာတွေဖြစ်နေတာလဲ… ဘာလို့ ဒီလိုကြောက်စရာ အဖြစ်အပျက်တွေကို ကြုံနေရတာလဲ? ဒီမိုးမတွေးတတ်တော့…။

ဒီမိုးအကြည့်တွေက စားပွဲခုံပေါ်သို့ ရောက်သွားသည်။

စားပွဲပေါ်တွင် ထူးအောင်၏ ဝါးရုပ်ကလေး…။ ဒီမိုး ထိုအရုပ်ကလေးကို ယူကြည့်သည်။ ဘာနဲ့ တူနေမှန်းတော့ အခုထိ မသိ။

တစ်စုံတစ်ယောက်နဲ့ပဲ တူနေသလိုလို… ဘာလိုလိုနဲ့။

ဒီမိုးသက်ပြင်းကို ချလိုက်ပြီး အရုပ်ကို စားပွဲပေါ်သို့ ပြန်တင်လိုက်ဖို့ လက်ရွယ်လိုက်၏။ ထိုအချိန်မှာပင်

‘‘ရှပ်…ရှပ်…ရှပ်’’

ရုတ်တရက်ကြားလိုက်ရသော အသံတွေကြောင့် ဒီမိုး ထိတ်လန့်သွားပြီး

‘‘ဘယ်…သူ…လဲ’’

ဟုအော်ဟစ်မိလိုက်သည်။ ခြေသံလိုလိုအသံတွေက သူ့အိပ်ခန်းဆီသို့ တရွေ့ရွေ့ တိုးကပ်လာလျက်…

ဒါ… ဒါ… ခြေသံတွေပဲ။ သူခိုးဝင်တာများလား…? အိမ်ထဲမှာ ငါတစ်ယောက်တည်းရှိနေတာပါ…။

ဒီမိုး တဖြည်းဖြည်းနှင့် ကြောက်လန့်လာသည်။ ခြေတွေလက်တွေက ထုံကျင်အေးစက်လာပြီး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်လာ၏။

အမှောင်ထဲတွင်ကား တစ်ယောက်ယောက် ညင်သာစွာ ရွေ့လျားနေသည်မှာ သေချာပါတယ်…။

သူဘယ်လို လုပ်ရမလဲ…။

ရဲစခန်းကို ဖုန်းဆက်လိုက်ရင် ကောင်းမလား…။

ကစဥ့်ကလျားဖြစ်နေသော စိတ်တွေက စုစည်းလို့ မရတော့…



အယောင်ယောင်အမှားမှားနှင့် ကုတင်ပေါ်မှ ဖြည်းဖြည်းချင်းဆင်းလိုက်မိသည်။ ရုတ်တရက်ဆိုသလို ခေါင်းထဲတွင် နောက်အတွေးတစ်ခုက ဖျပ်ကနဲ ပေါ်လာပြန်သည်။

ဟင်! ဩဘာများ လာနေတာလား?

ဒါမှမဟုတ် မကောင်းဆိုးဝါး တစ်ကောင်ကောင် သူ့ဆီလာနေပြီလား?

ဒီမိုး ဆက်မတွေးဝံ့တော့…။ သူ၏ ယိုင်နဲ့နေသော ခြေထောက်တွေက အိပ်ခန်းတံခါးဆီသို့ ဒရွတ်တိုက် ရွေ့လျားနေသည်။

ခြေသံတွေက သူ့အခန်းအပြင်ဘက်လောက်အရောက်မှာ ပြန်တိတ်သွားပြန်သည်။ နိမ့်နိမ့်စောင်းစောင်း ထိုးကျနေသော လရောင်ကြောင့် သူ့အရိပ်သည်ပင် ရှည်လျားစွာ ကျနေသည်။

ဒီမိုးဆတ်ဆတ်တုန်ယင်နေသော လက်တွေက တံခါးလက်ကိုင်ဘုဆီသို့

‘‘ဂျောက်’’

တံခါးလက်ကိုင်ဘုကို လှည့်လိုက်ပြီး တံခါးကို ဆတ်ကနဲ ဆွဲဖွင့်လိုက်သည်။ သူ့ရှေ့တွင် ဘာမှမရှိ။ အမှောင်ထုသာ ငြိမ်ငြိမ်သက်သက်

ထိုငြိမ်သက်နေခြင်းကပင် မသက်သာစရာကောင်းနေသည်။ သူခုနက ကြားခဲ့ရသော ခြေသံတွေက ထူးဆန်းစွာပင် ပျောက်ကွယ်သွားပြီး…။

‘‘ဟင်’’

ဒီမိုး အံ့အားသင့်ခြင်းနှင့်အတူ ကြက်သီးပါ ဖျန်းခနဲ ထသွားမိသည်။ သူ့နားနှင့်ဆတ်ဆတ်ကြားခဲ့ရသော ခြေသံတွေက

ထိုအချိန်မှာပင်

သူ့ခြေထောက်ဆီမှ အမွေးဖားဖားအရာတစ်ခု ပွတ်တိုက်သွားသည်ကို သိလိုက်ရလေသည်။

ဒီမိုး သွေးပျက်စွာ အော်ဟစ်လိုက်သောအသံမှာ တစ်ခန်းလုံး

www.burmeseclassic.com

www.burmeseclassic.com



ဟိန်းထွက်သွား၏။ ဒီမိုး အလန့်တကြား အောက်ကို ငုံ့ကြည့်လိုက်သည်။

ကြောင်လေးရွှေဝါ…။

သူ့ခြေထောက်ကြားမှတဆင့် သူ့ကို မျက်လုံးပြူးကြည့်နေသည်။

“ဟာကွာ… ဒီကြောင်စုတ်တော့”

ဒီမိုး သက်ပြင်းကို ဟင်းခနဲချလိုက်ပြီး မျက်လုံးမှိတ်ထားလိုက်မိသည်။ ခုနက ကြောက်သွားသောအရှိန်ကြောင့် သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေဆဲ…။

ခန္ဓာကိုယ်မှ အရေပြားကလည်း ချွေးတွေကြောင့် အေးစက်လျက် သူ့စိတ်ကို ငြိမ်အောင်ထိန်းလိုက်ပြီး ကုတင်ဆီသို့ ပြန်လျှောက်လာခဲ့သည်။

ထို့နောက်… ခန္ဓာကိုယ်ကို ကုတင်ပေါ်သို့ ပြန်လှဲချလိုက်ပြီး အမောဖြေနေလိုက်သည်။ ထိုအခိုက်အတန့်အတွင်းမှာပင် တခွီးခွီးနှင့် မာန်ဖီနေသော ရွှေဝါအသံကို ကြားလိုက်ရသည်။

ရွှေဝါက ဖေဖေယူလာသောအရုပ်ကြီးကို မာန်ဖီနေသည်။ ထို့နောက် ဒီမိုး ကုတင်ပေါ်သို့ ပြေးတက်လာခဲ့၏။

ဒီမိုး ဖေဖေယူလာသော အရုပ်ကြီးကိုကြည့်ပြီး စိတ်မသက်သာစွာ သက်ပြင်းချလိုက်မိသည်။ ဒီအရုပ်ကြီးကပင် သူ့ကို အိပ်ပျက်နေစေသလားမသိ…။

ထိုအရုပ်ကြီး၏ မျက်လုံးတွေကိုကြည့်ရင်း မကောင်းဆိုးဝါးအငွေ့အသက်တွေ သူ့ထံသို့ စီးဝင်လာသည်ဟု ခံစားရသည်။

ထော်လန်ညိုမြည်းနေသော နှုတ်ခမ်းတွေ…။ မို့မောက်တွဲကျနေသော ပါးပြင်တွေ ထိုအရာတွေက…

“ဟင်…!”

အလန့်တကြား အော်လိုက်သံနှင့်အတူ ဒီမိုးခေါင်းထဲတွင် စိတ်ကူးတစ်ခုက ဖျတ်ခနဲ လင်းလက်သွားသည်။

ဒီ… ဒီ အရုပ်ကြီးက သင်္ချိုင်းစောင့်ဩဘာနဲ့ တူနေကာပဲ…။



ဒီမိုး အိပ်ရာပေါ်မှာ ငေါက်ကနဲ ထထိုင်လိုက်ပြီး ထိုအရုပ်ကြီးကို သေသေချာချာ ထပ်ကြည့်လိုက်၏။ သေချာသွားသည့်အခါမှာတော့ ဒီမိုး စိတ်တစ်ခုလုံးကို ကြောက်စိတ်တွေ ဖုံးလွှမ်းသွားလေတော့သည်။

* * *

ညပေါင်းများစွာကို အိပ်မပျော်ခြင်းဖြင့် ကျွန်တော်ရင်ဆိုင်ခဲ့ရပြီးပြီ အခုရော ကျွန်တော် ဘာလုပ်ရမည်နည်း…

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

နောက်တစ်နေ့မနက်…။

ဖေဖေ ခရီးမှ ပြန်ရောက်လာခဲ့သည်။ မျက်နှာတစ်ခုလုံး သွေးမရှိတော့သလို ဖြူရော်နေပြီး နှုတ်ခမ်းတွေပင် ညိုမည်းခြောက်သွေ့နေလေ၏။

“ဟင်…ဖေဖေ ဘယ်လိုဖြစ်လာတာလဲ”

ဒီမိုးက စိုးရိမ်တကြီးရေရွတ်လိုက်ပြီး အိမ်ရှေ့သို့ ပြေးထွက်သွားလိုက်သည်။

ဖေဖေက အိမ်ရှေ့သံပန်းတံခါးကို အားအင်ကုန်ခမ်းနေသည့် လူမမာတစ်ယောက်ကဲ့သို့ အားပြုမှီတွယ်ပြီး ရပ်နေသည်။ ခေါင်းကလည်း အောက်သို့ ငိုက်စင်းကျလျက်…။

ဒီမိုးက အိမ်ရှေ့တံခါးကို အမြန်ဖွင့်လိုက်ပြီး…

“ဖေဖေ နေမကောင်းဘူးလား”



ဟု စိုးရိမ်တကြီးမေးလိုက်ပြီး ဖေဖေကို တွဲကူလိုက်သည်။

“ရတယ်… ရတယ်သား။ ဖေဖေ ခရီးပန်းသွားလို့ ထင်တယ်။ ဖျားနေတယ်”

ဟုတ်ပါရဲ့…။ ဖေဖေတစ်ကိုယ်လုံးက ကိုယ်တွေခြစ်ခြစ်တောက်ပူနေလိုက်တာ…။ ကမန်းကတမ်း ဖေဖေလက်ထဲမှ ခရီးဆောင်အိတ်ကို လှမ်းယူလိုက်ပြီး…

“လာ… လာ… ဖေဖေ အိမ်ထဲဝင်ရအောင်”

ဒီမိုးက ဖေဖေ့ကိုတွဲကူပြီး အိမ်ထဲသို့ ဝင်လာလိုက်သည်။ ထို့နောက် ဖေဖေ့ကို သက်သောင့်သက်သာရှိစေရန် ဆိုဖာပေါ်တွင်ထိုင်စေပြီး ဖုန်းရှိရာသို့ လှမ်းသွားလိုက်၏။ ဖေဖေက တိုးဖျော့နေသောလေသံဖြင့်…

“သား…ဘယ်ကို ဖုန်းဆက်မလို့လဲ”

“ဒေါက်တာအောင်လင်းကို ဖုန်းဆက်ခေါ်မလို့ ဖေဖေ”

ဖေဖေက ခေါင်းကိုခါယမ်းလျက်

“ခေါ်မနေနဲ့သား… ဖေဖေအနားယူလိုက်ရင် ပျောက်သွားမှာပါ။ ဖေဖေကို အိပ်ခန်းထဲကိုသာ တွဲပို့ပေးပါလား…”

“ဟုတ်ကဲ့… ဟုတ်ကဲ့ ဖေဖေ”

ဒီမိုး ကပျာကယာ ဖေဖေ့အနားသို့ သွားလိုက်ပြီး အားယူထနေသော ဖေဖေ့ခန္ဓာကိုယ်ကို ဖေးမလိုက်သည်။ ထို့နောက် ဖေဖေ့လက်တစ်ဖက်ကို ဒီမိုးပခုံးပေါ်သို့ တင်လိုက်ပြီး အပေါ်ထပ်အိပ်ခန်းထဲကို တွဲကူလျှောက်လာခဲ့၏။

ဖေဖေ့ကို ကုတင်ပေါ်တွင် ချပေးလိုက်ပြီး နွေးထွေးမှုရှိစေရန် စောင်တစ်ထည်ကို ဆွဲယူခြုံပေးလိုက်၏။

* * *

မနေ့ညက တစ်ညလုံး ကောင်းကောင်းမအိပ်ထားခဲ့ရသောကြောင့် ဦးခေါင်းတစ်ခုလုံး တဒုန်းဒုန်း ထုရိုက်ခံနေရသလိုမျိုး နာကျင်ရီဝေ

www.burmeseclassic.com

www.burmeseclassic.com



နေသည့် ခံစားမှုအပြင် ဖေဖေကိုပါ တစ်နေကုန်ပြုစုနေရသဖြင့် ဒီမိုး ခန္ဓာကိုယ်တစ်ခုလုံး ယိုင်ထိုးချိနဲ့နေလေပြီ။

ဒီကြားထဲ ဖေဖေ့အတွက် လမ်းထိပ်မှာ ဆန်ပြုတ်သွားဝယ်ရင်း ချော်လဲခဲ့သောကြောင့် ခြေထောက်တစ်ဖက်က တဆစ်ဆစ်နာကျင် ကိုက်ခဲလျက်...။

ဒီမိုး ဖြစ်ညှစ်အားတင်းလိုက်ပြီး လက်ထဲမှရေခဲအိတ်ကို ကိုင်လျက် ဖေဖေ့အခန်းသို့ လျှောက်လာခဲ့၏။

ဖေဖေက ကုတင်ပေါ်တွင် အသာမှိန်း၍ နေလေ၏။ ဒီမိုးအနားသို့ တိုးကပ်သွားလိုက်ပြီး သွေးဆုတ်ဖြူရော်နေသော ဖေဖေ၏ လက်တစ်ဖက်ကို ဖွဖွဆုပ်ကိုင်လိုက်သည်။

ဖေဖေ၏ ပိတ်ထားသော မျက်ခွံတွေက လှုပ်ရှားလာပြီး...

"သား သွားနားတော့လေ...။ ဖေဖေ သက်သာသွားမှာပါ..."

အသံတွေက တိုးပျော့လွန်းနေသည်။ ဒီမိုးဖေဖေကို ကြေကြေကွဲကွဲကြည့်ရင်း

"ရပါတယ်...ဖေဖေ။ သားက နေကောင်းနေတဲ့လူပဲ နားစရာမလိုပါဘူး။ ဖေဖေသာ နေမြန်မြန်ပြန်ကောင်းအောင် ကြိုးစားပါ...ဖေဖေ"

ဖေဖေက သူ့ကို နွေးထွေးစွာ ပြန်ပြုံးပြလိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်။

ဒီမိုးက လက်ထဲမှာ ရေခဲအိတ်ကို ဖေဖေ့နဖူးပေါ်သို့ တင်ပေးလိုက်သည်။

ထိုသို့လုပ်ပေးနေသည်မှာ ဘယ်လောက်ကြာသွားလဲမသိ။ ရေခဲအိတ်တောင် သိပ်မအေးတော့...။ ဖေဖေကတော့ အိပ်ပျော်နေပြီ။

ဒီမိုး ဖေဖေ အိပ်ပျော်နေတာကို ကြည့်ပြီး ဝမ်းနည်းဆို့နင့်မိ၏။ ဘာကြောင့်မှန်းမသိ ဖေဖေအိပ်နေတာကိုပင် အသက်ရှူမရှူ ခဏခဏ စမ်းကြည့်နေမိသည်။



ဖေဖေ သေသွားလို့မဖြစ်။ သူ့မှာ အားကိုးအားထားစရာ ဖေဖေ တစ်ယောက်ပဲရှိသည်။

သူငယ်ငယ်လေးကတည်းက မေမေဆုံးသွားသဖြင့် ဖေဖေကပင် အမေတာဝန်ရော အဖေတာဝန်ကိုပါ ယူခဲ့ရသည်။

အခုထိကို လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ခဲ့သည်။ သူတက္ကသိုလ် ပထမနှစ်ရောက်သည့်အထိ ဖေဖေက သူ့ကို အမိမဲ့သားဆိုပြီ ဂရုဏာပိုကာ ဘာလုပ်လုပ် ဘာကိုင်ကိုင် ခွင့်လွှတ်ခဲ့သည်။

တကယ်တော့ သူ့ဘဝတွင် မေမေကို မေ့လျော့ခဲ့သည်အထိ ဖေဖေက တာဝန်ကျေခဲ့သည်။

ဖေဖေမရှိပဲ လောကကြီးထဲမှာ သူဘယ်လိုနေခဲ့ရမလဲ?

ဒီမိုး ချက်ချင်း ဖခင်ဖြစ်သူကို စိုးရိမ်တကြီး လှည့်ကြည့်လိုက်သည်။ ဦးမိုးသန့်ကတော့ ကုတင်ပေါ်တွင် အိပ်ပျော်လျက်...။

ဒီမိုးက ဖေဖေနဖူးပေါ်ကို လက်ဖြင့် အသာစမ်းကြည့်လိုက်သည်။ ကိုယ်ပူရှိန်က မကျသေး။ ဒီမိုး ကပျာကယာ နံရံမှနာရီကို ကြည့်လိုက်သည်။

(၈)နာရီခွဲ

ဒေါက်တာအောင်လင်းကို ဖုန်းဆက်ခေါ်လိုက်ရင် ကောင်းမလား?

ဒီမိုး ထိုအတွေးနှင့်အတူ ကုတင်ဘေးမှ ထရပ်လိုက်သည်။ ခေါင်းထဲမှာ မိုက်ကနဲဖြစ်သွားပြီး လဲကျမလိုလို ဖြစ်သွား၏။ မျက်လုံးတွေပင် ဝေဝါးသွားသည်။

"ဟာ...ဒုက္ခပါပဲ"

ဒီမိုး စိတ်ပျက်လက်ပျက် ညည်းတွားလိုက်ပြီး အားအင်မဲ့နေသော ခြေလှမ်းတွေဖြင့် အခန်းအပြင်သို့ ထွက်ခဲ့သည်။

ရက်ဆက်အိပ်ရေးပျက်ခဲ့သည့်ဒဏ်ကြောင့် လှေကားထစ်တွေကလည်း များလိုက်တာဟု မချင့်မရဲ တွေးမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်တစ်ခုလုံးက မှောင်မည်းနေသဖြင့် မီးခလုတ်ကို ဖွင့်လိုက်ပြီး ဖုန်းခွက်ကို ကောက်ကိုင်လိုက်၏။ ထို့နောက် ဒေါက်တာ အောင်လင်း၏ ဖုန်းနံပါတ်ကို ဆက်လိုက်သည်။

သို့သော်...

တစ်ဖက်မှ ဖုန်းကိုင်သူမရှိ၍လားမသိ အချိန်တော်တော်ကြာသည် အထိကို ဆက်နေကာ တစ်ယောက်မှ လာမကိုင်ကြ...။

''ဟင်း''

ဒီမိုးက ပင့်သက်ကိုချလိုက်ပြီး စိတ်လျှော့လိုက်တော့သည်။

မနက်ကျမှပဲ ခေါ်တော့မယ်ဟု စိတ်ပိုင်းဖြတ်လိုက်ပြီး ဖုန်းဘေး နားမှ ထွက်လာခဲ့တော့သည်။

* * *

ညဉ့်နက်သည်အထိ ဒီမိုးအိပ်မပျော်နိုင်သေး။ မျက်နှာကြက်ကို မော့ကြည့်ရင်း ဖေဖေ့အကြောင်းကိုသာ စဉ်းစားနေမိသည်။

ဖေဖေ အခုအချိန်အထိ အမူးတက်နေဆဲပဲလား...။ ဒါမှမဟုတ် တစ်ခုခုများ ဖြစ်သွားပြီးလား။ သူ့စိတ်တွေ ယောက်ယက်ခတ်နေ သည်။ ကုကယ်ရာမဲ့တစ်ယောက်လို ခံစားနေရ၏။ ဖေဖေမရှိရင် သူ့ဘဝက အရမ်းကို အထီးကျန်ဆန်နေတော့မည်။

ဟင့်အင်း... ဖေဖေ ဒီရောဂါလောက်နဲ့ မသေနိုင်ပါဘူး...။

ဟု ကိုယ့်စိတ်ကိုယ်တွေးပြီး ဖြေသိမ့်ကြည့်နေမိသည်။ ထို့နောက် ဖေဖေ့အတွက် စိုးရိမ်ပူပန်မှုတွေကို ခဏလောက်မေ့ထားလိုက်ပြီး သူ အိပ်ပျော်ဖို့ ကြိုးစားလိုက်သည်။

ထိုအချိန်မှာပင်

ခေါင်းထဲသို့ မေးခွန်းတစ်ခုက ဝင်လာသည်။ သူဒီည အိပ်မက် ဆိုးတွေ ဆက်မက်နေဦးမလား။ ဒါမှမဟုတ် မရဏအမိန့်ပေးသံတွေ နှင့်အတူ သွေးပျက်ထိတ်လန့်စရာ လောကထဲကို တိုးဝင်ရဦးမှာ လား...။



သူမသိချင်တော့ပါ။ အရေးကြီးတာက သူအိပ်ပျော်ဖို့သာလို၏။ မျက်လုံးကို မှိတ်ချလိုက်သည်။

''ဝှတ်နိုက်...''

* * *

www.burmeseclassic.com



## အခန်း (၂၀)

ညသည် နာကျင်ချောက်ချားဖွယ်ကောင်းနေ၏။

လူကောင်းပကတိစိတ်ဖြင့် သူ့အိပ်မက်ထဲမှ မြင်ကွင်းတွေကို ကြည့်လိုက်သည်။ အိပ်မက်ထဲမှာမို့လို့လားမသိ မြင်ကွင်းသည် ထူးဆန်းသော အရောင်တစ်မျိုးဖြင့် တောက်ပနေသည်။ သို့သော် မည်သည့်အရာကိုမှလည်း ပြတ်ပြတ်သားသား မမြင်ရ။

ငါအိပ်မက်ထဲမှာ ငါဘယ်ကိုရောက်နေတာလဲ…ဟု ဒီမိုး တွေးလိုက်မိသည်။ ထူးဆန်းနေသည်မှာ သူမြင်နေရသည့် မြင်ကွင်းတွေက သူ့နဲ့ရင်းနှီးနေသလို ဖြစ်နေပြီး ဘယ်နေရာလဲဆိုတာ မမှတ်မိ…။

သိတာတော့ သေချာသည်။ ဒါဘယ်နေရာပါလိမ့်…။

နေရာတိုင်းကို ပြာလဲ့လဲ့အလင်းရောင်တစ်ခုက ကြီးစိုးထားသဖြင့် လျှောက်ကြည့်နေသော သူ့မျက်လုံးတွေပင် ကျိန်းစပ်လာသည်။

ထိုအလင်းရောင်ကို လက်ဖြင့် ကာလိုက်ပြီး သူ့ရှေ့တည့်တည့်ကို လှမ်းကြည့်လိုက်သည်။



အိမ်တစ်လုံး…။

ထူးခြားသော ပုံသဏ္ဌာန်ရှိသည့် ထိုအိမ်သို့ သူလျှောက်သွားလိုက်သည်။

ထိုသို့သွားနေရင်းက ကိုယ့်ခြေထောက်ကိုကိုယ် ပြန်ငုံ့ကြည့်မိသည်။

ခါတိုင်းလမ်းလျှောက်နေရတာနဲ့မတူပဲ လေတိုက်လို့ လွင့်နေသည့် ငှက်မွေးနဲ့ပင် တူနေသည်။ ငါလမ်းလျှောက်နေတာမှ ဟုတ်ရဲ့လား? ဟု ကိုယ့်ကိုကိုယ် ပြန်မေးလိုက်မိသည်။

အိမ်ပေါက်ဝတွင် လူကြီးတစ်ယောက်ရပ်နေသည်။

မျက်နှာက ခံစားချက်မဲ့နေပြီး နီရဲနေသော မျက်လုံးတွေဖြင့် ဒီမိုးကို စိုက်ကြည့်နေသည်။ မျက်ဝန်းထဲတွင် နားလည်ရခက်သည့် အရိပ်အငွေ့တွေက အပြည့်…။

သူပြုံးပြလိုက်သည်။ ထိုသူက တုံ့ပြန်ခြင်းအလျဉ်းမရှိ…။

ဒီမိုးအသံထွက် နှုတ်ဆက်ဖို့ ပါးစပ်ကို ဟလိုက်သည်။

"ဟင်"

သူအခုမှ သတိထားမိသွားသည်။ ဒီနေရာတွင် အသံဆိုလို့ ကိုယ့်အသက်ရှူသံကိုပင် မကြားရ။ ရှိရှိသမျှ အရာတွေအားလုံးသည် တိတ်ဆိတ်နေသည်။

ဒီမိုး ကြိုးစားပြီး အော်ကြည့်လိုက်သည်။ အသံတွေက ထွက်မလာ…

ဒါ…ဒါ… အသံမဲ့နေရာလား…

ဒီမိုးအထိတ်တလန့်နဲ့ ဘေးဘီဝဲယာကို ကြည့်လိုက်သည်။ အားလုံးက တိတ်ဆိတ်ငြိမ်သက်လျက်…။ တိတ်ဆိတ်လွန်းသည့်အတွက် အတွေးထဲမှ စကားသံကိုပင် အကျယ်ကြီး ပြန်ကြားနေရ၏။

ထိုအချိန်မှာပင်

ဒီမိုးရှေ့သို့ လှည်းတစ်စီး ရောက်လာ၏။ လှည်းပေါ်တွင် ခေါင်းတလားတစ်လုံးကို တင်ထားပြီး တစ်စီးလုံး အနက်ရောင်တွေကြီး

www.burmeseclassic.com

www.burmeseclassic.com



ပင်···။

လှည်းကိုဆွဲသော နွားပင် အနက်ရောင်ဖြစ်ပြီး တစ်ကောင်ထဲသာ ရှိ၏။ ထိုလှည်းကို ကြက်သေသေကြည့်နေမိစဉ်မှာပင် သူ့နားထဲသို့ အမိန့်ပေးနေသံတွေက ပဲ့တင်ထပ်လာပြန်သည်။

တိတ်ဆိတ်နေသည့် ကမ္ဘာတွင် ထိုအသံတွေက မြည်ဟိန်းလျက်···။

ဒီမိုးအသံလာရာဘက်သို့ မှန်းပြီး ဦးညွှတ်အရိုအသေပေးလိုက်ကာ လှည်းပေါ်သို့ ခုန်တက်လိုက်သည်။

သူလှည်းပေါ်သို့ ရောက်သည့်အချိန်မှာပင် လှည်းကဆောင့်ထွက်သွား၏။ သူ အနက်ရောင်နွားကြီးကို ကြည့်လိုက်သည်။

ဒါ··· ဘယ်နည်းနဲ့မှ တိရစ္ဆာန်တစ်ကောင်မဖြစ်နိုင်····။

မကောင်းဆိုးဝါးတစ်ကောင်ကောင် နွားယောင်ဖန်ဆင်းထားတာပဲ ဖြစ်ရမည်။

ပြေးလွှားလူပ်ရှားနေပုံက ဝိဉာဉ်ဆန်လွန်းနေသည်။

ဒီမိုး နောက်ကျောမှအခေါင်းကိုမှီပြီး ထိုင်ချလိုက်သည်။ ချက်ချင်းဆိုသလို သူ့ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာ၏။

ဒီလှည်းက ဘယ်ကိုသွားနေတာလဲ?

ဒီမိုးက အပြင်းအထန် စဉ်းစားကြည့်လိုက်သည်။ စဉ်းစားလို့မရ ဦးခေါင်းတစ်ခုလုံးက ဟာလာဟင်းလင်း ဖြစ်နေသည်။

သို့ရာတွင်···။

သူ့ရဲ့ မသိစိတ်ထဲကတော့ တစ်စုံတစ်ရာကို သိထားသလိုမျိုး ခံစားရသည်။

အဲဒါက··· ဘာလဲ··· ဘာလဲ

စဉ်းစားကြည့်စမ်း

ဟော··· သိပြီ···။

လှည်းကရပ်တာနဲ့ သူဒီအခေါင်းကို ချပေးရမည်။ ဒီအခေါင်းက သေမယ့်လူအတွက် မရဏာမင်းက ကြိုတင်လုပ်ထားသော အခေါင်း···။



ဒီမိုး အနောက်မှအခေါင်းကို လှည့်ကြည့်လိုက်သည်။ မည်းနက်တောက်ပြောင်ပြီး မိစ္ဆာအငွေ့အသက်တွေ လွှမ်းခြုံထားသလိုမျိုး ခြောက်ခြားစရာ ကောင်းနေသည်။

ဒါဘယ်သူ့အတွက်လဲ···?

သေမိန့်ကျထားတဲ့ လူအတွက် ဖြစ်မှာပေါ့ဟု ကိုယ်ဘာသာကိုယ် အဖြေပြန်ပေးလိုက်ပြီး အရှေ့သို့ ပြန်လှည့်လာလိုက်သည်။

ထိုအချိန်မှာပင် လှည်းကရပ်နေပြီ···။

ဒီမိုး လေတချက်ချွန်လိုက်ပြီး အေးအေးလူလူပင် အခေါင်းကို အောက်သို့ချလိုက်သည်။ ထို့နောက် သူရောက်နေသောနေရာကို ကြည့်လိုက်သည်။

"ဟာ"

ယောင်ယမ်းအော်လိုက်သောအသံနှင့်အတူ မျက်လုံးတွေ ပြူးကျယ်ပိုင်းစက်သွားပြီး သေမလောက်ပင် ခြောက်ခြားတုန်လှုပ်သွားလေ၏။

သူ့မျက်စိရှေ့တွင် မြင်နေရသော အိမ်ကား သူတို့အိမ်ဖြစ်လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

ဒီမိုး ချွေးတွေ ရွဲနစ်ပြီး အိပ်ရာမှနိုးလာသည်။ မိုးကား စင်စင်လင်းနေပေပြီ။ ချွေးတွေကြောင့် သူ့ခန္ဓာကိုယ်အရေပြားက အေးစက်နေဆဲပင်…။

ဒီမိုး အိပ်ရာပေါ်မှ ဆတ်ခနဲ ထထိုင်မိလိုက်သည်။

ဒါ… ဒါ အိပ်မက်မက်နေတာလားဟု ဒီမိုး တွေးလိုက်သည်။ ဟင့်အင်း… ဘယ်လိုမှ အိပ်မက်မဟုတ်တာ သေချာပါသည်။

ကြောက်လန့်လွန်းသဖြင့် ဒီမိုးတစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေ၏။ အိပ်မက်ထဲက အဖြစ်အပျက်တွေကို သူအသေအချာမှတ်မိနေသည်။

မဖြစ်ဘူး… မဖြစ်ဘူး… ဖေဖေ့ကို သွားကြည့်မှဖြစ်မယ်ဟု စိုးရိမ်တကြီး ရေရွတ်လိုက်ပြီး ခန္ဓာကိုယ်ပေါ်မှ စောင်ဆွဲခွာလိုက်သည်။

ထို့နောက် ကုတင်ပေါ်မှနေ၍ ခြေအစုံကို ကြမ်းပြင်ပေါ်သို့ချပြီး



ဖြည်းဖြည်းချင်း ထရပ်လိုက်သည်။ ဦးခေါင်းတစ်ခုလုံးက ရီဝေနောက်ကျိနေလေပြီ…။

တစ်ကိုယ်လုံး နုန်းချိကာ ခြေတွေလက်တွေပင် အနိုင်နိုင်သယ်လျက် ဖေဖေ့အခန်းဆီသို့ လျှောက်လာလိုက်သည်။

ဒါ… အိမ်မက်ဆိုးတစ်ခုဖြစ်ပါစေ…။ ဟုတ်တယ် သေချာပါတယ် ဒါဟာ အိပ်မက်ဆိုးတစ်ခုပါ…။

ဒီမိုးတစ်ယောက်တည်း တတွတ်တွတ် ရေရွတ်နေမိသည်။ ဖွင့်ထားသော ပြတင်းပေါက်မှ လေပြေလေအေးတစ်ချက်က အပေါ်ထပ်တစ်ခုလုံးကို ဖွဖွတိုက်ခတ်သွားသည်။

ဒီမိုး ထိုလေပြေလေညင်းတွေကိုပင် မရှုရှိုက်အားတော့။ ခြေအစုံကသာ တုန်ယင်နေသော ခန္ဓာကိုယ်ကို တရွတ်ဆွဲလျှောက်နေသည်။

တကယ်ရော ဖေဖေက သူ့အခန်းထဲမှာ အိပ်ပျော်နေတာမှ ဟုတ်ပါ့မလား…။

ထိုအတွေးက ဒီမိုးကို တွန့်ဆုတ်ထိတ်လန့်သွားစေသည်။

တကယ်လို့များ ဖေဖေက အသက်မရှိတော့ရင် ဘယ်လိုလုပ်မလဲ?

ဒါဆိုရင် ငါဘာလုပ်ရမလဲ… ဘာလုပ်ရမလဲ…။

ဒီမိုးက ဖခင်ဖြစ်သူ၏ အခန်းရှေ့တွင် ခြေစုံရပ်ရင်း သွေးပျက်ချောက်ချားနေသည်။

နှုတ်မှလည်း တီးတိုးဆုတောင်းလိုက်သည်။

''ဖေဖေ အသက်ရှင်လျက်ရှိနေပါစေ''

တံခါးလက်ကိုင်ဘုကို လှည့်ပြီး အခန်းတံခါးကို တွန်းဖွင့်လိုက်၏။

တစ်ခန်းလုံး တိတ်ဆိတ်နေ၏။ ဖေဖေက အိပ်ရာပေါ်တွင် မလှုပ်မယှက် အိပ်နေလေ၏။

လုံးဝလှုပ်ရှားမှုမရှိ…။

''ဟင်… ဖေဖေ''

www.burmeseclassic.com

www.burmeseclassic.com



ဒီမိုး အလန့်တကြားအော်လိုက်ပြီး ဖေဖေ့ဆီသို့ တရကြမ်းပြေးလိုက်သည်။ ရင်ထဲတွင်တော့ ဘယ်လိုခံစားလိုက်ရမှန်းမသိပါ။

ဝမ်းနည်းကြေကွဲခြင်းလား…။ နာကျင်ကြောက်ရွံ့ခြင်းလား…။

ထိုစဉ်မှာပင်

ဦးမိုးသန့်က လှုပ်ရှားလာပြီး အလန့်တကြား ပြေးဝင်လာသော ဒီမိုးကို အံ့ဩတကြီး ကြည့်လိုက်သည်။

''သား… ဘာဖြစ်လို့လဲ''

ထိုအသံကြောင့် ဒီမိုးမျက်နှာ ဝင်းလက်စိုပြည်သွားပြီး ငိုသံပါဖြင့်…

''ဖေဖေ… မသေဘူးနော်… ဖေဖေ''

''ဖေဖေက ဘာလို့သေရမှာလဲသား''

ဒီမိုးက ဖခင်ဖြစ်သူ၏ ရင်ဘတ်ပေါ်သို့ မျက်နှာအပ်ချလိုက်ပြီး ရှိုက်ကာ ငိုမိလိုက်တော့သည်။

* * *

ဒေါက်တာအောင်လင်း၏ ဆေးအိတ်ကိုကူဆွဲလျက် အိမ်ရှေ့အထိ လိုက်ပို့ပေးလိုက်သည်။ အိမ်ရှေ့ဆင်ဝင်အောက်ရောက်တော့ ဒေါက်တာ အောင်လင်းက ဒီ မိုးလက်ထဲမှ ဆေးအိတ်ကို လှမ်းယူရင်း…

''သိပ်တော့ မစိုးရိမ်ရပါဘူးသားရယ်…။ သားဖေဖေက ငှက်ဖျားရောဂါအခံရှိတော့ ငှက်ဖျားပြန်ထလာတာပါ။ ဒါပေမယ့်လည်း သားက ဂရုစိုက်ပေးပေါ့ ငှက်ဖျားပိုးဆိုတာ ခေါင်းထဲရောက်ရင် အသက်ဆုံးရှုံးတတ်တယ်''

ပြောပြောဆိုဆို ဒေါက်တာအောင်လင်းက အိမ်ထဲမှာ ထွက်သွားလေ၏။

ဒီမိုးကသာ ဒေါက်တာအောင်လင်းပြောခဲ့သော စကားတွေကို ပြန်စဉ်းစားရင်း အတွေးပေါင်းစုံဖြင့် ကျန်ခဲ့လေ၏။



ဒါဆိုငှက်ဖျားပိုး ခေါင်းထဲမရောက်အောင် ဘယ်လိုလုပ်မလဲ?

ဒီမိုး ကပျာကယာဒေါက်တာအောင်လင်းကို ကြည့်လိုက်သည်။ ဒေါက်တာအောင်လင်းက မရှိတော့။ ငါဘာလို့ ရှိတုန်းကတော့ ပြည့်ပြည့်စုံစုံ မမေးလိုက်ရတာလဲ ဟု ကိုယ့်ကိုကိုယ် ဒေါသဖြစ်မိလိုက်သည်။ ဒီမိုး အိမ်ထဲသို့ ပြန်ဝင်လာပြီး ဧည့်ခန်းထဲရှိ ဆိုဖာပေါ်တွင် ထိုင်ချလိုက်သည်။ ရုတ်ချည်းလိုလို ညတုန်းက အိပ်မက်က သူ့အာရုံထဲတွင် ပေါ်လာပြန်သည်။

အနက်ရောင် ခေါင်းတလားလှည်း…။

ထိုလှည်းကို သူမောင်းလျက် အခေါင်းကို သေမိန့်ကျသည့်လူ၏ အိမ်ရှေ့တွင် လာချသည်။ ထိုအိမ်က သူတို့အိမ်ပြင်…ပြင်

ဒီမိုးဆတ်ခနဲ ဆိုဖာထိုင်ခုံပေါ်မှာ ထရပ်လိုက်မိသည်။

''ဟင့်အင်း… ဒါအိပ်မက်… တကယ်မဟုတ်ဘူး…''

ဟု သွေးရူးသွေးတန်း ရေရွတ်လိုက်ပြီး အိမ်ရှေ့ကို အထိတ်တလန့်နဲ့ ကြည့်လိုက်မိသည်။ သေချာပါတယ်… ငါညတုန်းက အခေါင်းလာချတာ ငါတို့အိမ်ရှေ့ကိုပါ…။

ထိုအတွေးကြောင့်ပင် ဒီမိုးနှလုံးသားတစ်ခုလုံး တဆစ်ဆစ်နာကျင်သွားပြီး စိုးရိမ်စိတ်က ရင်နှင့်အပြည့်ဖြစ်လာသည်။ နှုတ်ခမ်းတွေပင် ဆတ်ဆတ်တုန်လာ၏။

ဒါအိပ်မက်ဆိုရင်လည်း မကောင်းတဲ့ အိပ်မက်… မကောင်းဆိုးဝါးတစ်ကောင်က နိမိတ်ပေးတဲ့ အိပ်မက်ပဲ…။

ဒီအိပ်မက်တွေ မမှန်နိုင်အောင် ငါဘာလုပ်ရမလဲ။ ဘာဖြစ်လို့ ညတိုင်းညတိုင်း သင်္ချိုင်းစောင့်ဩဘာက ကုတင်ခြေရင်းက မိုးမိုးပြီး ကြည့်နေရတာလဲ…။

ဒီမိုးမတတ်နိုင်တော့။ ပင့်သက်သာ ကြိတ်မှိတ်မျိုချလိုက်သည်။

သူ့အတွက်တော့ ကံကြမ္မာဆိုးကြီးသာ ရှိတော့သည် ထင်သည်။

ဒါတွေအားလုံးက တိုက်ဆိုင်မှု မဟုတ်တာကို သူ့နှလုံးသားထဲမှ အသေအချာ ယုံကြည်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးဆုတ်ဖြူရော်နေသော ဖေဖေ၏ လက်ဖဝါးကို ဒီမိုးက ပွတ်ချေပေးလိုက်သည်။ ဖေဖေကသူ့ကို အားအင်ချိနဲ့နေသည့် အကြည့် တွေနှင့် ကြည့်နေသည်။

အသံတောင်မထွက်နိုင်ရှာတော့…။

ဒီမိုး ဖေဖေ့ကိုကြည့်ရင်း အော်ဟာစ်ငိုယိုပစ်လိုက်ချင်တော့သည်။ တစ်ရက်နှစ်ရက်အတွင်းမှာပင် သိသိသာသာ ချောင်ကျသွားသော ဖေဖေ၏ သည်လိုမျက်နှာမျိုးကို သူမမြင်ဖူး…။

သူအမြဲတမ်းကြောက်ရွံ့ခဲ့ရသည့် မျက်လုံးတွေပင် မှိန်ပျော့ကျ နေသည်။ နွေးထွေးသော အပြုံးတွေကိုပင် မမြင်ရတော့။

ဖေဖေအသက်မှ ရှင်နိုင်ပါတော့မလားဆိုသော အတွေးကလည်း သူ့ရဲ့ ညာဘက်အိပ်မက်တွေကဲ့သို့ပင် ချောက်ချားတုန်လှုပ်စရာ ကောင်း နေသည်။

မဖြစ်ဘူး… မဖြစ်ဘူး… ဖေဖေအနားမှာ ငါအမြဲတမ်း စောင့်နေ မှ''

ဒီမိုးက စိတ်ကိုတင်းပြီး ရေရွတ်လိုက်ကာ ဦးမိုးသန့်၏ ကုတင် ဘေးတွင် နေလိုက်တော့၏။

* * *

လောကကြီးအလယ်တွင် မိဘမရှိဘဲ နေထိုင်ရမည့် လူတစ် ယောက်ရဲ့ အဖြစ်ကို သူလက်မခံနိုင်ချေ…။

* * *



## အခန်း (၂၂)

''ဒီမိုးရေ… ဒီမိုး''

ဒီမိုးက မီးဖိုချောင်ထဲတွင် ဖခင်ဖြစ်သူအတွက် ဆန်ပြုတ်ပြုတ် ရန် ပြင်ဆင်နေသည်။ ထိုအချိန်မှာပင် သူ့နာမည်ကို ခေါ်သံလိုလို ကြားရသည်ဟု စိတ်ထဲမှာ ထင်မိသည်။

ငါ့ကို တစ်ယောက်ယောက်များ ခေါ်နေတာလား?

ဒီမိုး အသာနားစွင့်နေလိုက်သည်။

''ဒီမိုး… ဒီမိုး''

ခေါ်သံက ပိုပြီးထင်ရှား ပီပြင်လာသည်။ ဒါခြံရှေ့က တစ်ယောက်ခေါ်နေတဲ့ အသံပဲ။ ဝင်းဇော်တို့များလား မသိဘူးဟု တွေးကာ ဒီမိုးအိမ်ရှေ့သို့ ပြေးထွက်လာသည်။

စိတ်ထဲမှာလည်း ဝင်းဇော်ဆိုတဲ့ကောင်ကလည်း ဖူးခေါ်ဘဲလိ တောင် မတွေ့ဘူးလား မသိဘူးဟု ပြစ်တင်ကျိန်းမောင်းရင်း အိမ် ရှေ့တံခါးကို ဆွဲဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့တွင်တော့ သူ မမျှော်လင့်ထားသည့် လူတစ်ယောက်…။

ခရီးဆောင်အိတ်တစ်လုံးကို ဆွဲလျက် ခြံရှေ့တွင် ရပ်နေသည်။ ဒီမိုး မျက်လုံးပြူးကျယ်သွားပြီး အံ့သြတကြီးနှင့်…

"ဟာ… ထူးအောင် ဘယ်လိုလုပ်ရောက်လာတာလည်း"

ဒီမိုးက ပျာပျာသလဲ ခြံတံခါးကို ပြေးဖွင့်ပေးလိုက်သည်။ တကယ်တော့ ထူးအောင်ကိုတွေ့လိုက်လိုက်ချင်းမှာ အံ့သြသွားတာထက် အနည်းငယ်စိတ်ပျက်မိသွားသည်။ အခုလိုအချိန်မျိုးမှာ သူတို့အိမ်ကို ဧည့်သည့်တစ်ယောက်မှ ရောက်မလာသင့်…။

ဖေဖေရော သူပါ ဖျားနေပြီး ဧည့်သည်ကို ဧည့်ခံဖို့ နေနေသာသာ ကိုယ့်ကိုကိုယ်တောင် မနည်းဂရုစိုက်နေသည် မဟုတ်ပါလား…။

အထူးသဖြင့် ထူးအောင်ဆို၍ ပိုစိတ်ပျက်သွားမိသည်။

ထူးအောင်က ဒီမိုးကို ပြုံးပြလိုက်ပြီး…

"နေကောင်းလား ဒီမိုး။ မင်းသိသိသာသာကို ပိန်သွားတယ်"

တော်သေးတာပေါ့။ ဒီကောင်က ငါ့ကို နေမကောင်းမှန်းသိလို့ဟု တွေးလိုက်ပြီး ထူးအောင်ကို ပြောလိုက်၏။

"အေး… ရွာကပြန်လာကတည်းက နေမကောင်းဖြစ်နေတာကွ။ လာလေ… အထဲဝင်"

ဒီမိုးက ထူးအောင်လက်ထဲမှ ခရီးဆောင်အိတ်ကို ကူဆွဲလိုက်ပြီး အိမ်ထဲဝင်ဖို့ ဖိတ်ခေါ်လိုက်သည်။

ထူးအောင်မျက်နှာက ဒီမိုးပြန်ဖြေလိုက်သော စကားကြောင့် ကွက်ကနဲပျက်သွားပြီး ဝမ်းနည်းကြေကွဲနေသည့် လေသံဖြင့်…

"ဟုတ်လား…ဒီမိုး။ ဘယ်လိုဖြစ်တာလဲကွာ…။ ငါထင်တော့ ထင်သား"

ထူးအောင်က သူကိုကြည့်ပြီး ဂရုဏာသက်ဟန်ဖြင့် ပြောနေသည့်ပုံကိုကြည့်ပြီး ဒီမိုး မြင်ပြင်းကပ်သွားမိသည်။

ဘာကိုထင်တာလဲ… ကိုယ့်ဘာသာကိုယ် နေမကောင်းဖြစ်တာများ… ဒီကောင်က ထင်နေတယ်ဆိုတော့ သူကိုယ်သူ ရှေ့ဖြစ်ဟော



ဆရာများထင်နေလားမသိဘူးဟု တွေးလိုက်မိသည်။ နှုတ်ကတော့…

"ဘယ်လိုလုပ်ရောက်လာတာလည်း… ထူးအောင်ရ… ဆိုစမ်းပါဦး"

ထူးအောင်က…

"ခရီးဆောင်အိတ်ကြောင့်ပေါ့ကွာ…"

ဟုဆိုကာ သူ့ရှေ့မှာ ချထားသော ခရီးဆောင်အိတ်ကို လက်ညှိုးထိုးပြလိုက်လေသည်။ ဒီမိုးက ခေါင်းကိုစိတ်ရှုပ်ထွေးသွားဟန်ဖြင့် ကုတ်ဖွလိုက်ပြီး…

"ရပါတယ်ကွာ… ငါလည်းအိမ်ရောက်မှ အဝတ်အစားတွေ ထုတ်ကြည့်လိုက်တော့ မင်းအိတ်နဲ့ မှားသွားမှန်း သိလိုက်ရတာ။ မင်းအင်္ကျီတွေတစ်ထည်မှ မပျောက်ဘူး စိတ်ချ"

ဟု ရိသဲ့သဲ့ပြောလိုက်သည်။ စိတ်ထဲမှာလည်း ဒီကောင်ကလည်း သူအင်္ကျီအစုတ်ပလုတ်တွေကို ရန်ကုန်ထိအောင် လာလဲရတယ်လို့ဟု တွေးလိုက်မိသည်။

ထူးအောင်က ဒီမိုးပြောတာကို သဘောကျသွားသလို ရယ်လိုက်ပြီး

"ငါ့အင်္ကျီတွေက အဖိုးမတန်ပါဘူးကွာ။ ပျောက်သွားလဲ ဘာမှမဖြစ်ပါဘူး…။ ငါလာတာ အဲ့ဒီကိစ္စ မဟုတ်ဘူးကွ။ မင်းအန္တရာယ်တစ်ခုခုနဲ့ ကြုံတွေ့နေရပြီဆိုတာ ထင်မိလိုက်လို့ လာခဲ့တာ"

ထူးအောင်၏စကားကို နားမလည်ဟန်ဖြင့် ဒီမိုးက…

"ဘာ… ဘယ်လို… ထူးအောင်။ ငါအန္တရာယ်တစ်ခုခုနဲ့ တွေ့နေရတယ် ဟုတ်လား"

ဒီမိုး၏အသံက စိတ်လှုပ်ရှားသွားသည့်အတွက် ကျယ်လောင်သွားသည်။

ထူးအောင်က ဒီမိုးကိုကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေကာ…

"ဟုတ်တယ်…ဒီမိုး။ ငါ ခန့်မှန်းမိရသလောက်တော့ မင်းမှာ

www.burmeseclassic.com



အန္တရာယ်တစ်ခုခုနဲ့ တွေ့ကြုံနေပြီ။ ဥပမာကွာ မင်း သရဲတစ္ဆေတွေနဲ့ ပတ်သက်ပြီး တွေ့ကြုံနေရတာမျိုးရှိလား…"

"ဘာ!"

ထူးအောင်စကားကြောင့် ဒီမိုးအလန့်တကြား ထအော်လိုက်ပြီး ပါးစပ်အဟောင်းသား ပွင့်သွားတော့လေ၏။

* * *

"အေး….အဖြစ်အပျက်ကတော့ အခုငါပြောပြခဲ့သလိုပါပဲကွာ။ အဲဒီတော့ ငါတို့ ဘာဆက်လုပ်ကြမလဲ"

ဒီမိုးက ထူးအောင်ပြောပြနေသည်ကို အသက်မရှူတမ်း နားထောင်နေမိသည်။ စိတ်လှုပ်ရှားစရာကောင်းလွန်းသောကြောင့် ပါးစပ်ပင် အဟောင်းသား ပွင့်ကျနေတော့၏။

တခဏ အတောအတွင်းမှာပင် သူ့အိပ်မက်တွေရဲ့ အဖြေကို သိခဲ့ရလေပြီ။ တနင့်တပိုး ခံစားရသော ချောက်ချားတုန်လှုပ်မှုတွေနှင့်အတူ သူ့ကိုဒုက္ခပေးခဲ့သော အရာလေးကို စားပွဲပေါ်မှ လှမ်းယူလိုက်သည်။

တံရူးဝါးနှင့် လုပ်ထားသော အရုပ်လေးတစ်ရုပ်…။

တနည်းအားဖြင့်ပြောရရင်။ လူသေအလောင်းများစွာကို ထိုးစိုက်မီးသင်္ဂြိုဟ်ထားသော တံရူးဝါး…။

ထိုဝါးကို အရုပ်လုပ်ပြီး လောကဓာတ်ပညာတွေ တတ်ကျွမ်းထားသည့် သင်္ချိုင်းစောင့် ဩဘာက အသက်သွင်းထားသည့်အရုပ်..။

ထိုအရုပ်ကိုကိုင်ထားသော သူ့လက်များပင် တဆတ်ဆတ် တုန်ယင်လာသည်။ သူ့အိပ်မက်များစွာကို အသက်ပါသွားမတတ် ခြောက်လှန့်ခဲ့တဲ့ ဒီအရုပ်..။ သူ ဒါကို ဘာလုပ်လိုက်ရမလဲ?

မီးရှို့ဖျက်စီးပစ်လိုက်ရမှာလား… ဒါမှမဟုတ် ဒီအတိုင်းပဲထားလိုက်ရမှာလား…။

ဟင့်အင်း… ဆက်ထားလို့တော့ မဖြစ်တော့ဘူး…။



မေမေရဲ့ အသက်ရှင်ရေးအတွက် သူတစ်ခုခုလုပ်ရတော့မယ်…။

ဒီမိုး ဘာစကားမှမပြောနိုင်တော့ဘဲ ဆွံ့အနေသော မျက်လုံးဖြင့်သာ ထူးအောင်ကို ကြည့်မိလိုက်တော့သည်။

ထူးအောင်က ဒီမိုးကို စိတ်မကောင်းစွာနှင့် ကြည့်လိုက်ပြီး…

"ဒါတွေအားလုံး ငါ့ကြောင့်ဖြစ်ခဲ့ရတာပါ…။ ငါအကြောက်လွန်ပြီး လုပ်ခဲ့တဲ့ အကျိုးဆက်တွေပေါ့…။ ဒါပေမယ့် အခုလောလောဆယ်တော့ ဒါတွေကို မေ့ထားပြီး ဒီရုပ်ကို လာရာအရပ်ကို ပြန်ပို့ရတော့မှာပဲ"

"ဘယ်လို ပြန်ပို့မှာလဲ ထူးအောင်"

ထူးအောင်က ပြတင်းပေါက်အပြင်ဘက်သို့ ရီဝေစွာ စိုက်ကြည့်လိုက်ပြီး…

"မင်းရော ငါရော လက်ထဲမှာထားရင် ဒီအရုပ်က အန္တရာယ်ကျိန်းသေ ပေးလာတော့မှာ။ အဲဒီတော့ ဒီအရုပ်ကို ပိုင်ရှင်ဆီ ပြန်ပို့လိုက်တာပဲ ကောင်းမယ်ထင်တယ်"

ဒီမိုးမျက်နှာက ချက်ချင်း ဝင်းကနဲလက်သွားပြီး စိတ်လှုပ်ရှားနေသော လေသံဖြင့် ပြောလိုက်လေတော့သည်။

"ဟုတ်တယ်…။ ငါတို့ ဒီတံရူးဝါးအရုပ်ကို သင်္ချိုင်းစောင့် ဩဘာဆီ ပြန်ပို့ရမယ်"

* * *

www.burmeseclassic.com



## အခန်း (၂၃)

ကတ္တရာလမ်းပေါ်သို့ ခြေချချလိုက်ချင်းမှာပင် လေပူတွေက သူတို့ အနားသို့ ဖြတ်တိုက်သွားသည်။ ထိုလေနှင့်အတူ ထူးဆန်းနေသော အငွေ့အသက်တို့ကို ခံစားရလိုက်၏။

ချောက်လှန့်နေတာလား... သူ စိမ်ဆန်နေတာလား မခွဲခြားတတ်တော့...။

ဒီမိုးနှင့် ထူးအောင်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ခေါင်းညိတ်လိုက်ကြကာ ခြေလှမ်းတွေကို စတင်လိုက်ကြ၏။

နှစ်ဦးစလုံး၏ ခြေလှမ်းတွေက ရဲရင့်တက်ကြွမှုနှင့်အတူ ထိတ်လန့်ကြောက်ရွံ့မှုကလည်း အတူ ပူးကပ်နေကြသည်။

* * *

"ဟင်... ဟုတ်လား"

"ဘယ်တုန်းက... သေသွားတာလဲ"



ဒီမိုးနှင့် ထူးအောင်ဆီမှ အာမေဋိတ်အသံတွေက ကျယ်လောင်သွားသည်။ ဦးလေးဦးဖိုးမှတ်က အေးဆေးတည်ငြိမ်စွာနှင့်...

"ဟုတ်တယ်ကွ...သချိုင်းစောင့် ဩဘာ သေသွားပြီ။ မနေ့ကပဲ သူ့ကိုမြေမြှုပ်လိုက်ကြတာ။ ဒီတစ်ခါတော့ သူ့အလှည့် ဖြစ်သွားတာပေါ့"

"ဘယ်လိုလုပ်ပြီး... သေသွားတာလဲ... ဦးလေး"

ထူးအောင်က ဝင်မေးလိုက်၏။

"အင်း... သေသွားတာတော့ အဆန်းသားကွ။ နွားကျောင်းသားတွေတွေ့လို့ ပြောပြတာတော့ အုတ်ဂူပေါ်မှာ ပက်လက်လှန်အိပ်ရင်း သေသွားတာတဲ့။ နွားကျောင်းသားတွေက ပထမတော့ အိပ်နေတယ်လို့ထင်လို့ သွားမနှိုးရဲကြဘူးကွ။ နောက်မှ ညနေထိ ဒီအတိုင်းပဲ ဆိုတော့ မသင်္ကာတာနဲ့ သွားကြည့်လိုက်တော့ တစ်ကိုယ်လုံးအေးစက်ပြီး သေနေတာပဲ။ နောက်ထပ်ထူးဆန်းနေတာတစ်ခု သူသေမှာကို ကြိုသိနေလားမသိဘူး...။ သချိုင်းကုန်းထဲမှာ ကျင်းတစ်ကျင်း တူးထားတာကို တွေ့ရတယ်။ တို့ရွာက လူတွေသူ့ကို အဲဒီကျင်းထဲမှာပဲ မြှုပ်လိုက်ကြတာ..."

ဒီမိုးက ဦးလေးဦးဖိုးမှတ်၏ စကားတွေကို တိတ်တဆိတ်ငြိမ်သက်စွာပင် နားထောင်နေလိုက်တော့သည်။

ဒီမိုးခေါင်းထဲတွင်တော့ မေးခွန်းတစ်ခွန်းက ဖျတ်ခနဲ ပေါ်လာသည်။ တကယ်လို့များ ဩဘာတူးထားတဲ့ကျင်းက သူ့အတွက်သာ မဟုတ်ခဲ့ရင် အခြားလူတစ်ယောက်ယောက်အတွက်များဆိုရင် ဘယ်သူ့အတွက်ဖြစ်မလဲ...

ဆိုသော မေးခွန်းပင်ဖြစ်လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဒီမိုးက တံစူးဝါးအရုပ်ကို သြဘာ၏ မြေပုံပေါ်တွင် တင်ခဲ့ပြီး သည့်နောက်တွင် မျက်လုံးကိုမှိတ် နားကိုပိတ်၍ ထွက်လာခဲ့တော့ လေ၏။

ဘယ်လို ဘယ်လို ကြောက်၍ ထိတ်လန့်စရာကိစ္စကိုမှ မမြင်ရဲ မကြားရဲတော့ပါ။ ထိုညနေခင်းသည် ထူးဆန်းစွာပင် နေဝင်တာ နောက်ကျခဲ့၏။

* * *



## (နိဂုံး)

ဒီမိုး၏ သွေးပျက်ထိတ်လန့်ဖွယ်ရာ အဖြစ်အပျက်တွေက

အိပ်မက်လား...

တကယ်လား...

တံစူးဝါးကြောင့်လား...

သင်္ချိုင်းစောင့်သြဘာ၏ လောကဓာတ်ပညာစွမ်းကြောင့်လား...

ဒီမိုးစိတ်ကယောင်ချောက်ချားပြီး ဖြစ်ခဲ့တာလား... ဆိုတာ ခေါင်းလောင်းအိုင်တစ်ရွာလုံး မည်သူမျှ သေသေချာချာ မပြော နိုင်ခဲ့ပါ...

သေချာတာကတော့....

ထိုကြောက်လန့်ဖွယ်ဖြစ်ရပ်တွေက အမှန်တကယ်ဖြစ်ပွားခဲ့သည် ဆိုတာပင်....

သတိုးဝေဇ